# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြည်ထောင်စုရှေ့နေချုပ်ရုံး
# (ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ)
## အမိန့်ကြော်ငြာစာအမှတ် ၈/ ၂၀၁၆
## ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ပြည်ထောင်စု ရှေ့နေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက် ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အပိုင်း ၁
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ဆိုသည်။

(ခ) **အစိုးရရှေ့နေ** ဆိုသည်မှာ ပြည်ထောင်စုရှေ့နေချုပ်က ခန့်အပ်တာဝန်ပေးသည့် ဥပဒေအရာရှိကို လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်က သီးခြားတာဝန်ပေးသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။

(ဂ) **တာဝန်ခံဥပဒေအရာရှိ** ဆိုသည်မှာ ဥပဒေရုံးအဆင့်ဆင့်တွင် ရုံးအကြီးအမှူးအဖြစ် တာဝန်ပေးအပ် ခြင်းခံရသည့် ဥပဒေအရာရှိကိုဆိုသည်။

(ဃ) **အမှုလိုက်ဥပဒေအရာရှိ** ဆိုသည်မှာ တရားရုံးအဆင့်ဆင့်တွင်သော်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်သော်လည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့တွင်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသော ခုံအဖွဲ့တစ်ခုခုတွင်သော်လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် ဥပဒေရုံးအဆင့်ဆင့်၏ ကိုယ်စား လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိကိုဆိုသည်။

(င) **ဒေသဆိုင်ရာအစိုးရအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စု နယ်မြေ အုပ်ချုပ်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီး အဖွဲ့တို့ကိုဆိုသည်။

(စ) **ဥပဒေရုံးအဆင့်ဆင့်** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံး၊ ခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံး တို့ ကိုဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသော အခြားဥပဒေရုံးများ လည်းပါဝင်သည်။



Myanmar Law Information System (MLIS)

(ဆ) **ခရိုင်ဥပဒေရုံး** ဆိုရာတွင် ခရိုင်ဥပဒေရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ ဒေသ ဥပဒေရုံးတို့ပါဝင်သည်။

(ဇ) **ခရိုင်တာဝန်ခံဥပဒေအရာရှိ** ဆိုရာတွင် ခရိုင်ဥပဒေရုံးတာဝန်ခံဥပဒေအရာရှိနှင့် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥပဒေရုံး တာဝန်ခံဥပဒေအရာရှိတို့ပါဝင်သည်။

(ဈ) **တရားစွဲအဖွဲ့အစည်း** ဆိုသည်မှာ ပြစ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်း ခြင်းနှင့် ဖမ်းဆီးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ် ဆေးရေးဦးစီးဌာနတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုနှင့်စပ်လျဉ်း ၍ စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများလည်း ပါဝင်သည်။

(ည) **အစိုးရသက်သေ** ဆိုသည်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ အရ ပြစ်မှုတွင်တိုက်ရိုက်ဖြစ် စေ၊ သွယ်ဝိုက်၍ဖြစ်စေ စပ်ဆိုင်ပါဝင်သိရှိသူဖြစ်ပြီး ယင်းနှင့်အတူ ပြစ်မှုတွင် အတူပါဝင်ကျူးလွန်သူတို့ အပေါ် ပြစ်မှုကျူးလွန်ခဲ့ကြောင်း သက်သေအဖြစ် ဝန်ခံ၊ အစစ်ခံ မည့်သူဖြစ်၍ ထိုသူကို အစိုးရက ယင်း သိရှိသမျှ မထိမ်မချန် အမှန်အစစ်ခံပါမည်ဟု ကတိပြုချက်အရ ပြစ်မှုမှ စည်းကမ်းချက်ဖြင့် လွတ်ငြိမ်းခွင့် ပြုထားသူကို ဆိုသည်။

(ဋ) **အမှုရုပ်သိမ်းခြင်း** ဆိုသည်မှာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှု တွင် စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ အမှုတစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရုပ် သိမ်းခြင်းကို ဆိုသည်။

(ဌ) **ရိုးရိုးမိတ္တူ** ဆိုသည်မှာ အခွင့်ရအရာရှိက မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ခံ လက်မှတ်ရေးထိုးထားသော မိတ္တူကိုဆိုသည်။

(ဍ) **တာဝန်ခံမိတ္တူ** ဆိုသည်မှာ ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်ထားသော မိတ္တူကိုဖြစ်စေ၊ ယင်းအက်ဥပဒေအရ ရုံးခွန်ကင်းလွတ်ခွင့်ရသည့် စာရွက်စာတမ်းဖြစ်၍ တံဆိပ်ခေါင်းကပ်ရန်မလိုသော မိတ္တူကိုဖြစ်စေ အခွင့်ရအရာရှိက မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကြောင်းနှင့် တာဝန်ခံမိတ္တူမှန် ဟူ၍ တရားရုံး တံဆိပ်ရိုက်နှိပ်ကာ တာဝန်ခံလက်မှတ်ရေးထိုးထားသော မိတ္တူကို ဆိုသည်။

## အပိုင်း ၂

## ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့် ဖွဲ့စည်းခြင်း

### အခန်း (၁)

### ပြည်ထောင်စုရှေ့နေချုပ်ရုံး ဖွဲ့စည်းခြင်း

၃။ ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အောက်ပါရုံးအဖွဲ့၊ ဌာနများဖြင့် ဖွဲ့စည်းထားရှိသည်-

(က) ရုံးအဖွဲ့၊

Myanmar Law Information System (MLIS)

(ခ) ဌာနများ-

(၁) ဥပဒေများ စိစစ်အကြံပြုရေးဌာန၊

(၂) ဥပဒေအကြံဉာဏ်ပေးရေးဌာန၊

(၃) တရားစွဲနှင့် အမှုလိုက်ဌာန၊

(၄) စီမံရေးရာဌာန။

## အခန်း (၂)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့် ဖွဲ့စည်းခြင်း

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထိရောက်စွာ စီမံခန့် ခွဲဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးကို အောက်ပါရုံးအဖွဲ့၊ ဌာနများဖြင့် ဖွဲ့စည်းထားရှိသည်-

(က) ရုံးအဖွဲ့၊

(ခ) ဥပဒေများစိစစ်အကြံပြုရေးဌာန၊

(ဂ) အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာန၊

(ဃ) တရားစွဲနှင့်အမှုလိုက်ဌာန၊

(င) စီမံရေးရာဌာန။

၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးတို့၏ ကြီးကြပ်မှု အောက်တွင် အောက်ပါဥပဒေရုံးအဆင့်ဆင့်ကို ဖွဲ့စည်းထားရှိသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း-

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမရှိလျှင်-

(កក) ခရိုင်ဥပဒေရုံးများ၊

(ခခ) မြို့နယ်ဥပဒေရုံးများ။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရှိလျှင်-

(កក) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၌

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥပဒေရုံး၊
- ခရိုင်ဥပဒေရုံးများ၊
- မြို့နယ်ဥပဒေရုံးများ။

(ခခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၌

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံး၊
- မြို့နယ်ဥပဒေရုံးများ။

(ဂဂ) ကျန်ဒေသများ၌-

Myanmar Law Information System (MLIS)

- ခရိုင်ဥပဒေရုံးများ၊

- မြို့နယ်ဥပဒေရုံးများ။

(ခ) ပြည်ထောင်စုနယ်မြေ၌-

(၁) ခရိုင်ဥပဒေရုံးများ၊

(၂) မြို့နယ်ဥပဒေရုံးများ။

(ဂ) ဥပဒေအရ တည်ထောင်ထားသော အခြားဥပဒေရုံးများ။

**အပိုင်း ၃**

**ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

**အခန်း (၁)**

**ဌာနခွဲများဖွဲ့စည်းခြင်း**

၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့ကို အောက်ပါဌာနခွဲများဖြင့် ဖွဲ့စည်းထားရှိသည်-

(က) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊

(ခ) မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းများစစ်ဆေးရေးဌာနခွဲ၊

(ဂ) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊

(ဃ) ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊

(င) ပြည်တွင်း ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊

(စ) ဦးစီးရုံး။

**အခန်း (၂)**

**အမြဲတမ်းအတွင်းဝန်၏ လုပ်ငန်းတာဝန်များ**

၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန်သည် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယ ရှေ့နေ ချုပ်တို့ကို တာဝန်ခံ၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့က ချမှတ်ထားသော မူဝါဒ၊ အမိန့်၊ ညွှန် ကြားချက် စသည့် ကိစ္စရပ်များကို ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှုခံယူပြီး ပြည်ထောင်စုရှေ့နေ ချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားခြင်းနှင့် ပြန်လည်တင်ပြသင့်သည်များကို တင် ပြခြင်း၊

(ခ) အစိုးရနှင့် လွှတ်တော်ကိစ္စရပ်များ၊ သတင်းပြန်ကြားရေးကိစ္စရပ်များကို ကြိုတင်မျှော်မှန်း၍ ဖြေ ရှင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် ရုံးဌာနများနှင့် ထိရောက်စွာ ပူးပေါင်းဆောင် ရွက်နိုင်ရန် စီစဉ်ခြင်း၊



Myanmar Law Information System (MLIS)

(ဃ) ပြည်ထောင်စုရှေ့နေချုပ်ရုံးက လိုအပ်သည့် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများ ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား တာဝန်ခံဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ချောမွေ့စေရေး နှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးခြင်း၊

(စ) ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံခန့်ခွဲရေးအစည်းအဝေး၊ ငွေစာရင်းဆိုင်ရာညှိနှိုင်းအစည်းအဝေးနှင့် ဘာသာရေး၊ သာသနာရေးကိစ္စရပ်များကို တာဝန်ခံအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြပြီး လမ်းညွှန်မှု ခံယူဆောင်ရွက်ခြင်း၊

(ဆ) ပြည်ထောင်စုရှေ့နေချုပ်ရုံးက ချမှတ်သောမူဝါဒနှင့် ညွှန်ကြားချက်များအား ပြည်ထောင်စုရှေ့နေ ချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်က ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဇ) ဘဏ္ဍာရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ဘဏ္ဍာရေးအရင်းအမြစ်ကို ထိရောက်စွာစီမံခန့်ခွဲခြင်း၊

(ဈ) စာရင်းစစ်လုပ်ငန်းများ ထိရောက်စေရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဌာနအသီးသီးအား ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဋ) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း များက ဖိတ်ကြားသော အစည်းအဝေးသို့တက်ရောက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြ၍ လမ်းညွှန် ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

## အခန်း (၃)

## ရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့သည် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့၏ အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးအပ်သော ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုကိစ္စများ ဆောင်ရွက် ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပသို့သင်တန်းသားများ ရွေးချယ်စေလွှတ်ခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစီ အစဉ်ဖြင့် သင်တန်းများ ဖွင့်လှစ်ခြင်းကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပ နှီးနှောဖလှယ်ပွဲ၊ ပြပွဲနှင့် ဆွေးနွေးပွဲများသို့ ကိုယ်စားလှယ်များ ရွေးချယ်စေ လွှတ်ရန် ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၉။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့သည် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းများ စစ်ဆေးရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်-



Myanmar Law Information System (MLIS)

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန် ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဌာနအသီးသီးက တင်ပြသည့် လုပ်ငန်းဆိုင်ရာ တင်ပြချက်များကို မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်း သို့မဟုတ် ဒေသတွင်းအဖွဲ့အစည်းတို့အကြား သဘောတူထားသည့် စာချုပ်များနှင့် သက်ဆိုင်သည့် အချက်အလက် များ ထုတ်ပြန်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က မေးမြန်းသည့် မေး ခွန်းများဖြေကြားခြင်း၊ ကတိကဝတ်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများက ဥပဒေအကြံဉာဏ် တောင်းခံခြင်းအပေါ် သဘောထားပြန်ကြားခြင်းတို့တွင် ပေါင်းစပ်ညှိ နှိုင်းပေးခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှာစာများ ပြုစုတင်ပြခြင်း၊

(စ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မူဝါဒနှင့် ဌာနအလိုက် ဆောင်ရွက်ချက်များကို လေ့လာစိစစ်ပြီး ပြည် ထောင်စုရှေ့နေချုပ်ထံ တင်ပြခြင်း။

၁၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့သည် စီမံကိန်းနှင့် စာရင်းအင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ နှစ်ရှည်၊ နှစ်တို၊ နှစ်စဉ်စီမံကိန်းများရေးဆွဲခြင်းနှင့် တိုးတက်မှု အစီ ရင်ခံခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စီမံကိန်းလုပ်ငန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် ရုံးများ၏ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဌာနများ၏ စီမံကိန်းနှင့် စာရင်းအင်းများကို စုစည်းပြုစုခြင်း၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ကိန်းဂဏန်းအချက်အလက်များကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြု၍ စုစည်းထိန်းသိမ်းခြင်း၊

(င) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများ ကွန်ပျူတာ ကွန်ရက် ချိတ်ဆက်၍ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုအစိုးရ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဆ) ပြည်ထောင်စုရှေ့နေချုပ်ရုံးက သုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေး ခြင်း၊

(ဇ) တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြု၍ ထိန်းသိမ်းခြင်း။

၁၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့သည် ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးလုပ်ငန်းများနှင့် စပ် လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေရှိ ဥပဒေရုံးအဆင့်ဆင့်တို့၏ ဘဏ္ဍာငွေ အရ အသုံးစာရင်းများကို လစဉ်စိစစ်ရာတွင် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေရှိ ဥပဒေရုံးအဆင့်ဆင့်တို့၏ ရငွေ၊ သုံးငွေ သုံး စွဲမှုမှန်ကန်ရေးအတွက် လေ့လာပြီး ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခြင်း၊

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဌာနတွင်း စာရင်းစစ်လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့သည် ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်း သို့မ ဟုတ် ဒေသတွင်း အဖွဲ့အစည်းတို့ ဆက်သွယ်ရာတွင် စီစဉ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာတွင် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် သက်ဆိုင်သည့် လုပ်ငန်းများစီမံဆောင်ရွက်ရာ တွင် ပူးပေါင်းပါဝင်ခြင်း၊

(ဃ) နိုင်ငံတကာသတင်းအချက်အလက်များရယူစုဆောင်းခြင်းနှင့် လိုအပ်ပါက သတင်းထုတ်ပြန်ခြင်း၊

(င) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ မမှန် မကန်သတင်းဖြန့်ဝေမှုကို တုံ့ပြန်ဖြေရှင်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

၁၃။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအဖွဲ့သည် ဦးစီးရုံးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဌာန၊ ဌာနခွဲတာဝန်ခံများ လုပ်ငန်းဆိုင် ရာ ညှိနှိုင်းဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မှတ်တမ်းများကို ပြုစုထိန်းသိမ်းခြင်း၊

(ဃ) တရားလွှတ်တော်ရှေ့နေများ ကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး ရုံးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး ရုံးအဖွဲ့၏ အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးရှိ ဌာနအသီးသီးက တင်ပြသည့် လုပ်ငန်းဆိုင်ရာ တင်ပြချက်များကို မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က မေးမြန်းသည့် မေးခွန်းများဖြေကြားခြင်း၊ ကတိ ကဝတ်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဥပဒေအကြံ ဉာဏ် တောင်းခံခြင်းအပေါ် သဘောထားပြန်ကြားခြင်းတို့တွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အမှာစာများပြုစုတင်ပြခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၏ နှစ်ရှည်၊ နှစ်တို၊ နှစ်စဉ်စီမံကိန်းများရေးဆွဲ ခြင်းနှင့် တိုးတက်မှု အစီရင်ခံခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးရှိ ဌာနများ၏ စီမံကိန်းနှင့် စာရင်းအင်းများကို စု စည်းပြုစုခြင်း၊

(ဆ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကွန်ပျူတာကွန်ရက်ချိတ်ဆက်၍ သတင်းအချက်အလက်များ စု ဆောင်းခြင်းနှင့် ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်း ပညာဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေရုံးများ၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို လစဉ်စိစစ်ရာတွင် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၏ ဌာနတွင်း စာရင်းစစ်လုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်း သို့မဟုတ် ဒေသတွင်းအဖွဲ့အစည်းတို့ ဆက်သွယ်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်၏ သ ဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ခြင်း၊

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေရုံးများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာတွင် စီ စဉ်ဆောင်ရွက်ခြင်း၊

(ဍ) ပြည်တွင်းပြည်ပ အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် သက်ဆိုင်သည့် လုပ်ငန်းများစီမံဆောင်ရွက်ခြင်း၊

(ဎ) နိုင်ငံတကာ သတင်းအချက်အလက်များ ရယူစုဆောင်းခြင်း၊

(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း ၍ မမှန်မကန် သတင်းဖြန့်ဝေမှုများကို တုံ့ပြန်ဖြေရှင်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(တ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ခြင်း၊

(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ချုပ်ရုံးရှိ ဌာန၊ ဌာနခွဲတာဝန်ခံများ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက် ခြင်း၊

(ဒ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၏ မှတ်တမ်းများကို ပြုစုထိန်းသိမ်းခြင်း။

## အပိုင်း ၄

## ဥပဒေများ စိစစ်အကြံပြုရေးဌာန ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

Myanmar Law Information System (MLIS)

## အခန်း (၁)

## ဌာနခွဲများ ဖွဲ့စည်းခြင်း

၁၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနကို အောက်ပါဌာနခွဲများဖြင့် ဖွဲ့စည်း ထားရှိသည်-

(က) ဥပဒေများ စိစစ်အကြံပြုရေးဌာနခွဲ၊

(ခ) နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များ စိစစ်အကြံပြုရေးဌာနခွဲ၊

(ဂ) ဥပဒေဘာသာပြန်ဌာနခွဲ၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာနခွဲ။

## အခန်း (၂)

## ဥပဒေများစိစစ်အကြံပြုခြင်း

၁၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာနသည် သက်ဆိုင်ရာ ပြည်ထောင်စုအ ဆင့် အဖွဲ့အစည်းကဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် ပြည်ထောင်စုနယ်မြေ အုပ်ချုပ် ရေးအဖွဲ့ကဖြစ်စေ ယင်းတို့ စီမံခန့်ခွဲသည့် ဥပဒေကိုလည်းကောင်း၊ ပြင်ဆင်မည့်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးရေးဆွဲပြီး အပြီးသတ်ဥပဒေမူကြမ်းကို စိစစ်ပေးရန် ပေးပို့သည့်အခါ စိစစ် အကြံပြုရမည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာနသည် သက်ဆိုင် ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်ဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ ယင်းတို့ စီမံခန့်ခွဲသည့်ဥပဒေကိုလည်းကောင်း၊ ပြင်ဆင်မည့် ဥပဒေကို လည်းကောင်း ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးရေးဆွဲပြီး အပြီးသတ်ဥပဒေမူကြမ်းကို စိစစ်ရန် ပေးပို့ သည့်အခါ စိစစ်အကြံပြုရမည်။

၁၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရှိ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ယင်းတို့စီမံခန့်ခွဲသည့် ဥပဒေကိုလည်းကောင်း၊ ပြင်ဆင်မည့်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးရေးဆွဲပြီး အပြီးသတ်ဥပဒေမူကြမ်းကို စိစစ်ပေးရန်ပေးပို့သည့်အခါ စိစစ်အကြံပြုပြီး ယင်းအကြံပြုချက်ကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ ပေးပို့၍ အတည်ပြုချက်ရယူရမည်။

၁၉။ နည်းဥပဒေ ၁၆၊ ၁၇ နှင့် ၁၈ အရ စိစစ်အကြံပြုနိုင်ရေးအတွက် သဘောထားမှတ်ချက်အကြံပြုချက် များ တောင်းခံရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အောက်ပါအချက်အလက်နှင့် အထောက်အ ထား စာရွက်စာတမ်းများ ပူးတွဲပေးပို့ရမည်-

(က) အပြီးသတ် ဥပဒေမူကြမ်းသုံးစုံ၊

(ခ) မည်သည့်အကြောင်းကြောင့် ဥပဒေကို အသစ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်၊

(ဂ) ပြင်ဆင်သည့် ဥပဒေမူကြမ်း သို့မဟုတ် ရုပ်သိမ်းသည့် ဥပဒေမူကြမ်းဖြစ်လျှင်-



Myanmar Law Information System (MLIS)

(၁) ပင်ရင်းဥပဒေ၊

(၂) ပင်ရင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေများ (ရှိလျှင်)၊

(၃) ပင်ရင်းဥပဒေပြဋ္ဌာန်းချက်နှင့် ပြင်ဆင်အစားထိုးရမည့် ဥပဒေပြဋ္ဌာန်းချက်တို့ကို နှိုင်းယှဉ်ဖော်ပြ သည့် ကျိုးကြောင်းဖော်ပြချက်ဇယား၊

(၄) မည်သည့်အကြောင်းကြောင့် ဥပဒေကို ရုပ်သိမ်းရခြင်းနှင့် စပ်လျဉ်း၍ ကျိုးကြောင်းဖော်ပြချက်။

(ဃ) ကိုးကားသော စာရွက်စာတမ်းများ-

(၁) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊

(၂) နိုင်ငံတကာဥပဒေများ၊

(၃) အခြားဆက်စပ်သည့် စာရွက်စာတမ်းများ။

(င) ဥပဒေမူကြမ်းသည် အင်္ဂလိပ်ဘာသာဖြင့် စတင်ရေးဆွဲခြင်းဖြစ်ပါက အဆိုပါ အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲထားသည့် မူကြမ်း။

၂၀။ နည်းဥပဒေ ၁၆၊ ၁၇ နှင့် ၁၈ တို့အရ စိစစ်အကြံပြုရာတွင် အဆိုပါ အကြံပြုချက်၌ သက်ဆိုင်ရာ အခြား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုချက်ပါရှိသည့်အခါ ယင်းအကြံ ပြုချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ အခြားအ စိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ မိတ္တူပေးပို့နိုင်သည်။

၂၁။ နည်းဥပဒေ ၁၆၊ ၁၇ နှင့် ၁၈ တို့အရ ဥပဒေမူကြမ်းများကို စိစစ်အကြံပြုရာတွင် အောက်ပါအချက် များကို အခြေခံရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပြုစာရင်းအရ ပြဋ္ဌာန်းပိုင်ခွင့် ရှိ မရှိ၊

(ဂ) တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ဃ) နိုင်ငံတော်ကချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(င) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ မရှိ၊

(စ) ဥပဒေပါ ပြဋ္ဌာန်းချက်များသည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ၊

(ဆ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များပါဝင်ခြင်း ရှိ မရှိ၊

(ဇ) နိုင်ငံတော်၏ ပကတိ အခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ မရှိ၊

(ဈ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ည) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ မရှိ၊

(ဋ) တိုင်းရင်းသားလူမျိုးစုအလိုက် အခြေတည်ခိုင်မာလျက်ရှိသော ဓလေ့ထုံးစံများကို ထိခိုက်စေနိုင် ခြင်း ရှိ မရှိ၊

(ဌ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတို့ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အ ဆင့် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတို့ဖြစ်စေ၊ ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခုတို့ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရ

အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတို့ဖြစ်စေ၊ ယင်းအဖွဲ့အစည်းများ အကြားတွင် ဖြစ်စေ လုပ်ပိုင်ခွင့်များ ရော ထွေးစေသော ဖော်ပြချက်များ ပါဝင်နေခြင်း ရှိ မရှိ၊

(ဋ) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များပါ တာဝန်အရ ရေးဆွဲ သော ဥပဒေမူကြမ်းဖြစ်ပါက ထိုကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များပါ နိုင်ငံတော်က သဘောတူ လက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေမှု ရှိ မရှိနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိ ပါးစေခြင်း ရှိ မရှိ။

၂၂။ နည်းဥပဒေ ၁၆၊ ၁၇ နှင့် ၁၈ တို့အရ ဥပဒေမူကြမ်းများကို စိစစ်အကြံပြုရာတွင် ဥပဒေမူကြမ်းများ ပါရေးထုံးရေးနည်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည်-

(က) ဥပဒေ၏အမည်၊ ဥပဒေအမှတ်၊ နေ့ရက်နှင့် ဥပဒေပြဋ္ဌာန်းကြောင်း ကနဦးဖော်ပြချက် ပါရှိခြင်း ရှိ မရှိ၊

(ခ) ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို ဖော်ပြရန်လိုအပ်ပါက ထည့်သွင်းဖော်ပြထားခြင်း ရှိ မရှိ၊

(ဂ) ဥပဒေ၏အမည်သည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆီလျော်မှု ရှိ မရှိနှင့် ဥပဒေအမည်တွင် ခုနှစ်ကို ထည့်သွင်းဖော်ရန် လိုအပ်ခြင်း  ရှိ မရှိ၊

(ဃ) ဥပဒေစတင်အာဏာတည်သည့် နေ့ရက်နှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်း ရှိ မရှိ၊

(င) လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သော ဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းမရှိပါက ယင်း ဥပဒေသည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိသောကြောင့် ယင်းဥပဒေကို နောက်ကြောင်း ပြန်၍ အာဏာသက်ရောက်မှု မရှိစေလိုပါက စတင် အာဏာသက်ရောက်သည့်နေ့ကို အတိအလင်း ဖော်ပြ ထားခြင်း ရှိ မရှိ၊

(စ) ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ဆ) စကားရပ်များ အစားထိုးသည့်ဥပဒေ သို့မဟုတ် အမိန့်ပါ စကားရပ်များနှင့်အညီ ရေးသားထား ခြင်း ရှိ မရှိ၊

(ဇ) အရေးကြီးသော အချက်အလက် ပြည့်စုံခြင်း ရှိ မရှိနှင့် အကြောင်းအရာဖော်ပြချက်များ ထပ်နေခြင်း ရှိ မရှိ၊

(ဈ) ဥပဒေ စကားရပ်များ ရေးသားရာတွင် မြန်မာသဒ္ဒါ၊ သတ်ပုံနှင့် ဝေါဟာရအသုံးအနှုန်းများ မှန်ကန် ခြင်း ရှိ မရှိနှင့် ရှည်လျားသော ဝါကျများကို ရှောင်ကြဉ်ခြင်း ရှိ မရှိ၊

(ည) အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်ပြီး ရှုပ်ထွေးသည့် စကားရပ်အသုံးအနှုန်းများကို ရှောင်ကြဉ် ခြင်း ရှိ မရှိ၊

(ဋ) အရေးအသားကျစ်လျစ်ပြီး အများပြည်သူ လွယ်ကူစွာ နားလည်သဘောပေါက်စေမည့် စကားရပ် များကို သုံးနှုန်းခြင်းနှင့် စကားပြောဟန် အရေးအသားများကို ရှောင်ကြဉ်ခြင်းတို့ ရှိ မရှိ၊

(ဌ) ကွန်ဗင်းရှင်းများကို အခြေပြု၍ ရေးဆွဲထားသော ဥပဒေတွင် သုံးနှုန်းသည့် စကားရပ်များသည် မူ ရင်းအင်္ဂလိပ်စကားလုံးနှင့် ကိုက်ညီအောင် ဘာသာပြန်ဆိုရေးသားထားခြင်း ရှိ မရှိ၊

(ဍ) ဥပဒေတစ်ရပ်အတွင်း၌ စကားရပ်တစ်ခုကို တစ်နေရာထက်ပို၍ သုံးနှုန်းထားပါက ရှေ့နောက်ညီ ညွတ်စွာ သုံးနှုန်းခြင်း ရှိ မရှိ၊

(ဎ) အဓိပ္ပာယ်ဖွင့်ဆိုထားသော စကားရပ်ကို ဥပဒေပြဋ္ဌာန်းချက်တွင် ထည့်သွင်း သုံးနှုန်းထားခြင်း ရှိ မရှိနှင့် အဆိုပါစကားရပ်အတိုင်း ဥပဒေပြဋ္ဌာန်းချက်တွင် သုံးနှုန်းခြင်း ရှိ မရှိ၊

(ဏ) ပြစ်မှုပြစ်ဒဏ်များနှင့် စီမံခန့်ခွဲရေးပြစ်ဒဏ်များကို သီးခြားအခန်းခွဲ၍ ဖော်ပြခြင်း ရှိ မရှိ၊

Myanmar Law Information System (MLIS)

(တ) ပြစ်မှုနှင့်ပြစ်ဒဏ်များဖော်ပြရာတွင် ပြစ်မှုတစ်မျိုးတည်းအတွက် ပြစ်ဒဏ်တစ်ကြိမ်ထက် ပို၍ အ ပြစ်ပေးသည့် ပြဋ္ဌာန်းချက်နှင့် နောက်ကြောင်းပြန်အကျိုးသက်ရောက်စေသည့် ပြဋ္ဌာန်းချက်များ ပါဝင်နေ ခြင်း ရှိ မရှိ၊

(ထ) လိုအပ်ပါက သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ပါဝင်ခြင်း ရှိ မရှိ၊

(ဒ) ပုဒ်မ၊ ပုဒ်မခွဲ၊ ပုဒ်မခွဲငယ်၊ ပုဒ်မခွဲငယ်စိတ်တို့ကို ဖော်ပြရာတွင် စနစ်တကျ ရှိ မရှိ၊

(ဓ) ဥပဒေတစ်ရပ်ရပ်ကို ပြဋ္ဌာန်းရာတွင် အခန်းခွဲ၍ ပြဋ္ဌာန်းပါက နောက်ဆုံးအခန်းကို “အထွေထွေ အခန်း” အဖြစ် ဖော်ပြထားခြင်း ရှိ မရှိနှင့် ယင်းအခန်းတွင် လိုအပ်ပါက အောက်ပါအချက်များကို ဖော် ပြထားခြင်း ရှိ မရှိ-

(၁) ဥပဒေပါ အခြားအခန်းခေါင်းစဉ်များတွင် အကျုံးမဝင်သော ပြဋ္ဌာန်းချက်များ၊

(၂) ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်သော်လည်းကောင်း ကင်း လွတ်ခွင့်ပေးရန် လိုအပ်ပါက ကင်းလွတ်ခွင့်ပြုကြောင်း ဖော်ပြချက်၊

(၃) တရားစွဲဆိုရန် ခွင့်ပြုမိန့်လိုအပ်သော ပြစ်မှုများအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့ အစည်း၏ ခွင့်ပြုမိန့်ရယူရန် ဖော်ပြချက်၊

(၄) သက်သေပြရန်တာဝန် အထူးသတ်မှတ်ရန် လိုအပ်ပါက သက်သေပြရန် တာဝန်သည် မည်သူ့အ ပေါ်ကျရောက်ကြောင်း သတ်မှတ်ဖော်ပြချက်၊

(၅) ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ ဖော်ပြချက်၊

(၆) ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေ များ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ် ပြန်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖော်ပြချက်၊

(၇) ဥပဒေအသစ်ဖြင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ရုပ်သိမ်းရန်ရှိပါက မည်သည့်ဥပဒေ သို့မဟုတ် ဥပဒေများကို ရုပ်သိမ်းကြောင်း ဖော်ပြချက်၊

(၈) လိုအပ်သော အခြားဖော်ပြချက်များ။

၂၃။ နည်းဥပဒေ ၁၆၊ ၁၇ နှင့် ၁၈ တို့အရ ဥပဒေမူကြမ်းများကို စိစစ်အကြံပြုရာတွင် တည်ဆဲဥပဒေပါ ပြ ဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်းပြုရေးအတွက် ပြဋ္ဌာန်း မည့် ပြင်ဆင်သည့် ဥပဒေမူကြမ်းဖြစ်ပါက ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ယခင်က ပြင်ဆင် ခဲ့ဖူးခြင်း ရှိ မရှိ ဂရုပြုလေ့လာပြီး အောက်ပါတို့အပြင် နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါအတိုင်း ဆီလျော်သမျှ စိစစ်ရမည်-

(က) ပြင်ဆင်သည့် ဥပဒေအမည်၊ ဥပဒေအမှတ်နှင့် ခုနှစ်များကို ဖော်ပြခြင်း ရှိ မရှိ၊

(ခ) စကားရပ်အစားထိုးသည့်ဥပဒေ သို့မဟုတ် အမိန့်ဖြင့် အစားထိုးပြီးသော စကားရပ်များကို ပြင်ဆင် သည့် ဥပဒေတွင် ထပ်မံပြင်ဆင်အစားထိုးထားခြင်း ရှိ မရှိ၊

(ဂ) အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို ပြင်ဆင်သည့်ဥပဒေမူကြမ်းဖြစ်ပါက မည်သည့်ပုဒ်မ၊ မည်သည့်ပုဒ်မခွဲကို သော်လည်းကောင်း၊ မည်သည့်ပုဒ်မ၊ မည်သည့်ပုဒ်မခွဲပါ ပြဋ္ဌာန်း ချက်စကားရပ်ကိုသော်လည်းကောင်း ပြင်ဆင်ရမည်၊ ဖြည့်စွက်ရမည်၊ အစားထိုးရမည် သို့မဟုတ် ပယ် ဖျက်ရမည်ဟု

Myanmar Law Information System (MLIS)

မြန်မာဘာသာဖြင့် ဖော်ပြခြင်း ရှိ မရှိနှင့် ယင်းပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုး၊ ပယ်ဖျက် သည့် ပြဋ္ဌာန်းချက်စကားရပ်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခြင်း ရှိ မရှိ။

၂၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဥပဒေရုံးတို့သည် မိမိနှင့်သက်ဆိုင်သည့် နယ်မြေနှင့်စပ်လျဉ်း၍ ခေတ်အဆက်ဆက် ပြ ဋ္ဌာန်းခဲ့သော ဥပဒေများ၊ ရုပ်သိမ်းပြီးသည့် ဥပဒေများ၊ ပြင်ဆင်သည့် ဥပဒေများနှင့် တည်ဆဲဥပဒေများ ၏ စာရင်းကို ပြုစုထားရှိရမည့်ပြင် မိမိနှင့် သက်ဆိုင်ရာနယ်မြေဒေသများတွင် အာဏာသက်ရောက်ခြင်း မရှိသော ဥပဒေများစာရင်းကိုလည်း ပြုစုထားရှိရမည်။

၂၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဥပဒေရုံးတို့သည်-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်သည် အများပြည်သူကို အကျိုးမပြုခြင်း၊ ပြောင်းလဲလာသည့် အခြေအ နေနှင့် ဆီလျော်မှုမရှိခြင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ အနာဂတ်ကာလတွင်လည်း ကျင့် သုံးရန်အကြောင်းမရှိခြင်း၊ တည်ဆဲဥပဒေကို ရုပ်သိမ်းပြီး ဥပဒေအသစ်ပြဋ္ဌာန်းရန် လိုအပ်လာခြင်း စ သည့် အကြောင်းတစ်ရပ်ရပ်ကြောင့် ယင်းဥပဒေကို ရုပ်သိမ်းသင့်ကြောင်း သက်ဆိုင်ရာ ဥပဒေကိုစီမံခန့် ခွဲသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက သဘော ထားဖော်ပြပြီး အကြံဉာဏ်တောင်းခံသည့်အခါ စိစစ်ပြီး အကြံပြုပြန်ကြားရမည်။

(ခ) ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြောင်းလဲလာသည့် အခြေအနေနှင့် ဆီလျော်မှု မရှိသဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းများပြုနိုင်ရန် သက်ဆိုင်ရာ ဥပဒေကို စီမံခန့် ခွဲသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက သဘော ထားဖော်ပြပြီး အကြံဉာဏ်တောင်းခံသည့်အခါ စိစစ်ပြီး အကြံပြုပြန်ကြားရမည်။

၂၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဥပဒေရုံးတို့သည် ဥပဒေမူကြမ်းကို စိစစ်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အ စိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ လိုအပ်သော အချက်အလက်နှင့် အထောက် အထားစာရွက်စာတမ်းများ တောင်းခံခြင်းပြုနိုင်သည်။

## အခန်း (၃)

## နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ စိစစ်အကြံပြုခြင်း

၂၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ

ဥပဒေရုံးတို့သည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ယင်းတို့စီမံခန့်ခွဲသည့် ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်မည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ပြင် ဆင်သည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်ရေးအတွက် ကနဦး ရေးဆွဲပြီး အပြီးသတ်မူကြမ်းကို စိစစ်ရန်ပေးပို့သည့်အခါ စိစစ်အကြံပြုရမည်။

၂၈။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် မိမိစီမံခန့်ခွဲသော ဥပဒေနှင့်သက်ဆိုင်သည့် နည်း ဥပဒေများမူကြမ်း သို့မဟုတ် လုပ်ထုံးလုပ်နည်းများ မူကြမ်း၊ ပြင်ဆင်ချက် မူကြမ်းများနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်၊ အကြံပြုချက်များ တောင်းခံရာတွင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့ရ မည်-

(က) အပြီးသတ် နည်းဥပဒေများမူကြမ်း သို့မဟုတ် လုပ်ထုံးလုပ်နည်းများမူကြမ်း သုံးစုံ၊

(ခ) နည်းဥပဒေများမူကြမ်း သို့မဟုတ် လုပ်ထုံးလုပ်နည်းများ မူကြမ်းနှင့်သက်ဆိုင်သည့် ပင်ရင်းဥပဒေ၊ ပြင်ဆင်သည့်ဥပဒေ (ရှိလျှင်) နှင့် အခြားသက်ဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ မိတ္တူ များ၊

(ဂ) နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် မူကြမ်းဖြစ်ပါက ပင်ရင်း နည်း ဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ ဖော်ပြချက်၊ ပြင်ဆင်ချက်နှင့် ပြင်ဆင်ရသည့် ကျိုး ကြောင်းဖော်ပြချက်များ ပါရှိသည့်ဇယား၊

(ဃ) မူကြမ်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အင်္ဂလိပ်ဘာသာဖြင့် စတင်ရေးဆွဲခြင်း ဖြစ်လျှင် အဆိုပါ အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲထားသည့်မူကြမ်း။

၂၉။ နည်းဥပဒေ ၂၇ အရ စိစစ်အကြံပြုရာတွင် အောက်ပါတို့ကိုအခြေခံ၍ စိစစ်ရမည့်ပြင် နည်းဥပဒေ ၂၁၊ ၂၂ နှင့် ၂၃ တို့ပါအတိုင်း ဆီလျော်သမျှ စိစစ်ရမည်-

(က) မည်သည့်ဥပဒေပုဒ်မ၊ ပုဒ်မခွဲအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မည်သည့် အစိုးရဌာ န၊ အစိုးရအဖွဲ့အစည်းက ထုတ်ပြန်ကြောင်း ကနဦးဖော်ပြချက်ပါရှိခြင်း ရှိ မရှိနှင့် ပြည်ထောင်စုအစိုးရအ ဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရအဖွဲ့၏ သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်ရယူရန် လိုအပ်သော ကိစ္စရပ်ဖြစ်ပါက အဆိုပါ ပြည်ထောင်စု အစိုးရအဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရအဖွဲ့၏ သဘောတူညီ ချက် သို့မဟုတ် ခွင့်ပြုချက်အရ ထုတ်ပြန်ခြင်းဖြစ်ကြောင်း ဖော်ပြထားခြင်း ရှိ မရှိ၊

(ခ) နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတို့၏ အမည်ကို ဖော်ပြထားခြင်း ရှိ မရှိနှင့် ယင်းတို့၏ အ မည်တွင် ခုနှစ်ကို ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်း ရှိ မရှိ၊

(ဂ) တည်ဆဲပင်ရင်းဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသော စကားရပ်များကိုသာ အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဟုတ် မဟုတ်၊

(ဃ) နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်နိုင်ရန် လုပ်ပိုင်ခွင့်အပ်နှင်းထားသော ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်ဆန့်ကျင်သည့် အချက်များပါဝင်နေခြင်း ရှိ မရှိ၊

(င) ဥပဒေအသစ်ဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ သို့မဟုတ် လုပ် ထုံးလုပ်နည်းများကို ပယ်ဖျက်ရန်လိုအပ်ပါက ပယ်ဖျက်ကြောင်းဖော်ပြထားခြင်း ရှိ မရှိ၊



Myanmar Law Information System (MLIS)

(စ) နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများသည် အများပြည်သူသိရှိရန်အလို့ငှာ ထုတ်ပြန်ချက်ဖြစ်၍ အမိန့်ကြော်ငြာစာပုံစံဖြင့် ရေးဆွဲထားခြင်း ရှိ မရှိ။

၃၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဥပဒေရုံးတို့သည် နည်းဥပဒေများမူကြမ်းနှင့် လုပ်ထုံးလုပ်နည်းများမူကြမ်းတို့ကို စိစစ် ရာ၌ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး ခြင်း၊ လိုအပ်သော အချက်အလက်နှင့် အထောက်အထား စာရွက်စာတမ်းများ တောင်းခံခြင်းပြုနိုင် သည်။

## အခန်း (၄)

## စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်အကြံပြုခြင်း

၃၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဥပဒေရုံးတို့သည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ယင်းတို့စီမံခန့်ခွဲသည့် ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်မည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် များကိုလည်းကောင်း၊ ယင်းတို့၏ ပြင်ဆင်ချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်ရေးအတွက် ကနဦး ရေးဆွဲပြီး အပြီးသတ်မူကြမ်းကို စိစစ်ပေးရန် ပေးပို့သည့်အခါ စိစစ်အကြံပြုရမည်။

၃၂။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် မိမိစီမံခန့်ခွဲသော ဥပဒေနှင့်သက်ဆိုင်သည့် စည်း မျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ မူကြမ်းနှင့် ပြင်ဆင်ချက်မူကြမ်းများ နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်နှင့် အကြံပြုချက်တောင်းခံရာတွင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့ရမည်-

(က) အပြီးသတ် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်မူကြမ်း သုံးစုံ၊

(ခ) စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် မူကြမ်းနှင့် သက်ဆိုင်သည့် ပင် ရင်းဥပဒေ၊ ပြင်ဆင်သည့်ဥပဒေ (ရှိလျှင်) နှင့် အခြားသက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်း မိတ္တူများ၊

(ဂ) စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြင်ဆင်သည့် မူကြမ်း ဖြစ်ပါက ပင်ရင်းစည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါဖော်ပြချက်၊ ပြင် ဆင်ချက်နှင့် ပြင်ဆင်ရသည့် ကျိုးကြောင်းဖော်ပြချက်များ ပါရှိသည့် ဇယား။

၃၃။ နည်းဥပဒေ ၃၁ အရ စိစစ်အကြံပြုရာတွင် အောက်ပါတို့ကို စိစစ်ရမည့်ပြင် နည်းဥပဒေ ၂၁၊ ၂၂ နှင့် ၂၃ တို့ပါအတိုင်း ဆီလျော်သမျှ စိစစ်ရမည်-

(က) မည်သည့်ဥပဒေ ပုဒ်မ၊ ပုဒ်မခွဲအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မည်သည့်အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပြန်ကြောင်း ကနဦးဖော်ပြချက် ပါရှိခြင်း ရှိ မရှိနှင့် သက်ဆိုင်ရာ ပြည် ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာအစိုးရအဖွဲ့၏ သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်ရယူ ရန် လိုအပ်သောကိစ္စရပ်ဖြစ်ပါက

Myanmar Law Information System (MLIS)

အဆိုပါ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရအဖွဲ့ ၏ သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်အရ ထုတ်ပြန်ခြင်းဖြစ်ကြောင်း ဖော်ပြထားခြင်း ရှိ မရှိ၊

(ခ) စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ရန် လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်ဆန့်ကျင်ခြင်း ရှိ မရှိ၊

(ဂ) ဥပဒေအသစ်ဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရ ထုတ်ပြန်ခဲ့သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို ပယ်ဖျက်ရန် လိုအပ်ပါက ပယ်ဖျက်ကြောင်း ဖော်ပြထား ခြင်း ရှိ မရှိ၊

(ဃ) အများပြည်သူသိရှိရန် လိုအပ်သော ကိစ္စရပ်များအတွက် အမိန့်ကြော်ငြာစာပုံစံဖြင့် ရေးဆွဲထား ခြင်း ရှိ မရှိနှင့် သက်ဆိုင်ရာဥပဒေအရ အမိန့်ထုတ်ပြန်ရမည့်ကိစ္စကို အမိန့်ပုံစံဖြင့် ရေးဆွဲထားခြင်း ရှိ မ ရှိ၊

(င) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုအတွင်းသာ သိရှိလိုက်နာရန် လိုအပ်သော ကိစ္စများကို အမိန့် သို့မဟုတ် ညွှန်ကြားချက်ပုံစံဖြင့် ရေးဆွဲထားခြင်း ရှိ မရှိ။

၃၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး ဥပဒေများစိစစ်အကြံပြုရေးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဥပဒေရုံးတို့သည် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် များ မူကြမ်းတို့ကို စိစစ်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူ များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ လိုအပ်သော အချက်အလက်နှင့် အထောက်အထားစာရွက်စာတမ်းများ တောင်းခံခြင်း ပြုနိုင်သည်။

## အခန်း (၅)

## ဥပဒေများ ဘာသာပြန်ဆိုခြင်း

၃၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနသည် ပြည်ထောင်စုလွှတ်တော်က ပြ ဋ္ဌာန်းသော တည်ဆဲဥပဒေများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။

၃၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုး ရအဖွဲ့အစည်းက အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၏ ဥပဒေဆိုင်ရာ ဝေါဟာရအသုံးအနှုန်း မှန်ကန်မှု ရှိ မရှိ စိစစ်ရန် ပေးပို့သည့်အခါ စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြန် ကြားရမည်။

၃၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုး ရအဖွဲ့အစည်းက မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ သို့လည်းကောင်း ဘာသာပြန်ဆိုထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပြည်ပနိုင်ငံတစ်ခုခုနှင့် ဖြစ်စေ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့်ဖြစ်စေ ချုပ်ဆိုမည့် သဘောတူစာချုပ်များ၏ ဥပဒေဆိုင်ရာ ဝေါဟာရ အသုံးအနှုန်းမှန်ကန်မှု ရှိ မရှိ စိစစ်ရန် ပေးပို့သည့်အခါ စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုး ရအဖွဲ့အစည်းသို့ ပြန်ကြားရမည်။

Myanmar Law Information System (MLIS)

၃၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနသည် ဘာသာပြန်ဆိုခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အင်္ဂလိပ်ဘာသာပြန်ဆိုမည့် ဥပဒေပါဝေါဟာရများ၊ ပညာရပ်ဆိုင်ရာ ဝေါ ဟာရများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဘာ သာရပ်ဆိုင်ရာကျွမ်းကျင်သူများကို ဖိတ်ကြားဆွေးနွေးခြင်း၊ ဘာသာပြန်ဆိုရာတွင် မှန်ကန် တိကျမှု၊ လွယ်ကူမှုရှိစေရန် လိုအပ်သည့် စာရွက်စာတမ်းများ၊ ကိုးကားသည့် အချက်အလက်နှင့် အထောက်အ ထားများကို တောင်းခံခြင်းပြုနိုင်သည်။

၃၉။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့် နည်းဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်၊ ကြေညာချက်၊ အမိန့်ကြော်ငြာ စာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဘာသာပြန်ဆိုပေးရန် လိုအပ်ပါက မြန်မာဘာ သာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးရမည်။

## အခန်း (၆)

## ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စများ

၄၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနသည် အောက်ပါလုပ်ငန်းတာဝန်များ ကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်တောင်းခံပါက စိစစ်အကြံပြုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ် တော်အစည်းအဝေးတွင်ဖြစ်စေ ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ထူးခြားသောအခြေအနေကို တင်ပြနိုင်ရေး အတွက် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် တင်သွင်းသော အဆို သို့မဟုတ် မေးမြန်းသော မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဖြေကြားနိုင်ရန် ပြုစုခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် တင်သွင်းသော အဆို သို့မဟုတ် မေးမြန်းသောမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုဝန် ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုတို့ ပေါင်းစပ်ညှိနှိုင်းဖြေဆိုရမည့် ကိစ္စရပ်များကို အ ထောက်အကူပြု ရှင်းလင်းဖြေကြားနိုင်ရန် ပြုစုခြင်း၊

(င) လွှတ်တော်အစည်းအဝေးများတွင် တင်သွင်းသော အဆိုနှင့်မေးမြန်းသော မေးခွန်းများကို ရှင်းလင်း ဖြေကြားရာ၌ ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးက နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ လမ်းညွှန်မှုတောင်းခံသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးက လမ်းညွှန်ချက် သို့မဟုတ် ဥပဒေအကြံပြုချက်ပေးနိုင်ရန် ပြုစုခြင်း။

(ဆ) ပြည်ထောင်စုရှေ့နေချုပ်က ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး ဥပဒေများ စိစစ်အကြံပြုရေးဌာနသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ခုခု၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေအကြံဉာဏ်တောင်းခံပါက စိစစ်အကြံပြုရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ဥပဒေရေးရာနှင့် စပ်လျဉ်း၍ ထူးခြားသောအခြေအနေကို အခါအားလျော်စွာ တင်ပြနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ စိစစ်အကြံပြုရာတွင် လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လမ်းညွှန် မှု တောင်းခံရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၅

## ဥပဒေအကြံဉာဏ်ပေးရေးဌာန ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

### အခန်း (၁)

### ဌာနခွဲများ ဖွဲ့စည်းခြင်း

၄၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအကြံဉာဏ်ပေးရေးဌာနကို အောက်ပါဌာနခွဲများဖြင့် ဖွဲ့စည်းထား ရှိသည်-

(က) အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ၊

(ခ) စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ၊

(ဂ) အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာနခွဲ။

### အခန်း (၂)

### အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများ စိစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်း

၄၃။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ် စာတမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့နှင့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများက ဥပဒေအကြံဉာဏ် တောင်းခံသည့်အခါ စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်-

(က) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ် စာတမ်းများ၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းက မြန်မာနိုင်ငံအတွင်း ရုံးဖွင့်လှစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် များ၊

(ဂ) လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဃ) နယ်နိမိတ်သတ်မှတ်ရေး၊ နယ်ခြားဒေသ စီမံခန့်ခွဲရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(င) နှစ်နိုင်ငံ လေကြောင်းပို့သန်းရေး၊ ရေကြောင်းသွားလာရေး၊ ကုန်းလမ်းပို့ဆောင်ရေး စာချုပ်စာ တမ်းများ၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဆ) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဇ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းက နည်းပညာ၊ ငွေရေးကြေးရေး အကူအညီပေးရေးဆိုင်ရာ စာချုပ် စာတမ်းများ၊

(ဈ) ပြည်ပနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းကအထောက်အပံ့ပေးသည့် စာချုပ်စာတမ်းများ၊

(ည) နှစ်နိုင်ငံအကြားချုပ်ဆိုမည့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် အ ခြားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဋ) စီးပွားရေးနှင့်သက်ဆိုင်ခြင်း မရှိသည့် သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာ၊ ဆွေးနွေးမှုမှတ် တမ်း၊ သဘောတူညီမှုမှတ်တမ်း၊ အထောက်အပံ့စီမံကိန်းနှင့်ဆိုင်သော စာချုပ်စာတမ်းနှင့် အခြားစာချုပ် စာတမ်းများ၊

(ဌ) နည်းဥပဒေခွဲ (က) မှ (ဋ) အထိပါ စာချုပ်စာတမ်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ သက်တမ်း တိုးမြှင့်ခြင်းနှင့် ရပ်စဲခြင်းဆိုင်ရာ စာချုပ်စာတမ်းများ။

၄၄။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်စာတမ်းများတွင် ပါဝင်ရန် ဥပဒေအကြံပြုချက်တောင်းခံသည့် ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံပြီး စိ စစ်ရမည်-

(က) အပြည်ပြည်ဆိုင်ရာဥပဒေ၏ အင်္ဂါရပ်များဖြစ်သည့် စာချုပ်ဝင်များ၊ ရည်ရွယ်ချက်၊ အမျိုးအစား၊ လုပ်ငန်းစဉ်၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ စာချုပ်၏ ဝိသေသလက္ခဏာ၊ စာချုပ်ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း နှင့် ပျက်ပြယ်ခြင်း၊ သက်တမ်းကုန်ဆုံးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပြန်လည်အတည်ပြုခြင်းနှင့် စာ ချုပ်ပြန်လည်ပေါင်းစည်းခြင်းနှင့် သက်ဆိုင်ရာကဏ္ဍများ၊

(ခ) စာချုပ်တွင်ပါဝင်ခြင်းဖြင့် မည်သည့်အချိန်တွင် စတင်အသက်ဝင်မည်ဖြစ်ခြင်း၊

(ဂ) စာချုပ်ကိုခြွင်းချက်ပြုခြင်း၊ အတည်ပြုပါဝင်ကြောင်း အကြောင်းကြားခြင်း၊ စာချုပ်အပ်နှံခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း နည်းလမ်းများ၊

(ဃ) စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းများနှင့် စာချုပ်မှနုတ်ထွက်နိုင်သည့် နည်းလမ်းများ၊

(င) အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများ။

၄၅။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် နည်းဥပဒေ ၄၃ ပါစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအ ချက်များကို အဓိကအားဖြင့် အခြေခံပြီး စိစစ်ရမည်-

(က) စာချုပ်တွင်ပါဝင်ခြင်းဖြင့် အချုပ်အခြာအာဏာကို ထိပါးနိုင်ခြင်း ရှိ မရှိ၊

(ခ) စာချုပ်ပါပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှု ရှိ မရှိ၊

(ဂ) စာချုပ်တွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်နှင့်အများပြည်သူတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းဖွယ်ရာ ရှိ မရှိ၊

(ဃ) စာချုပ်တွင်ပါဝင်ခြင်းကို အကြောင်းပြု၍ တည်ဆဲဥပဒေများကို ပြင်ဆင်ရန်သော်လည်းကောင်း၊ ဥပဒေအသစ် ပြဋ္ဌာန်းရန်သော်လည်းကောင်း လိုအပ်ခြင်း ရှိ မရှိ၊

(င) စာချုပ်တွင်ပါဝင်ခြင်းဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးရမည့် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များ ရှိ မရှိ၊

(စ) စာချုပ်တွင်ပါဝင်ခြင်းဖြင့် နိုင်ငံတော်အပေါ် ငွေရေးကြေးရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ဖွယ်ရာ ရှိ မရှိ၊

(ဆ) နှစ်နိုင်ငံ တန်းတူရည်တူရှိမှုအပေါ် အခြေခံထားခြင်း ရှိ မရှိ၊

(ဇ) နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ခြင်း ရှိ မရှိ၊

(ဈ) မြန်မာနိုင်ငံသို့ ပေးအပ်မည့် ကျွမ်းကျင်မှု အကူအညီနှင့် အထောက်အပံ့များသည် အနှောင်အဖွဲ့များ ပါရှိခြင်း ရှိ မရှိ၊

(ည) စာချုပ်တွင်ပါဝင်ခြင်းဖြင့် နိုင်ငံတော်တွင် အခြားတာဝန်များ တင်ရှိလာနိုင်ခြင်း ရှိ မရှိ၊

(ဋ) စာချုပ်တွင် ပါဝင်ခြင်းမပြုမီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်ခြင်း ရှိ မရှိ။

၄၆။ နည်းဥပဒေ ၄၃ ပါစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်တောင်းခံသော သက်ဆိုင် ရာ ဌာန၊ အဖွဲ့အစည်းသည် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့၍ အကြံဉာဏ်တောင်းခံရမည်-

(က) လက်မှတ်ရေးထိုးရန် ရည်ရွယ်ထားပြီး နှစ်ဖက်အပြီးသတ် ညှိနှိုင်းထားသည့် စာချုပ်မူကြမ်း သုံးစုံ၊

(ခ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်စာတမ်းဖြစ်ပါက အဆိုပါ စာချုပ်သုံးစုံ၊

(ဂ) သက်တမ်းတိုးရန် သို့မဟုတ် ပြင်ဆင်ရန်ဖြစ်ပါက မူရင်းစာချုပ်နှင့် သက်တမ်းတိုးမည့် သို့မဟုတ် ပြင်ဆင်မည့် စာချုပ်မူကြမ်းသုံးစုံ၊

(ဃ) စာချုပ်နှင့်ဆက်စပ်သော အခြားအထောက်အထား စာရွက်စာတမ်းများ။

## အခန်း (၃)

## အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များဆောင်ရွက်ခြင်း

၄၇။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ပြည်ထောင်စုနယ်မြေ အုပ်ချုပ် ရေးအဖွဲ့တို့က အကူအညီတောင်းခံသည့်အခါတွင် လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်က တာဝန် ပေးအပ်သည့်အခါတွင်လည်းကောင်း အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် နိုင်ငံတကာအစည်းအဝေးများ တက်ရောက်ခြင်း၊ နိုင် ငံတော်ကိုယ်စား ဆွေးနွေးခြင်း၊ စာတမ်းဖတ်ခြင်း၊ ဥပဒေရေးရာစိစစ်မှုများ ပြုလုပ်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ စာချုပ်စာတမ်းများ ရေးသားပြုစုရာတွင် နိုင်ငံတော် ကိုယ်စား ပါဝင်ဆွေးနွေးခြင်း၊



Myanmar Law Information System (MLIS)

(ဂ) အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့်အပြည်ပြည်ဆိုင်ရာ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ခုံရုံးများ တွင် နိုင်ငံတော်မှဖြေရှင်းရန် တာဝန်ရှိသည့်ကိစ္စများ၌ အကြံပေးခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် လိုက်ပါ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်က အတည်ပြုပါဝင်ထားသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအ ချင်းချင်းဆိုင်ရာ စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ တာဝန်ရှိမှုအရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက တာဝန်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အဆင့်အစီရင်ခံစာတွင် ဥပဒေရှုထောင့်မှ ပါဝင်ဆွေးနွေးခြင်းနှင့် အကြံပေးခြင်း၊

(င) အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာများနှင့်စပ်လျဉ်း၍ အခြားဌာနဆိုင်ရာများနှင့် ဆက်စပ်ဆောင် ရွက်ခြင်း၊

(စ) ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ယူဆောင်ရွက်ရသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာများ နှင့်စပ်လျဉ်း၍ ဥပဒေအထောက်အကူပြု ဆောင်ရွက်ခြင်း။

၄၈။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူး ချုပ်နှင့် ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသည့် ဥပဒေအရာရှိတို့၏ အထူးတာဝန်တစ်ရပ်ဖြစ်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ ပါဝင်အထောက်အကူ ပြုရမည်။

**အခန်း (၄)**

**စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ စိစစ်ခြင်းနှင့်ဥပဒေအကြံဉာဏ်ပေးခြင်း**

၄၉။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည်-

(က) စီးပွားရေးစာချုပ်စာတမ်းများနှင့်စပ်လျဉ်းသော ညှိနှိုင်းဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေး ပေးရန် သက်ဆိုင်ရာ ဌာနက ဖိတ်ကြားလျှင် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဥပဒေကြောင်းအရ အကြံပြု ဆွေးနွေးရမည်။

(ခ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးများက ဥပဒေအကြံဉာဏ်တောင်းခံသည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အ စိုးရအဖွဲ့အစည်းများနှင့် တစ်ဖက်စာချုပ်ဝင်တို့ အကြားအပြီးသတ် နှစ်ဖက်ညှိနှိုင်း သဘောတူထားသော အောက်ဖော်ပြပါ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်း မူကြမ်းများကို စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရ မည်-

(၁) ဖက်စပ်စာချုပ်များ၊

(၂) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊

(၃) မြေငှားစာချုပ်များ၊ အဆောက်အအုံငှားရမ်းသည့် စာချုပ်များ၊

(၄) တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းသည့် စာချုပ်များ၊

(၅) ပြည်ပမှ ပစ္စည်းဝယ်ယူရေးစာချုပ်များ၊

(၆) ငွေချေးစာချုပ်များ၊

(၇) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုရှာဖွေတူးဖော် ထုတ်လုပ်ရေးဆိုင်ရာ စာချုပ်များ၊

(၈) စီးပွားရေးဆိုင်ရာ စာချွန်လွှာများ၊ နားလည်မှုမှတ်တမ်းများ၊

(၉) ပြည်ပမှ အတိုင်ပင်ခံငှားရမ်းရေးစာချုပ်များ၊

(၁၀) ပြည်တွင်းရောင်းဝယ်ရေးစာချုပ်များ၊

(၁၁) ဆောက်လုပ်ရေးစာချုပ်များ၊

(၁၂) တင်ဒါခေါ်ယူရေးစာချုပ်များ၊

(၁၃) မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ အစိုးရပါဝင်သည့် အစုရှယ်ယာများ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာစာချုပ်များ၊

(၁၄) စီးပွားရေးဆိုင်ရာ အခြားစာချုပ်စာတမ်းများ။

(ဂ) နည်းဥပဒေခွဲ (ခ) ပါစီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို ချုပ်ဆိုပြီးနောက် စာချုပ်ပါ စည်း ကမ်းချက်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သော ဥပဒေရေးရာကိစ္စရပ်များကို ဥပဒေအကြံဉာဏ်တောင်းခံ ပါက စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(ဃ) အရေးကြီးသော စီမံကိန်းနှင့် သက်ဆိုင်သည့် ချေးငွေစာချုပ်များ အပါအဝင်လိုအပ်သော စီးပွား ရေး စာချုပ်စာတမ်းများနှင့် ဆက်စပ်သည့် အထောက်အထားစာရွက်စာတမ်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိစိစစ်ပြီး မှန်ကန်ကြောင်း ထောက်ခံချက် (Legal Opinion) ထုတ်ပေးရေး အတွက် ဆောင်ရွက်ရမည်။

၅၀။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် နည်းဥပဒေ ၄၉ နည်းဥပဒေခွဲ (ခ) ပါစီးပွားရေးဆိုင်ရာ စာချုပ် စာတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များကို အဓိကအားဖြင့် အခြေခံပြီး စိစစ်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲ ရင်းနှီးမြှုပ်နှံမှုဥပဒေများ အပါအဝင် အခြား တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(ခ) ဖက်စပ်ကုမ္ပဏီဖွဲ့စည်းရေးကိစ္စဖြစ်ပါက ကုမ္ပဏီများနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများနှင့် ညီ ညွတ်ခြင်း ရှိ မရှိ၊

(ဂ) စာချုပ်ပါဥပဒေရေးရာ အချက်အလက်များသည် တည်ဆဲဥပဒေများဖြစ်သော ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ၊ မှတ်ပုံတင်အက်ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ၊ အစုစပ် လုပ်ငန်းအက်ဥပဒေ၊ ကုန်စည်ရောင်းချခြင်း အက်ဥပဒေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း ကို ကန့်သတ်သည့် ဥပဒေနှင့် မြန်မာ့သတ္တုတွင်းဥပဒေတို့ပြင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြဋ္ဌာန်းထား သည့် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်နှင့် ကိုက်ညီခြင်း ရှိ မရှိ၊

(င) စာချုပ်ပါအငြင်းပွားမှု ဖြေရှင်းရန်နည်းလမ်းများ၊ စာချုပ်ကို လွှမ်းမိုးသည့် ဥပဒေသတ်မှတ်ချက် များသည် မြန်မာနိုင်ငံ၏ တရားဥပဒေစနစ်နှင့် ကိုက်ညီခြင်း ရှိ မရှိ၊ လုပ်ငန်းလိုအပ်ချက်အရ ခြွင်းချက် အနေဖြင့် လက်ခံရန် သင့် မသင့်၊

(စ) တရားမျှတမှုမရှိသည့် စည်းကမ်းချက်နှင့်မလျော်ကန်သော သတ်မှတ်ချက်များ ပါဝင်ခြင်း ရှိ မရှိ၊

(ဆ) စာချုပ်တစ်ရပ်တွင် ပါရှိမြဲဖြစ်သော အောက်ပါဥပဒေရေးရာ စာပိုဒ်များပါရှိခြင်း ရှိ မရှိ-

Myanmar Law Information System (MLIS)

(၁) စာချုပ်နှင့်သက်ဆိုင်သည့်ဥပဒေ၊

(၂) အငြင်းပွားမှုကိုဖြေရှင်းခြင်း၊

(၃) မလွန်ဆန်နိုင်သောဖြစ်ရပ်၊

(၄) စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့ရက်၊

(၅) စာချုပ်ပြင်ဆင်ခြင်း၊

(၆) စာချုပ်ရပ်စဲခြင်း၊

(၇) စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခြင်း၊

(၈) စာချုပ်အားပြန်လည်စေ့စပ်ညှိနှိုင်းခြင်း၊

(၉) အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း။

(ဧ) မြေနှင့် အဆောက်အအုံများ ငှားရမ်းသည့် စာချုပ်ဖြစ်ပါက နည်းဥပဒေခွဲ (ဧ) ပါအချက်များအပြင် အောက်ပါအချက်များ ပါရှိခြင်း ရှိ မရှိ-

(၁) ငှားရမ်းသက်တမ်းနှင့် ငှားရမ်းသက်တမ်းတိုးမြှင့်ခြင်း၊

(၂) မြေနှင့်အဆောက်အအုံသို့ ပြန်လည်ဝင်ရောက်ခြင်း၊

(၃) မြေနှင့်အဆောက်အအုံကို ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း။

(ဈ) နိုင်ငံတော်အတွင်းဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် အကဲဖြတ်ဆန်းစစ်ချက်ရယူရန် လိုအပ် သည့် စာချုပ်ဖြစ်ပါက အောက်ပါအချက်များပါရှိခြင်း ရှိ မရှိ-

(၁) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)၊

(၂) လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Social Impact Assessment-SIA)၊

(၃) ကျန်းမာရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း (Health Impact Assessment-HIA)၊

(၄) ယဉ်ကျေးမှုအမွေအနှစ်များထိခိုက်မှုဆန်းစစ်ခြင်း (Cultural Heritage Impact Assessment-CHIA)၊

(၅) လူမှုစီးပွားတာဝန်ယူမှုဆန်းစစ်ခြင်း (Corporate Social Responsibility-CSR)။

## အခန်း (၅)

## စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်ပေးရာတွင် လိုက်နာရမည့်အချက်များ

၅၁။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများ၊ စီး ပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရာတွင်-

(က) နိုင်ငံတော်အတွက် ထိခိုက်နစ်နာနိုင်သည့် အချက်ကိုတွေ့ရှိပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းက သိရှိသတိမူနိုင်ရန် ထောက်ပြအကြံပြုရမည်။

(ခ) စာချုပ်ပါစည်းကမ်းချက်သည် နိုင်ငံတော်နှင့်ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ထိခိုက်နိုင်မှု ရှိ မရှိနှင့် စာချုပ်ဝင်များအကြား သာတူညီမျှမှု ရှိ မရှိတို့ကို စိစစ်ထောက်ပြရမည်။

Myanmar Law Information System (MLIS)

(ဂ) နိုင်ငံတော်အတွက် ထိခိုက်နစ်နာနိုင်သော ကိစ္စရပ်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်ပါဝင်ပါက ပယ် ဖျက်သင့်ကြောင်း ထောက်ပြအကြံပြုရမည်။

(ဃ) ဥပဒေကြောင်းအရ သုံးသပ်တွေ့ရှိချက်၊ ပြင်ဆင်ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်လိုအပ်သည့် အချက်၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပြန်လည်စိစစ်သုံးသပ်သင့်သည့်အချက်၊ ဆက်လက် ဆောင်ရွက်ရမည့် အချက်နှင့် သတိပြုသင့်သည့် အချက်များကို ထည့်သွင်းဖော်ပြ၍ အကြံပြုရမည်။

(င) စာချုပ်စာတမ်းပါ နည်းပညာဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ထောက်ပြအကြံပြုရမည်။

(စ) နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်း သိမ်းရေးဥပဒေ အပါအဝင်တည်ဆဲဥပဒေများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environ- mental Impact Assessment-EIA)၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Social Impact Assessment-SIA)၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း (Health Impact Assessment-HIA)၊ ယဉ်ကျေးမှုအမွေအနှစ်များထိခိုက်မှုဆန်းစစ်ခြင်း (Cultural Heritage Impact Assessment-CHIA)၊ လူမှုစီးပွားရေးတာဝန်ယူမှုဆန်းစစ်ခြင်း (Corporate Social Responsibility-CSR)၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုအစီရင်ခံစာ (Environmental Management Plan-EMP) တို့နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်လေ့လာဆန်းစစ်မှု (Feasibility Study) အသီးသီးတင်ပြပြီး ဆောင်ရွက်စေရန် ထောက်ပြအကြံပြုရမည်။

(ဆ) စာချုပ်အရ ပြန်လည်လွှဲပြောင်း ရယူရမည့် စီမံကိန်းလုပ်ငန်း၊ အဆောက်အအုံများသည် သက်ဆိုင် ရာဌာနက လွှဲပြောင်းရယူချိန်၌ ဆက်လက်၍ ရေရှည်အသုံးပြုရန်၊ ကောင်းမွန်သည့် အနေအထားဖြစ်စေ ရန်နှင့် ကောင်းမွန်သည့် အနေအထားမဖြစ်ခဲ့ပါက ကောင်းမွန်သည့်အနေအထားဖြစ်စေရန် ထောက်ပြ အကြံပြုရမည်။

၅၂။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည်-

(က) ချုပ်ဆိုပြီးသော စာချုပ်မိတ္တူကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ တောင်းယူပြီး မှတ်တမ်းတင်ထားရှိရမည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကပေးပို့သော စာချုပ်မိတ္တူများကို ပြည်ထောင်စုရှေ့ နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ဆောင်ရွက်ထားမှု ရှိ မရှိ၊ လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ချုပ်ဆို ထားသည့် အချက် ပါ မပါစိစစ်ပြီး ဥပဒေရေးရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားခြင်းမရှိ ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် အသိ ပေး အကြောင်းကြားရမည်။

## အခန်း (၆)

## အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်း

Myanmar Law Information System (MLIS)

၅၃။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် သက်ဆိုင်ခြင်း မရှိသော အထွေထွေ ဥပဒေအကြံဉာဏ်ပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုး သားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခု သို့ မဟုတ် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့တို့က ဥပဒေ အကြံဉာဏ်တောင်းခံသော ကိစ္စရပ်များကို စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးက လမ်းညွှန်မှုတောင်းခံသော ကိစ္စရပ်များကို စိ စစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးက ပေးပို့သော အထွေထွေ ဥပဒေအကြံပေးချက် မိတ္တူများကို စိစစ်ပြီး အတည်ပြုခြင်း၊ လိုအပ်ပါက ပြင်ဆင်ခြင်းပြုရမည်။

၅၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး အထွေထွေ ဥပဒေအကြံဉာဏ်ပေးရေးဌာန သည် တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း ၍-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ခုခုနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က ဥပဒေအကြံဉာဏ်တောင်းခံသည့်အ ခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ကိုယ်တိုင်က စိစစ်ပြီး ဥပဒေအကြံဉာဏ် ပေးခြင်းဖြစ် စေ၊ ယင်းကတာဝန်ပေးအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိက စိစစ်ပြီး တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ အတည်ပြုချက်ဖြင့် ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်စေ ဆောင်ရွက်ရမည်။

(၂) ဥပဒေပြဿနာဆိုင်ရာ ခက်ခဲနက်နဲသောကိစ္စရပ်၊ မူဝါဒရေးရာနှင့် စပ်လျဉ်းသည့် ကိစ္စရပ်၊ သက် ဆိုင်ရာအဆင့်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပြည်ပနိုင်ငံနှင့်ဖြစ်စေ၊ အခြားပုဂ္ဂလိက အဖွဲ့ အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်ဖြစ်စေ စာချုပ်စာတမ်းများချုပ်ဆိုသည့် ကိစ္စရပ်များဖြစ်ပါက ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ တင်ပြ၍ လမ်းညွှန်မှုခံယူပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(၃) အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရန်ကိစ္စအတွက် ဥပဒေအကြံဉာဏ်ပေး ရာတွင် လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လမ်းညွှန်မှုခံယူရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးမှအပ ဥပဒေရုံးအဆင့်ဆင့်သည်-

(၁) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ဥပဒေအကြံဉာဏ် တောင်းခံသည့် တရား စွဲမတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့်သက်ဆိုင်ခြင်းမရှိသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေအကြံ ဉာဏ်ပေးရာတွင် တာဝန်ခံ ဥပဒေအရာရှိကိုယ်တိုင် စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(၂) ဥပဒေပြဿနာဆိုင်ရာ ခက်ခဲနက်နဲသော ကိစ္စရပ်ဖြစ်ကြောင်း တွေ့ရှိပါက တစ်ဆင့်မြင့်ဥပဒေရုံးသို့ တင်ပြ၍ လမ်းညွှန်မှုခံယူပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

Myanmar Law Information System (MLIS)

(၃) မူဝါဒရေးရာနှင့် စပ်လျဉ်းသည့်ကိစ္စရပ်၊ သက်ဆိုင်ရာအဆင့်ရှိ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း တစ်ခုခုက ပြည်ပနိုင်ငံနှင့်ဖြစ်စေ၊ အခြားပုဂ္ဂလိက အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်ဖြစ်စေ စာချုပ်စာ တမ်းများချုပ်ဆိုသည့် ကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် ရုံးမှ တစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြ၍ လမ်းညွှန်မှုခံယူပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(၄) အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရန်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဥပဒေအကြံ ဉာဏ်ပေးရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးမှတစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြ၍ လမ်းညွှန်မှုခံယူပြီး ဥပဒေ အကြံဉာဏ်ပေးရမည်။

၅၅။ နည်းဥပဒေ ၅၄ အရ ဥပဒေအကြံဉာဏ်ပေးသည့်အခါ-

(က) ဥပဒေအကြံပြုချက်မိတ္တူကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်ပါက ပြည် ထောင်စုရှေ့နေချုပ်ရုံးသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးမှအပ ဥပဒေ ရုံးအဆင့်ဆင့်ဖြစ်ပါက တစ်ဆင့်မြင့်ဥပဒေရုံးသို့ လည်းကောင်း ပေးပို့ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပေးပို့သော ဥပဒေအကြံပြုချက်မိတ္တူကို လက်ခံရရှိသည့် ပြည်ထောင်စုရှေ့ နေချုပ်ရုံး သို့မဟုတ် တစ်ဆင့်မြင့်ဥပဒေရုံးသည် ဥပဒေအကြံပြုချက်မိတ္တူကို စိစစ်ပြီးနောက် အတည် ပြုလျှင် အတည်ပြုချက်ကို လည်းကောင်း၊ ပြင်ဆင်သင့်ကြောင်း တွေ့ရှိလျှင် ပြင်ဆင်အကြံပြုချက်ကို လည်းကောင်း သက်ဆိုင်ရာ ဥပဒေရုံးသို့ ပြန်ကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ပြင်ဆင်အကြံပြုချက်ကို ပြန်ကြားရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှအပ တစ်ဆင့်မြင့်ဥပဒေရုံးသည် ပြန်ကြားစာမိတ္တူကို သက်ဆိုင်ရာ ဥပဒေရုံး၏ ကနဦး ဥပဒေအကြံပြုချက် မိတ္တူနှင့်အတူ တစ်ဆင့်မြင့် ဥပဒေရုံးသို့ ပေးပို့ရမည်။ ပြင်ဆင်အကြံပြုသည့် ဥပဒေရုံးသည် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်ပါက ပြင်ဆင်အကြံပြုချက် မိတ္တူကို ကနဦးဥပဒေအကြံပြု ချက် မိတ္တူနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ရမည်။

(ဃ) ပြင်ဆင်အကြံပြုချက်ရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး သို့မဟုတ် သက် ဆိုင်ရာ ဥပဒေရုံးသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် တစ်ဆင့်မြင့် ဥပဒေရုံး၏ ပြင်ဆင်အကြံပြု ချက်နှင့်အညီ သက်ဆိုင်ရာဥပဒေအကြံဉာဏ်တောင်းခံသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြင်ဆင် အကြံပြုရမည်။ ထိုသို့ပြင်ဆင်အကြံပြုရာတွင် တစ်ဆင့်မြင့် ဥပဒေရုံး သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ် ရုံး၏ ပြင်ဆင်အကြံပြုချက်အတိုင်း တိကျစွာ ရေးသားဖော်ပြရမည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးမှအပ ဥပဒေရုံးအဆင့်ဆင့်သည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက အရေးတကြီးပေါ်ပေါက်လာသော ကိစ္စနှင့်စပ်လျဉ်း၍ အထွေ ထွေ ဥပဒေအကြံဉာဏ်ပေးရန် အကြောင်းကြားပါက-

Myanmar Law Information System (MLIS)

(က) တာဝန်ခံဥပဒေအရာရှိ ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ဥပဒေအကြံဉာဏ်ပေးရမည်။ နှုတ် ဖြင့် ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါက မိမိ၏အကြံပြုချက်ကို တစ်ဆင့်မြင့် ဥပဒေရုံးသို့ စာဖြင့်တင်ပြရ မည်။ စာဖြင့် ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါက မိမိ၏ အကြံပြုချက်မိတ္တူကို တစ်ဆင့်မြင့်ဥပဒေရုံးသို့ ပေးပို့ရမည်။

(ခ) တာဝန်ခံဥပဒေအရာရှိ အခိုက်အတန့်မရှိလျှင် ခေတ္တတာဝန်ခံ ဥပဒေအရာရှိက ဥပဒေအကြံဉာဏ် ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဥပဒေအကြံဉာဏ်ပေးခြင်းကို တာဝန်ခံ ဥပဒေအရာရှိထံ စာဖြင့်မပျက်မ ကွက် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၅၇။ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းထံမှ လိုအပ်သည့် အမိန့်၊ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်၊ ဆောင်ရွက်ချက်၊ အမှုတွဲနှင့် အခြားစာရွက်စာတမ်းများကို တောင်းယူနိုင်သည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ဥပဒေရေးရာနှင့် စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန်လိုအပ်ပါက သက်ဆိုင်ရာအဆင့်ရှိ အဖွဲ့အစည်းထံမှ လိုအပ်သည့် အမိန့်၊ ဆုံး ဖြတ်ချက်၊ ညွှန်ကြားချက်၊ ဆောင်ရွက်ချက်၊ အမှုတွဲနှင့် အခြားစာရွက်စာတမ်းများကို တောင်းယူနိုင် သည်။

၅၉။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာ ချုပ်စာတမ်းများ စိစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်းတွင်လည်းကောင်း၊ စီးပွားရေးဆိုင်ရာ စာချုပ် စာတမ်းများ စိစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်းတွင်လည်းကောင်း၊ အထွေထွေဥပဒေ အကြံဉာဏ် ပေးခြင်းတွင်လည်းကောင်း ဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စရပ်များကို ဆောင်ရွက်သည့်အခါ ဥပရ အကြံပေးမှတ်ပုံတင်တွင် ဖြည့်သွင်း၍ ဆောင်ရွက်ရမည်။

## အပိုင်း ၆

## တရားစွဲနှင့် အမှုလိုက်ဌာနဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

### အခန်း (၁)

### ဌာနခွဲများဖွဲ့စည်းခြင်း

၆၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားစွဲနှင့်အမှုလိုက်ဌာနကို အောက်ပါဌာနခွဲများဖြင့် ဖွဲ့စည်းထားရှိ သည်-

(က) တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးရေးနှင့် တင်ပြချက်များ စိစစ်ရေးဌာနခွဲ၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြစ်မှုဆိုင်ရာ အမှုလိုက်ဌာနခွဲ၊

(ဂ) ပြစ်မှုဆိုင်ရာ အယူခံ၊ ပြင်ဆင် စိစစ်ရေးဌာနခွဲ၊

(ဃ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ၊

(င) တရားမဆိုင်ရာ အမှုလိုက်ဌာနခွဲ။

### အခန်း (၂)



Myanmar Law Information System (MLIS)

## ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားစွဲနှင့် အမှုလိုက်ဌာန၏ လုပ်ငန်းတာဝန်များ

၆၁။ တရားစွဲနှင့်အမှုလိုက်ဌာနသည်-

(က) တရားစွဲအဖွဲ့အစည်းတစ်ခုခုက တရားစွဲဆိုနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံ ဉာဏ် တိုက်ရိုက်တောင်းခံသည့် ကိစ္စရပ်များကို စိစစ်ပြီး ဥပဒေအကြံပြုချက်ကို ပြန်ကြားရမည်။

(ခ) ဥပဒေရုံးအဆင့်ဆင့်၏ ဥပဒေအကြံပြုချက်မိတ္တူကို လက်ခံရရှိသည့်အခါ စိစစ်ပြီး ပြင်ဆင်ရန်အ ကြောင်းပေါ်ပေါက်ပါက ပြင်ဆင်အကြံပြုချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ ပြန်ကြားရမည်။ လိုအပ်ပါက ရဲစက္ကူအမှုတွဲ မူရင်းကို တောင်းယူပြီး စိစစ်ရမည်။

(ဂ) ဥပဒေရုံးအဆင့်ဆင့်နှင့်စပ်လျဉ်း၍ တင်ပြချက်နှင့် တိုင်ကြားချက်တို့ကို စိစစ်ဆောင်ရွက်ရမည်။

၆၂။ တရားစွဲနှင့် အမှုလိုက်ဌာနသည် အောက်ပါအမှုများကို နိုင်ငံတော်ဘက်မှ ဖြစ်စေ၊ ရုံးသဟာယအဖြစ် ဖြင့်ဖြစ်စေ လိုက်ပါဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ကြားနာသည့် နိုင်ငံတော်ပါဝင်သော ပြစ်မှုနှင့် တရားမဆိုင် ရာ မူလမှု၊ အယူခံမှု၊ အထူးအယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ အထွေထွေလျှောက်ထားမှုနှင့် စာ ချွန်တော်အမိန့် လျှောက်ထားမှုများ၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် ကြားနာသည့် အမှုများ၊

(ဂ) ရွေးကောက်ပွဲခုံအဖွဲ့တွင် ကြားနာသည့် အမှုများ၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လိုက်ပါဆောင်ရွက်ရသည့် အမှုများ။

၆၃။ တရားစွဲနှင့်အမှုလိုက်ဌာနသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကြားနာသော သေဒဏ် ထိုက်သည့် ပြစ်မှုဆိုင်ရာအမှုဖြင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံက ရှေ့နေငှားရန် စွမ်း ဆောင်နိုင်ခြင်းမရှိကြောင်း တင်ပြလျှင် အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပေးရန် စီစဉ်ဆောင်ရွက်ပြီး အ ဆိုပါအမှုတွင် တရားခံရှေ့နေအဖြစ် လိုက်ပါခွင့်ပြုကြောင်း တာဝန်ပေးအပ်သည့် စာကို သက်ဆိုင်ရာ ရှေ့ နေအား ထုတ်ပေးရမည်။

၆၄။ တရားစွဲနှင့် အမှုလိုက်ဌာနသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အပြီးအပြတ်လွှတ်သည့် အမိန့်ကို အယူခံ ဝင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးက တင်ပြသော ဥပရအမှုလိုက်ပုံစံ (၇) ကို လက်ခံရရှိသည့်အခါ ရက်ပေါင်း ၃ဂ အတွင်း ဥပရအမှုလိုက်ပုံစံ (၈) ဖြင့် စိစစ်ပြီး အယူခံဝင်သင့် ကြောင်း တွေ့ရှိလျှင် ကာလစည်းကမ်းသတ်ရက်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှု တင်သွင်းရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ကြားနာသော ပြစ်မှုဆိုင်ရာအယူခံမှုနှင့် ပြင်ဆင်မှုများတွင် အပြီးအပြတ်လွှတ်သည့် အမိန့်ကို ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ အရ အထူးအယူခံဝင် သင့်ကြောင်း တွေ့ရှိလျှင် ကာလစည်းကမ်းသတ်ရက်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အ ထူးအယူခံမှု တင်သွင်းရမည်။



Myanmar Law Information System (MLIS)

(ဂ) နည်းဥပဒေခွဲ (ခ) တွင် ဖော်ပြထားသည့် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အထူးအယူခံမှုတင်သွင်း ပေးရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် နစ်နာသူအမှုသည်က လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူများ၏ နေရပ်လိပ်စာအပြည့်အစုံဖော်ပြစေရမည့်ပြင် လျှောက် လွှာပေါ်တွင် သတ်မှတ်ထားသည့် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်စေရမည်။ ရက်ပေါင်း ၃၀ ကျော်လွန် ၍ လျှောက်ထားသည့်ကိစ္စတွင် မည်သည့်အကြောင်းကြောင့် သတ်မှတ်ရက်ထက် ကျော်လွန်ရကြောင်း ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ ပူးတွဲတင်ပြစေရမည်။

(ဃ) အထူးအယူခံမှုခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် စစ်ဆေးစီရင်သည့် အမှုမှအပ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က အပြီးသတ်စစ်ဆေးစီရင်ထားသည့် မည်သည့် အမှုကိုမဆို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ထိုပြဿနာကို ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ ပြည်ထောင်စုတရားသူကြီးချုပ်က အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန် လည်စစ်ဆေးစီရင်ရန် သင့် မသင့် အဆုံးအဖြတ်ပြုဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုတရားသူ ကြီးချုပ်ထံ လျှောက်ထားရမည်။

(င) အယူခံ သို့မဟုတ် အထူးအယူခံဝင်ရောက်ခြင်း ရှိ မရှိကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ လျှောက်ထားသည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် နစ်နာသူ အမှု သည်ထံသို့ အသိပေးပြန်ကြားရမည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက အယူခံ သို့မဟုတ် အထူးအယူခံဝင် သည့်အခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ အသိပေးပြန်ကြားရမည်။

၆၅။ တရားစွဲနှင့် အမှုလိုက်ဌာနသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်သည့် စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်ပါဝင်သော ပြစ်မှုဆိုင်ရာအမှုများတွင် အရေးယူလောက်သော ဥပဒေပြဿနာပေါ် ပေါက်ပါက အထူးအယူခံမှု တင်သွင်းရန် ဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ချမှတ်သည့်စီရင်ချက်၊ အမိန့် သို့မ ဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်ပါဝင်သော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု၊ အထွေထွေလျှောက် ထားမှု တင်သွင်းရန် သင့် မသင့် တင်ပြချက်ကို စိစစ်ပြီးလိုအပ်သလို ဆောင်ရွက်ရမည်။

(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက လိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာ အမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ပေးပို့သော အမှုပြီးပြတ်ချက် အစီ ရင်ခံစာအရဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် သိရှိချက်အရဖြစ်စေ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထား မှု တင်သွင်းသင့်ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာတရားရုံးသို့ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု တင် သွင်းရန် ဆောင်ရွက်ရမည်။

(ဃ) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းရာတွင် တရားရုံးများလက်စွဲအရ ကာလစည်းကမ်းသတ်ရက် ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာ တရားရုံးသို့ တင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်။ အကြောင်းတစ်စုံတစ် ရာကြောင့်

Myanmar Law Information System (MLIS)

ကာလစည်းကမ်းသတ်ရက်အတွင်း ပြင်ဆင်မှု တင်သွင်းခြင်း မပြုနိုင်ပါက မည်သည့်အတွက် ကြန့်ကြာရကြောင်း ရှင်းလင်းချက်နှင့် လိုအပ်သော ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ ပူးတွဲ၍ တင်သွင်းရမည်။

၆၆။ တရားစွဲနှင့်အမှုလိုက်ဌာနသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုနှင့်စပ်လျဉ်း၍-

(က) ဥပဒေအကြံဉာဏ်တောင်းခံပါက စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းဘက်မှ လိုက်ပါဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဒီကရီနှင့် စပ်လျဉ်း၍ နိုင်ငံ တော်ပါဝင်သော တရားမမှုများတွင် အရေးယူလောက်သော ဥပဒေပြဿနာ ပေါ်ပေါက်ပါက အထူးအယူ ခံမှုတင်သွင်းရန် ဆောင်ရွက်ရမည်။

(ဃ) အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် အထွေထွေလျှောက်ထားမှုတင်သွင်းရန် သင့် မသင့် တင်ပြချက်ကို စိစစ်ပြီး လိုအပ်သလို ဆောင်ရွက်ရမည်။

(င) ဥပဒေရုံးအဆင့်ဆင့်က အမှုလိုက်ပါဆောင်ရွက်ရာတွင် ခက်ခဲနက်နဲသော ဥပဒေရေးရာ ပြဿနာ များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးက လမ်းညွှန်မှုတောင်းခံသည့်အခါ စိစစ်ပြီး လိုအပ်သလို ပြန်ကြားရမည်။

၆၇။ တရားစွဲနှင့်အမှုလိုက်ဌာနသည် အများပြည်သူဆိုင်ရာ လူ့ဒါန်းမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုနိုင် ရေးအတွက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၂ အရ ခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားသည့်ကိစ္စကို စိ စစ်ပြီး ပြည်ထောင်စုရှေ့နေချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၆၈။ တရားစွဲနှင့် အမှုလိုက်ဌာနသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ စစ်ဆေးစီရင်လျက်ရှိသည့် ပြစ်မှုဆိုင်ရာအမှုတွင် ဆုံးဖြတ် ချက်မချမှတ်မီ မည်သည့်အဆင့်၌မဆို ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန်ပေးအပ်ချက်အရ အမှုကို ဆိုင်းငံ့ထားရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

(ခ) တည်ဆဲဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပါ ပြည်ထောင်စုရှေ့နေချုပ်အား အပ်နှင်း ထားသော ပြစ်မှုနှင့် တရားမဆိုင်ရာ အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန်ပေးအပ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၆၉။ တရားစွဲနှင့်အမှုလိုက်ဌာနသည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေ ချုပ်၏ တာဝန်ပေးအပ်ချက်အရ ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန် လိုအပ်ပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာ တရားရုံးများ၊ တရားစွဲ အဖွဲ့အစည်းထံမှ လိုအပ်သည့်အမိန့်နှင့် စီ ရင်ချက်၊ ဆုံးဖြတ်ချက်၊ အမှုတွဲနှင့် အခြားစာရွက်စာတမ်းများကို တောင်းယူနိုင်သည်။

## အပိုင်း ၇

## တရားစွဲဆိုတင်ပို့ခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်း

### အခန်း (၁)

### တရားရုံးတွင် ချုပ်မိန့်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ စိစစ်ခြင်း

၇၀။ ဥပဒေရုံးအဆင့်ဆင့်သည် တရားစွဲအဖွဲ့အစည်းက တရားခံကို ချုပ်မိန့်တောင်းခံသည့်အခါ-

(က) ပထမသတင်းပေးတိုင်တန်းချက်၊ တရားခံနှင့်သက်ဆိုင်သည့် အချက်အလက်အပြည့်အစုံ၊ ရဲနေ့ စဉ်မှတ်တမ်းနှင့် မည်သည့်နေ့ရက်မှ မည်သည့်နေ့ရက်အထိ ချုပ်မိန့်တောင်းခံကြောင်းတို့ကို ချုပ်မိန့် တောင်းပုံစံတွင် ပြည့်စုံစွာဖြည့်သွင်းရေးသားခြင်း ရှိ မရှိနှင့် ယင်းရေးသားချက်များ မှန် မမှန်တို့ကို တ ရားခံနှင့် တိုက်ဆိုင်စိစစ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တိုက်ဆိုင်စိစစ်ရာတွင် တရားခံသည် ကလေးသူငယ် ဟုတ် မဟုတ် သက် ဆိုင်ရာ ဥပဒေနှင့်အညီ စိစစ်ရမည်။

(ဂ) တရားခံသည် ကလေးသူငယ်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက တရားစွဲအဖွဲ့အစည်း၏ သဘောထား ကိုရယူပြီး အောက်ဖော်ပြပါ အကြောင်းအရာများအနက် သင့်လျော်သည်ဟု ထင်မြင်သည့် အချက်ကို မှတ်ချက်ပြုဖော်ပြ၍ တရားရုံးသို့ ဆက်လက်တင်ပြရမည်-

(၁) ခံဝန်ချုပ်ဖြင့် လွှတ်ထားသင့်ကြောင်း၊

(၂) မိဘ၊ အုပ်ထိန်းသူထံ စည်းကမ်းချက်ဖြင့် အပ်နှံထားသင့်ကြောင်း၊

(၃) ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့် နေရာတွင် စည်းကမ်းချက်ဖြင့် အပ်နှံထားသင့်ကြောင်း။

(ဃ) ချုပ်မိန့်တောင်းပုံစံတွင် ဖြည့်သွင်းရေးသားထားသည့် အချက်အလက်များ ပြည့်စုံမှုမရှိခြင်း သို့မ ဟုတ် မှန်ကန်မှုမရှိခြင်းကို စိစစ်တွေ့ရှိပါက သက်ဆိုင်ရာ ချုပ်မိန့်တောင်းခံသည့် တရားစွဲအဖွဲ့အစည်း အား ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်စေရန် ချုပ်မိန့်တောင်းပုံစံကို ပြန်ပို့ရမည်။

(င) ချုပ်မိန့်တောင်းပုံစံတွင် ဖြည့်သွင်းရေးသားထားသည့် အချက်အလက်များပြည့်စုံမှန်ကန်ကြောင်း စိ စစ်တွေ့ရှိပါက သဘောထားမှတ်ချက်ဖြင့် တရားရုံးသို့ ဆက်လက်ပေးပို့ရမည်။

၇၁။ ဥပဒေရုံးအဆင့်ဆင့်သည် တရားခံကို ချုပ်မိန့်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ဆုံးဖြတ် ချက်ကိုလည်းကောင်း၊ ချုပ်မိန့်ရယူထားသော တရားခံကို ချုပ်မိန့်စေ့သည့်ရက်တွင် တရားစွဲတင်ခြင်း ရှိ မရှိ ကိုလည်းကောင်း၊ ချုပ်မိန့်ရယူထားသော ကာလအတွင်း တရားခံကို အာမခံပေးခြင်း ရှိ မရှိကို လည်းကောင်း၊ ချုပ်မိန့်ရယူထားသော ကာလအတွင်း အချုပ်မှလွှတ်လျှင်သော်လည်းကောင်း ဥပရ မှတ် ပုံတင် (၁) တွင် မှတ်တမ်းတင်ထားရမည်။ ယင်းသို့မှတ်တမ်းတင်ထားနိုင်ရန် သက်ဆိုင်ရာ မှုခင်းမှတ် တမ်းအဖွဲ့က သက်ဆိုင်ရာဥပဒေရုံးသို့ အစီရင်ခံစာတင်ပြရမည်။ အာမခံပေးနိုင်သော အမှုတွင် တရားစွဲ အဖွဲ့အစည်းက တရားခံကို ချုပ်မိန့်တောင်းခံပါက မည်သည့်အတွက် ချုပ်မိန့်ရယူသင့်ကြောင်း ခိုင်လုံ သည့် အကြောင်းပြချက်ပါရှိလျှင် တင်ပြတောင်းခံသော စွပ်စွဲခံရသူနှင့်

စပ်လျဉ်းသည့် အချက်အလက် များကို အထောက်အထားပြု၍ ဥပဒေနှင့်ညီညွတ်သော မိမိ၏မှတ်ချက်နှင့်အတူ တရားရုံးသို့ တင်ပို့ရ မည်။

## အခန်း (၂)

## ပြစ်မှုဆိုင်ရာအမှုကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့်တင်ပြချက်များ စိစစ်ခြင်း

၇၂။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ပြစ်မှုဆိုင်ရာအမှုကို တရားစွဲဆိုခြင်း မပြုမီ ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ်တောင်းခံသည့်အခါ ဥပဒေအကြံဉာဏ်ပေးရန် တာဝန်ရှိသည်။

(ခ) ဥပဒေရုံးအဆင့်ဆင့်သည် ဥပဒေအကြံဉာဏ်ပေးရာတွင် ခက်ခဲနက်နဲသော ဥပဒေရေးရာ ပြဿနာ ပေါ်ပေါက်ခြင်းမရှိပါက တစ်ဆင့်မြင့်ဥပဒေရုံးသို့ လမ်းညွှန်အကြံပြုချက်တောင်းခံခြင်းမပြုဘဲ မိမိအဆင့် တွင်သာ ဥပဒေအကြံဉာဏ်ပေးရမည်။

၇၃။ တရားစွဲအဖွဲ့အစည်းသည်-

(က) တရားစွဲဆိုမည့် အမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီဖြစ်စေရေးအတွက် ဥပဒေအကြံဉာဏ်တောင်းခံ သည့်အခါ အမှုနှင့်သက်ဆိုင်သော အောက်ပါစာရွက်စာတမ်းများကို သက်ဆိုင်ရာဥပဒေရုံးသို့ ပေးပို့ရ မည်-

(၁) ပထမသတင်းပေးတိုင်တန်းချက် သို့မဟုတ် ဦးတိုက်လျှောက်လွှာ၊

(၂) တရားလို၊ တရားခံနှင့် လိုအပ်သောသက်သေတို့၏ ထွက်ဆိုချက်အပြည့်အစုံ၊

(၃) တရားရုံး၌ပေးထားသော ဖြောင့်ချက်၊ ကြိုတင်ထွက်ဆိုချက်ရှိပါက ယင်းဖြောင့်ချက်၊ ကြိုတင် ထွက်ဆိုချက်ရှိကြောင်း ဖော်ပြချက်၊

(၄) ဆေးစာ၊ ဓာတုဗေဒဝန်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ ဘာသာရပ်ကျွမ်းကျင်သူ၏ စစ်ဆေး ထင်မြင်ချက်နှင့် အခြားလိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊

(၅) အစိုးရသက်သေနှင့် စပ်လျဉ်းသော ကြိုတင်ထွက်ချက် သို့မဟုတ် ဖြောင့်ချက်ရှိကြောင်း ဖော်ပြ ချက်၊

(၆) အမှုနှင့်ဆက်စပ်နေသော စာရွက်စာတမ်းများနှင့် ရေးမှတ်ထားသော စာရွက်စာတမ်းများ။

(ခ) ချုပ်မိန့်တောင်းခံထားသော အမှုတွင် ချုပ်မိန့် ၁၅ ရက်အထိ တောင်းခံနိုင်သော အမှု၌ သုံးရက် ကြိုတင်၍လည်းကောင်း၊ ချုပ်မိန့်ရက် ၃၀ အထိတောင်းခံနိုင်သော အမှု၌ ခုနစ်ရက်ကြိုတင်၍ လည်း ကောင်း သက်ဆိုင်ရာဥပဒေရုံးသို့ ဥပဒေအကြံဉာဏ် တောင်းခံရမည်။

၇၄။ တရားစွဲအဖွဲ့အစည်းသည် လုံလောက်သောအချိန်ရရှိပါလျက် စုံစမ်းထောက်လှမ်းမှုကို ပြည့်စုံစွာ ဆောင်ရွက်ခြင်းမရှိဘဲ ချုပ်မိန့်ကုန်ဆုံးလုနီးအချိန်၌ ဥပဒေအကြံပြုချက် တောင်းခံလျှင် သက်ဆိုင်ရာ ဥပဒေရုံးသည် ယင်းအမှုအပေါ် ပြည့်စုံစွာသုံးသပ်၍ အကြံပြုချက်ပြန်ကြားပြီးနောက် လိုအပ်သော ဌာန ဆိုင်ရာ အရေးယူမှုပြုနိုင်ရေးအတွက် တရားစွဲအဖွဲ့အစည်းနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်ရန် တစ်ဆင့်မြင့် ဥပဒေရုံးသို့ တင်ပြရမည်။

Myanmar Law Information System (MLIS)

၇၅။ ဥပဒေရုံးအဆင့်ဆင့်သည် ဥပဒေအကြံဉာဏ်ပေးခြင်းကို ဥပရ အမှုလိုက်ပုံစံ (၁) ဖြင့် အကြံပြုပြန် ကြားရမည်။ ယင်းအကြံပြုပြန်ကြားချက်နှင့် စပ်လျဉ်း၍ အဆင့်မြင့်ဥပဒေရုံးသည် လမ်းညွှန်အကြံပြုရာ တွင်လည်းကောင်း၊ ပြင်ဆင်အကြံပြုရာတွင်လည်းကောင်း ဥပဒေအချက်အလက်နှင့် အကျိုးအကြောင်း ပြည့်စုံစွာ ဖော်ပြသုံးသပ်ရမည်။

၇၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် လေ့လာဖတ်ရှုရသော ရဲစက္ကူအမှုတွဲနှင့် သက်ဆိုင်ရာအမှုတွဲပါ စာရွက်စာတမ်းအထောက်အထားများအရ အောက်ပါအချက်အလက်များနှင့်စပ် လျဉ်း၍ စိစစ်အကြံဉာဏ်ပေးရမည်-

(က) တရားစွဲဆိုနိုင်ရေးအတွက် လိုအပ်သော သက်သေခံအထောက်အထားများ၊

(ခ) တရားခံအပေါ် ငြိစွန်းသည့် ဥပဒေပုဒ်မ၊

(ဂ) မည်သူ့ကို တရားစွဲဆိုသင့်ကြောင်းနှင့် မည်သူ့ကို တရားလိုပြသက်သေအဖြစ် အသုံးပြုသင့် ကြောင်း၊

(ဃ) မည်သည့်တရားခံကို အစိုးရသက်သေအဖြစ် ပြောင်းလဲအသုံးပြုသင့်ကြောင်း၊

(င) အမှုတည်ဆောက်မှုခိုင်မာရေးအတွက် တရားစွဲအဖွဲ့အစည်းက ဆက်လက်ဆောင်ရွက်သင့်သော ကိစ္စ ရပ်များ။

၇၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည်-

(က) တရားစွဲအဖွဲ့အစည်းက အမှုနှင့်စပ်လျဉ်း၍ လိုအပ်သော အဓိကအချက်များကို ဆောင်ရွက်ခြင်းမ ပြုဘဲ ဥပဒေအကြံဉာဏ်တောင်းခံကြောင်း ရဲစက္ကူအမှုတွဲပါ စာရွက် စာတမ်းအထောက်အထားများအရ တွေ့ရှိပါက ယင်းအချက်များကို ဆောင်ရွက်စေရန် တရားစွဲအဖွဲ့အစည်းသို့ ညွှန်ပြ၍ ရဲစက္ကူအမှုတွဲကို ပေးပို့ပြန်ကြားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ညွှန်ပြသော အချက်များနှင့်စပ်လျဉ်း၍ တရားစွဲအဖွဲ့အစည်းက ပြည့်စုံစွာ ဆောင်ရွက်ပြီး ပြန်လည်တင်ပြလျှင် ဥပဒေအကြံဉာဏ်ပေးရမည်။

၇၈။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံ ဉာဏ်ပေးရာတွင်-

(၁) အမှုတွဲပါ အကြောင်းခြင်းရာ ပေါ်ပေါက်ချက်တို့ကို ပြည့်စုံစွာ စိစစ်သုံးသပ်၍ တရားစွဲဆိုရန် သင့် မသင့် တိကျစွာ အကြံပြုပြန်ကြားရမည်။

(၂) တရားမကြောင်းဖြင့်သာ အကျုံးဝင်သောအမှုကို ပြစ်မှုကြောင်းဖြင့်လည်းကောင်း၊ ပြစ်မှုကြောင်း ဖြင့်သာ အကျုံးဝင်သောအမှုကို တရားမကြောင်းဖြင့်လည်းကောင်း ဥပဒေအကြံဉာဏ်ပေးခြင်းမပြုရ။

(ခ) ဥပဒေရုံးအဆင့်ဆင့်သည် ထူးခြားသော သို့မဟုတ် ခိုင်လုံသောအကြောင်းမရှိလျှင် မိမိရုံးက လိုက် ပါဆောင်ရွက်ခွင့်မရှိသော အမှုကို ဥပဒေအကြံဉာဏ်ပေးခြင်း မပြုရ။

(ဂ) ဥပဒေရုံးအဆင့်ဆင့်သည် သက်ဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့်ရှိသော အမှုမှတစ်ပါး အခြားအမှု ကို ဥပဒေအကြံဉာဏ်ပေးခြင်းမပြုရ။

၇၉။ ဥပဒေရုံးအဆင့်ဆင့်သည် တရားစွဲအဖွဲ့အစည်းက တရားစွဲဆိုခြင်းမပြုမီ သက်ဆိုင်ရာ ဥပဒေရုံးသို့ စာဖြင့်ဥပဒေအကြံဉာဏ် တောင်းခံသည့်ကိစ္စကို စိစစ်အကြံပြုရာတွင် ချုပ်မိန့်တောင်းခံထားသော အမှု နှင့်စပ်လျဉ်း၍ ချုပ်မိန့်ပေးထားသော ကာလအတွင်း သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသို့ ဥပဒေအကြံ ပြု ပြန်ကြားရမည်။

၈၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက အရေးတကြီး ဆောင်ရွက်ရမည့် တရား ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်သဖြင့် ဥပဒေအကြံဉာဏ်တောင်းခံသည့် အခါ-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ကဖြစ်စေ၊ တာဝန်ခံ ဥပဒေအရာရှိကဖြစ်စေ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ဥပဒေအကြံဉာဏ်ပေးနိုင်သည်။ စာဖြင့် ဥပဒေအကြံ ဉာဏ်ပေးပါက မိမိ၏ အကြံပြုချက်မိတ္တူကိုလည်းကောင်း၊ နှုတ်ဖြင့် ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါ က မိမိ၏အကြံပြုချက်ကို စာဖြင့်ရေးသား၍လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ချက်ချင်းတင် ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် အခိုက်အတန့်မရှိလျှင် ယင်းကတာဝန်ပေးအပ်သော သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိကလည်းကောင်း၊ တာဝန်ခံဥပဒေအရာရှိ အခိုက်အတန့်မရှိလျှင် ခေတ္တတာဝန်ခံ ဥပဒေအရာရှိကလည်းကောင်း စာဖြင့် ဥပဒေအကြံဉာဏ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဥပဒေအကြံပြုချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ထံလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိထံလည်းကောင်း ရုံးတွင်းစာဖြင့် မ ပျက်မကွက်တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၈၁။ (က) မြို့နယ်ဥပဒေရုံးသည် ဥပဒေအကြံဉာဏ်ပေးရာတွင် မိမိ၏အကြံပြုချက်မိတ္တူကို ခရိုင် ဥပဒေရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများသို့ ပေးပို့ရမည်။

(ခ) ခရိုင်ဥပဒေရုံးသည်-

(၁) မြို့နယ်ဥပဒေရုံး၏ အကြံပြုချက်မိတ္တူကို စိစစ်ပြီးနောက် အတည်ပြုလျှင် အတည်ပြုချက်ကို လည်းကောင်း၊ ပြင်ဆင်သင့်ကြောင်း တွေ့ရှိလျှင် ပြင်ဆင်အကြံပြုချက်ကိုလည်းကောင်း မြို့နယ်ဥပဒေ ရုံးသို့ ပြန်ကြားရမည်။ အတည်ပြုချက်မိတ္တူ သို့မဟုတ် ပြင်ဆင်အကြံပြုချက်မိတ္တူကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ဆောလျင်စွာ ပေးပို့ရမည်။

(၂) မြို့နယ်ဥပဒေရုံး၏ အကြံပြုချက်ကို ပြင်ဆင်အကြံပြုပါက ယင်းပြင်ဆင်အကြံပြုချက်မိတ္တူကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ကနဦး အကြံပြုချက် မိတ္တူပူးတွဲ၍ ပေးပို့ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိသည်-

(၁) ခရိုင်ဥပဒေရုံး၏ အတည်ပြုချက် သို့မဟုတ် ပြင်ဆင်အကြံပြုချက်မိတ္တူကို ရရှိသည့်အခါ စိစစ်၍ ဖြစ်စေ၊ ဥပဒေနှင့်အညီ ဆောလျင်စွာဆောင်ရွက်ရန် လိုအပ်ပြီး ပြင်ဆင်သင့်ကြောင်း တွေ့ရှိသည့်အခါ ဖြစ်စေ ပြင်ဆင်အကြံပြုပြီး ယင်းပြင်ဆင်အကြံပြုချက်ကို ကနဦးဥပဒေအကြံဉာဏ်ပေးသည့် သက်ဆိုင် ရာဥပဒေရုံးသို့ ဆောလျင်စွာပေးပို့၍ ပြင်ဆင်အကြံပြုချက်မိတ္တူကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက် ဆိုင်ရာ ခရိုင်ဥပဒေရုံးများသို့ ပေးပို့ရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ ပြင်ဆင်အကြံပြုချက်မိတ္တူကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ရာ တွင် ကနဦးအကြံပြုချက်မိတ္တူနှင့် ခရိုင်ဥပဒေရုံး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံး၏ အ တည်ပြုချက် သို့မဟုတ် ပြင်ဆင်အကြံပြုချက်မိတ္တူများကို ပူးတွဲပေးပို့ရမည်။

Myanmar Law Information System (MLIS)

(ဃ) ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ခရိုင်ဥပဒေရုံး၏ အတည်ပြုချက် သို့မဟုတ် ပြင်ဆင်အကြံပြု ချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးက ပြင်ဆင်ခြင်းမရှိသည့် ကိစ္စရပ်နှင့်စပ်လျဉ်း ၍ ပြင်ဆင်သင့်သည်ဟု စိစစ်တွေ့ရှိပါက ပြင်ဆင်အကြံပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ချုပ်ရုံးသို့ ညွှန်ကြားရမည်။

၈၂။ (က) ခရိုင်ဥပဒေရုံးသည် ဥပဒေအကြံဉာဏ်ပေးရာတွင် မိမိ၏ ကနဦးဥပဒေအကြံပြုချက်မိတ္တူကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ပေးပို့ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိသည်-

(၁) ခရိုင်ဥပဒေရုံး၏ ဥပဒေအကြံပြုချက်မိတ္တူကို စိစစ်ပြီးနောက် အတည်ပြုလျှင် အတည်ပြုချက်ကို လည်းကောင်း၊ ပြင်ဆင်သင့်ကြောင်း တွေ့ရှိလျှင် ပြင်ဆင်အကြံပြုချက်ကိုလည်းကောင်း ခရိုင်ဥပဒေရုံး သို့ ဆောလျင်စွာ ပြန်ကြားရမည်။

(၂) နည်းဥပဒေခွဲငယ် (၁) အရ ပြန်ကြားသည့် စာမိတ္တူကို ခရိုင်ဥပဒေရုံး၏ ကနဦး အကြံပြုချက်မိတ္တူ ပူးတွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ရမည်။

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံဥပဒေအရာရှိ၏ အ တည်ပြုချက် သို့မဟုတ် ပြင်ဆင်အကြံပြုချက်နှင့် စပ်လျဉ်း၍ ပြင်ဆင်သင့်သည်ဟု စိစစ်တွေ့ရှိပါက ပြင် ဆင်အကြံပြုရမည်။

၈၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် ဥပဒေအကြံဉာဏ်ပေးရာတွင် မိမိ၏ ကနဦးဥပဒေအကြံပြုချက်မိတ္တူကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ရမည်။

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၏ ကနဦးအကြံ ပြုချက်ကို ပြင်ဆင်သင့်သည်ဟု စိစစ်တွေ့ရှိပါက ပြင်ဆင်အကြံပြုရမည်။

၈၄။ ဥပဒေရုံးအဆင့်ဆင့်သည် ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် အဆင့်မြင့် ဥပဒေရုံး၏ ပြင်ဆင် အကြံပြုချက်ကို ရရှိသည့်အခါ-

(က) အမှုကို တရားစွဲဆိုတင်ပို့ခြင်းမရှိသေးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် အဆင့်မြင့် ဥပဒေရုံး၏ ပြင်ဆင်အကြံပြုချက်နှင့်အညီ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသို့ ချက်ချင်းပြင်ဆင်အကြံ ပြုရမည်။ ထိုသို့ ပြင်ဆင်အကြံပြုရာတွင် အဆင့်မြင့် ဥပဒေရုံး သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြင်ဆင်အကြံပြုချက်အတိုင်း တိကျစွာ ရေးသားဖော်ပြရမည်။

(ခ) အမှုကို တရားရုံးသို့ တရားစွဲဆိုတင်ပို့ပြီးဖြစ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် အဆင့်မြင့် ဥပဒေရုံး၏ အကြံပြုချက်နှင့်အညီ လိုက်နာ၍ အမှုကို စစ်ဆေးဆောင်ရွက်ရမည်။

(ဂ) အမှုကို တရားရုံးသို့ တရားစွဲတင်ပို့ထားပြီး မူလရုံး၏ တရားစွဲတင်ရန် အကြံပြုချက်အပေါ် အဆင့် မြင့်ဥပဒေရုံးက အတည်ပြုသော်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးက တရားစွဲဆိုရန်မသင့်ကြောင်း ပြင် ဆင်အကြံပြုလျှင်သော်လည်းကောင်း၊ မူလရုံး၏ တရားစွဲတင်ရန် အကြံပြုချက်အပေါ် အဆင့်မြင့်ဥပဒေ ရုံးက တရားစွဲဆိုရန်မသင့်ကြောင်း ပြင်ဆင်အကြံပြုပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆက်လက်အ

Myanmar Law Information System (MLIS)

တည်ပြုလျှင်သော်လည်းကောင်း သက်ဆိုင်ရာ ဥပဒေရုံးသည် ယင်းအမှုကို ရုပ်သိမ်းခွင့်ပြုရန် တရားရုံး တွင် လျှောက်ထားရမည်။ တရားရုံးက အမှုရုပ်သိမ်းခွင့်မပြုကြောင်း အမိန့်ချမှတ်လျှင် သက်ဆိုင်ရာ ဥပဒေရုံးက ယင်းအမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းရမည့်အပြင် အဆိုပါ အမှုဆက်လက်စစ်ဆေးခြင်းကို လိုက်ပါဆောင်ရွက်ခြင်းမပြုရ။

၈၅။ သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးကဖြစ်စေ၊ ပြည်ထောင်စုရှေ့ နေချုပ်ရုံး၏ ခွင့်ပြုချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးကဖြစ်စေ ရဲစက္ကူအမှုတွဲ မူရင်းကို တောင်းယူကြည့်ရှုသည့်အခါ-

(က) အမှုကို တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုဘဲ ဆိုင်းငံ့ထားရမည်။

(ခ) အမှုမှ တရားခံသည် အချုပ်ဖြင့်ရှိနေပြီး တရားရုံး၏ ချုပ်မိန့်ရက်စေ့ကုန်သည့် အချိန်ရောက်ရှိနေ လျှင်ဖြစ်စေ၊ အဆိုပါတရားခံကို ခံဝန်ချုပ်ဖြင့် ပြန်လွှတ်ထားရန် မည်သို့မျှ သင့်လျော်မည်မဟုတ်ကြောင်း တရားစွဲအဖွဲ့အစည်းက တင်ပြလာလျှင် ဖြစ်စေ တရားစွဲဆိုခြင်းကို ဆိုင်းငံ့ထားခြင်းမပြုရ။

(ဂ) နည်းဥပဒေခွဲ (ခ) ပါအခြေအနေပေါ်ပေါက်ပါက အချိန်မီ တရားစွဲဆိုခြင်းကို ထိခိုက်ခြင်း အလျဉ်း မရှိစေဘဲ ရဲစက္ကူအမှုတွဲမူရင်းကို အချိန်မီပြန်လည်ရရှိစေရေးအတွက် သက်ဆိုင်ရာ အဆင့်မြင့်ဥပဒေရုံး သို့ တင်ပြရမည်။

(ဃ) အမှုတွဲတောင်းခေါ်သည့်အချိန်တွင် တရားရုံးသို့ တရားစွဲတင်ပြီးသည့် အခြေအနေဖြစ်ပါက ပြည် ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာ အဆင့်မြင့်ဥပဒေရုံးသို့ စိစစ်ရန် လိုအပ်သော စာရွက်စာတမ်း တာဝန်ခံမိတ္တူနှင့် ရဲစက္ကူအမှုတွဲ မိတ္တူမှန်တို့ကို အမြန်ဆုံးတင်ပြရမည်။

၈၆။ သက်ဆိုင်ရာအဆင့်မြင့်ဥပဒေရုံးသည် နည်းဥပဒေ ၈၅ နည်းဥပဒေခွဲ (ခ) ပါအခြေအနေမျိုး ပေါ် ပေါက်ပါက အဆိုပါအမှုနှင့်စပ်လျဉ်း၍ အမှုမှန်ပေါ်ပေါက်ရေးကို အမြန်ဆုံးစိစစ်ပြီး သဘောထားမှတ် ချက်၊ လမ်းညွှန်ချက်တို့နှင့်အတူ ရဲစက္ကူအမှုတွဲမူရင်းကို သက်ဆိုင်ဥပဒေရုံးသို့ သင့်လျော်ရာ နည်းလမ်း ဖြင့် ပြန်လည်ပေးပို့ရမည်။

၈၇။ ဥပဒေရုံးအဆင့်ဆင့်သည် ကနဦးပေးခဲ့သည့် ဥပဒေအကြံပြုချက်နှင့် ဆန့်ကျင်ကွဲလွဲသည့် ဥပဒေ အကြံဉာဏ်ပေးရန် အကြောင်းပေါ်ပေါက်သည့်အခါ-

(က) မြို့နယ်ဥပဒေရုံးဖြစ်ပါက အကျိုးအကြောင်းဖော်ပြချက်ဖြင့် ခရိုင်ဥပဒေရုံးသို့ တင်ပြရမည်။ ခရိုင် ဥပဒေရုံးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြ ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိ၏ အတည်ပြုချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ရန် မြို့နယ်ဥပဒေရုံးသို့ အကြောင်းကြားရမည်။

(ခ) ခရိုင်ဥပဒေရုံးဖြစ်ပါက အကျိုးအကြောင်း ဖော်ပြချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် ပြည် ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြု ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ခရိုင်ဥပဒေရုံးသို့ အကြောင်းကြားရမည်။

Myanmar Law Information System (MLIS)

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်ပါက အကျိုးအကြောင်းဖော်ပြချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်နှင့်အညီ ဆောင်ရွက်ရ မည်။

၈၈။ တရားစွဲနှင့်အမှုလိုက်ဌာနသည်-

(က) အမှုတစ်ခုခု၏ ဥပဒေအကြံပြုချက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အမှုလိုက်ပါဆောင်ရွက် ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း နစ်နာသူကဖြစ်စေ၊ အခြားသူတစ်ဦးဦးကဖြစ်စေ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ တင်ပြခြင်း သို့မဟုတ် တိုင်ကြားခြင်းကို စိစစ်ရန်လိုအပ်လျှင် ယင်းတင်ပြစာ သို့မဟုတ် တိုင်ကြားစာနှင့် စပ်လျဉ်း၍ စိစစ်တင်ပြရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် ရုံးသို့ တင်ပြစာ သို့မဟုတ် တိုင်ကြားစာမိတ္တူ ပူးတွဲ၍ ညွှန်ကြားရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါကိစ္စရပ်မှအပ အခြားကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခြင်း သို့မဟုတ် တိုင်ကြားခြင်းဖြစ်ပါက ဥပဒေနှင့်အညီ အကြံပြုခြင်း၊ အမှုလိုက်ပါ ဆောင်ရွက် ခြင်းများ ပြုစေရေးအတွက် သက်ဆိုင်ရာ ဥပဒေရုံးကို ကြီးကြပ်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်ဥပဒေချုပ်ရုံးသို့ အကြောင်းကြားနိုင်သည်။

၈၉။ တရားစွဲနှင့်အမှုလိုက်ဌာနသည် တင်ပြစာ သို့မဟုတ် တိုင်ကြားစာနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်နှင့် အညီ ရဲစခန်းအမှုတွဲမူရင်းပေးပို့ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ အ ကြောင်းကြားရမည်။ ယင်းအကြောင်းကြားချက်ကို ရရှိလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ချုပ်ရုံးသည် ရဲစခန်းအမှုတွဲမူရင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆောလျင်စွာ ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ရမည်။ အမှုကို တရားစွဲတင်ပြီးဖြစ်ပါက နည်းဥပဒေ ၈၅ နည်းဥပဒေခွဲ (ဃ) ပါပြဋ္ဌာန်းချက် နှင့်အညီ ဆောင်ရွက်ရမည်။

၉၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စာဖြင့် တင်ပြခြင်း သို့မဟုတ် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ တရားစွဲနှင့်အမှုလိုက်ဌာနသည်-

(က) ဥပဒေရုံးက ဥပဒေအကြံဉာဏ်ပေးပြီးသည့် ကိစ္စရပ်ဖြစ်လျှင် သက်ဆိုင်ရာ ဥပဒေရုံး၏အကြံပြု ချက်မိတ္တူကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးမှတစ်ဆင့် တောင်းယူစိစစ်ရမည်။ လို အပ်ပါက ဥပဒေအကြံပြုချက်ကို ပြင်ဆင်ခြင်းပြုရမည်။

(ခ) ဥပဒေအကြံဉာဏ်ပေးရခြင်း မရှိသေးသည့် ကိစ္စရပ်ဖြစ်လျှင် သက်ဆိုင်ရာ ဥပဒေရုံးက ဥပဒေနှင့်အ ညီအကြံပြုရန် ညွှန်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ အ ကြောင်းကြားရမည်။

၉၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ စာဖြင့်တင်ပြပြီး သို့မဟုတ် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံဥပဒေအရာရှိသည်-

(က) ဥပဒေရုံးက ဥပဒေအကြံဉာဏ်ပေးပြီးသည့် ကိစ္စရပ်ဖြစ်ပါက သက်ဆိုင်ရာ ဥပဒေရုံး၏ အကြံပြု ချက်မိတ္တူကိုစိစစ်ပြီး လိုအပ်ပါက အကြံပြုချက်ကို ပြင်ဆင်ခြင်းပြုရမည်။

(ခ) ဥပဒေအကြံဉာဏ်ပေးရခြင်း မရှိသေးသည့် ကိစ္စရပ်ဖြစ်ပါက ဥပဒေနှင့်အညီ အကြံပြုရန် သက်ဆိုင် ရာဥပဒေရုံးသို့ ညွှန်ကြားရမည်။

Myanmar Law Information System (MLIS)

## အခန်း (၃)

## ပြစ်မှုဆိုင်ရာအမှု ပိတ်သိမ်းခြင်း

၉၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၆ ပုဒ်မခွဲ (ည) တို့အရ စိစစ်ဆုံးဖြတ်ရန် တာဝန်ရှိသည်။

၉၃။ ဥပဒေရုံးအဆင့်ဆင့်သည် တရားစွဲအဖွဲ့အစည်းက ပြစ်မှုဆိုင်ရာအမှုကို စုံစမ်းထောက်လှမ်းခဲ့သော် လည်း တရားရုံးသို့ တရားစွဲဆိုခြင်းမပြုနိုင်သဖြင့် အမှုပိတ်သိမ်းရန် တင်ပြလျှင် စိစစ်၍ အောက်ပါအ ချက်များကို ထည့်သွင်းသုံးသပ်ပြီး အမှုကိုပိတ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရမည်။ အမှုကို ပိတ်သိမ်း ရန် သင့် မသင့် ဆုံးဖြတ်ချက်ကို အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်း သို့ အကြောင်းပြန်ကြားရမည်-

(က) တရားခံအား တရားစွဲဆိုရန် အချက်အလက်ပြည့်စုံခိုင်လုံခြင်း ရှိ မရှိ၊

(ခ) သက်သေခံ အထောက်အထားများ ထပ်မံစုံစမ်းဖော်ထုတ်နိုင်ဖွယ်ရာ ရှိ မရှိ၊

(ဂ) ရဲစက္ကူအမှုတွဲပါနေ့စဉ်မှတ်တမ်းအရ စုံစမ်းထောက်လှမ်းမှု ပြည့်စုံခြင်း ရှိ မရှိ။

၉၄။ ဥပဒေရုံးအဆင့်ဆင့်သည် စုံစမ်းထောက်လှမ်းသော ပြစ်မှုဆိုင်ရာအမှုနှင့်စပ်လျဉ်း၍ တရားခံသေ ဆုံးမှု၊ ရဲအရေးယူပိုင်ခွင့်မရှိသောအမှု သို့မဟုတ် လွှဲပြောင်းမှုကြောင့် ပိတ်သိမ်းရန် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းက အထောက်အထား ခိုင်လုံစွာတင်ပြလျှင် အမှုကို ပိတ်သိမ်းရန် ဆုံးဖြတ်ရမည်။

၉၅။ စုံစမ်းထောက်လှမ်းသော ပြစ်မှုဆိုင်ရာအမှုနှင့်စပ်လျဉ်း၍ စုံထောက်မရမှု၊ လီဆယ်မှု သို့မဟုတ် မှား ယွင်းမှုကြောင့် ပိတ်သိမ်းရန်တင်ပြလျှင်-

(က) မြို့နယ်တာဝန်ခံဥပဒေအရာရှိသည် ရာဇသတ်ကြီးနှင့် အထူးဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ခု နစ်နှစ်အထိ ချမှတ်နိုင်သည့်ပြစ်မှုများကို စိစစ်ပြီး ပိတ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရမည်။ မိမိပိတ်သိမ်း ရန် ဆုံးဖြတ်ခွင့်မရှိသော ပြစ်မှုဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာခရိုင်ဥပဒေရုံးသို့ တင်ပြ ရမည်။

(ခ) ခရိုင်တာဝန်ခံဥပဒေအရာရှိသည် ရာဇသတ်ကြီးနှင့် အထူးဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ခုနစ် နှစ် အထက်မှ ၁၀ နှစ်အထိ ချမှတ်နိုင်သည့်ပြစ်မှုများကို စိစစ်ပြီး ပိတ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရ မည်။ မိမိပိတ်သိမ်းရန် ဆုံးဖြတ်ခွင့်မရှိသော ပြစ်မှုဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိသည် မြို့နယ်နှင့်ခရိုင်တာဝန်ခံ ဥပဒေ အရာရှိများက ပိတ်သိမ်းရန် ဆုံးဖြတ်ခွင့်မရှိသော ပြစ်မှုများနှင့်စပ်လျဉ်း၍ စိစစ်ပြီး ယင်း၏သဘော ထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က ပိတ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ပိတ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ချက်မိတ္တူကို တစ်ဆင့် မြင့် ဥပဒေရုံးသို့ ဆောလျင်စွာ ပေးပို့ရမည်။ တစ်ဆင့်မြင့် ဥပဒေရုံးသည် ယင်းဆုံးဖြတ်ချက်ကို စိစစ်ပြီး

အတည်ပြုချက်ကိုသော်လည်းကောင်း၊ ပြင်ဆင်ချက်ကိုသော်လည်းကောင်း သက်ဆိုင်ရာဥပဒေရုံးသို့ ပေးပို့ပြီး ယင်းစာမိတ္တူကို တစ်ဆင့်မြင့် ဥပဒေရုံးသို့ ပေးပို့ရမည်။

၉၆။ တရားစွဲအဖွဲ့အစည်းက ပိတ်သိမ်းရန် တင်ပြသောအမှုမှာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်း သာယာရေးနှင့် အများပြည်သူအကျိုးတို့နှင့် ဆက်နွယ်နေသည့်အပြင် နယ်မြေဒေသအရ ထူးခြားသော အခြေအနေရှိသည့် အမှုမျိုးဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိသည် သ ဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ သဘောထားတောင်းခံရယူပြီးမှ အမှုပိတ်သိမ်းရန် သင့်မသင့် ကျိုးကြောင်းပြည့်စုံစွာ ဖော် ပြ၍ ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြရမည်။

## အခန်း (၄)

## တရားခံအား စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခြင်း

၉၇။ ပြစ်မှုဆိုင်ရာအမှုကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ တရားခံများအနက် တစ်ဦးဦးကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ အစိုးရသက်သေ ပြုလုပ်၍ စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးရန် တရားစွဲအဖွဲ့အစည်းက တင်ပြသည့်အခါတွင်ဖြစ်စေ၊ ဥပဒေအကြံဉာဏ်ပေးရာတွင် စိစစ်တွေ့ရှိချက်အရ ဖြစ်စေ ဥပဒေရုံးအဆင့်ဆင့်သည်-

(က) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ ၌ ဖော်ပြထားသော ပြစ်မှုတစ်ရပ်ရပ်တွင် အကျုံးဝင် မဝင် စိစစ်ရမည်။

(ခ) သက်သေအထောက်အထား လုံလောက်စွာ မရနိုင်သော အမှုဖြစ်သဖြင့် အဓိကတရားခံကို ပြစ်မှု ထင်ရှားစီရင်နိုင်ရန်အလို့ငှာ လုံလောက်သော သက်သေအထောက်အထား ရရှိရေးအတွက် အစိုးရသက် သေ ပြုလုပ်ရန် လိုအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဂ) ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူတစ်ဦးဦးထံမှ ပြစ်မှုနှင့်စပ်လျဉ်း၍ ဖြောင့်ချက်ဖြစ်စေ၊ အဖြစ်မှန်ကိုသိ သမျှ ဝန်ခံထွက်ဆိုပါမည်ဟူသော ဝန်ခံချက်ဖြစ်စေ ရရှိလျှင် ထိုတရားခံအား စည်းကမ်းချက်ဖြင့် ပြစ် ဒဏ်မှလွတ်ငြိမ်းခွင့်ပြုသင့်သည်ဟု ယူဆပါက ယင်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ ပါ ပြ ဋ္ဌာန်းချက်များကို ရှင်းလင်းပြောပြပြီး စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခြင်းကို လက်ခံ ခြင်း ပြု မပြု မေးမြန်းရမည်။

(ဃ) တရားခံက စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခြင်းကို လက်ခံလျှင် သီးခြားစာရွက် ပေါ်တွင် ဝန်ခံချက်လက်မှတ်ရေးထိုးစေရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ တရားခံက ဝန်ခံချက်လက်မှတ်ရေးထိုးစေပြီးနောက် တရားခံအား စည်း ကမ်းချက်ဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးသည့် အမိန့်ကို ဥပရအမှုလိုက် ပုံစံ (၂) ဖြင့် ထုတ်ပေးရမည်။ ယင်းအမိန့်မိတ္တူကို တစ်ဆင့်မြင့်ဥပဒေရုံးနှင့် တရားစွဲအဖွဲ့အစည်းများသို့ ပေးပို့ရမည်။

Myanmar Law Information System (MLIS)

## အခန်း (၅)

## ပြစ်မှုဆိုင်ရာအမှုကို တရားစွဲဆိုခြင်း

၄၈။ ဥပဒေရုံးအဆင့်ဆင့်သည် တရားစွဲအဖွဲ့အစည်းက တရားစွဲဆိုရန် တင်ပြလာသော ပြစ်မှုဆိုင်ရာအမှု နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို စိစစ်ရမည်-

(က) ဥပဒေရုံး၏ ဥပဒေအကြံပြုချက်နှင့်အညီ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက လိုက်နာဆောင် ရွက်ခြင်း ရှိ မရှိ၊

(ခ) အမှုတွဲရှိ သက်သေစာရင်းတွင် ထည့်သွင်းရန် လိုအပ်သည့် သက်သေများကို ထည့်သွင်းထားခြင်း ရှိ မရှိနှင့် ထည့်သွင်းရန် မလိုအပ်သည့် သက်သေများပါဝင်နေခြင်း ရှိ မရှိ၊

(ဂ) တရားစွဲဆိုရန် ခွင့်ပြုမိန့် လိုအပ်သည့်အမှုများတွင် အဆိုပါခွင့်ပြုမိန့်ပါရှိခြင်း ရှိ မရှိ၊

(ဃ) အမှုနှင့်စပ်လျဉ်း၍ လိုအပ်သော ဆေးစာ၊ ဓာတုဗေဒဝန်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ၊ ဘာသာရပ်ကျွမ်းကျင်သူ၏ စစ်ဆေးထင်မြင်ချက်နှင့် အခြားလိုအပ်သော သက်သေခံစာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ မရှိ၊

(င) အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို တရားရုံးသို့ တစ်ပါတည်းတင်ပို့နိုင်မှု ရှိ မရှိနှင့် တစ်ပါတည်းတင်ပို့ရန် မလွယ်ကူသောအမှုတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မည်သည့်အတွက် တစ်ပါ တည်း တင်ပို့ခြင်းမပြုနိုင်ကြောင်း အစီရင်ခံစာပါရှိခြင်း ရှိ မရှိ၊

(စ) တရားစွဲဆိုတင်ပို့မည့် တရားခံ၏ ကိုယ်ရေးအချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ မရှိ။

၄၉။ ဥပဒေရုံးအဆင့်ဆင့်သည် နည်းဥပဒေ ၄၈ အရ စိစစ်ရာတွင်-

(က) တရားစွဲအဖွဲ့အစည်းက ဥပဒေရုံး၏ ဥပဒေအကြံပြုချက်နှင့်အညီ ဆောင်ရွက်ထားခြင်းမရှိသော အချက်တစ်ရပ်ရပ်သည် အမှုခိုင်မာရေး သို့မဟုတ် တရားခံကို ပြစ်မှုထင်ရှားစီရင်နိုင်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက ယင်းလိုအပ်ချက်ကို ချုပ်မိန့်ရက်အတွင်း ထပ်မံဆောင်ရွက် ရန် သုံးသပ်ဖော်ပြ၍ သက်ဆိုင်ရာအဆင့်ရှိ တရားစွဲအဖွဲ့အစည်း၏ အကြီးအကဲထံသို့ စာဖြင့်ပြန်ကြားပြီး ယင်းသို့ ပြန်ကြားစာမိတ္တူကို တစ်ဆင့်မြင့် ဥပဒေရုံးသို့ ပေးပို့ရမည်။

(ခ) အမှုကို ဥပဒေရုံး၏ ဥပဒေအကြံပြုချက်နှင့်မညီဘဲ စွဲဆိုခြင်းဖြစ်ပြီး တရားခံမှာ တရားရုံး၏ ချုပ်မိန့်ရက်စေ့ရောက်နေပါက အမှုကိုတရားရုံးသို့ စွဲဆိုတင်ပို့ပေးရမည်။ ထို့နောက် ဥပဒေရုံး၏ အကြံပြု ချက်နှင့်မညီဘဲ စွဲဆိုခြင်းဖြစ်ကြောင်းကို အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ တစ်ဆင့်မြင့်ဥပဒေရုံးသို့ တင်ပြပြီး ယင်းသို့တင်ပြသည့် စာမိတ္တူကို သက်ဆိုင်ရာ အဆင့်ရှိ တရားစွဲအဖွဲ့အစည်းသို့ ပေးပို့ရမည်။

(ဂ) အမှုမှာ ဥပဒေရုံးက တရားစွဲဆိုရန်မသင့်ကြောင်း ဥပဒေအကြံပြုခဲ့သော အမှုဖြစ်ပြီး တရားခံမှာ အချုပ်ဖြင့်မရှိလျှင်ဖြစ်စေ၊ အချုပ်ဖြင့်ရှိသော်လည်း တရားခံကို ခံဝန်ချုပ်ဖြင့် ပြန်လွှတ်ထားရန် သင့်လျော် လုံလောက်မှုရှိကြောင်း တရားစွဲအဖွဲ့အစည်းက တင်ပြသည့်အခါဖြစ်စေ အမှုအား တရားစွဲဆိုခြင်းကို ဆိုင်းငံ့ထားနိုင်သည်။ ဆိုင်းငံ့ထားပါက တစ်ဆင့်မြင့်ဥပဒေရုံးသို့ ယင်းကိစ္စကို တင်ပြပြီး တစ်ဆင့်မြင့် ဥပဒေရုံး၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။



Myanmar Law Information System (MLIS)

(ခ) အဆင့်မြင့်ဥပဒေရုံးသည် လိုအပ်သလိုဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အဆင့်ရှိ တရားစွဲအဖွဲ့အ စည်းသို့ ညှိနှိုင်းအကြောင်းကြားရမည်။

၁၀၀။ ဥပဒေရုံးအဆင့်ဆင့်သည်-

(က) တရားစွဲအဖွဲ့အစည်းက တရားရုံးသို့ တရားစွဲဆိုရန် တင်ပြသည့် ပြစ်မှုဆိုင်ရာ အမှုနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် တရားရုံးသို့ တရားစွဲဆိုတင်ပို့ပါက အမှုတွဲတွင် ရဲစွဲချက် စာချုပ်၌ စိစစ်ပြီးကြောင်း အ တည်ပြုလက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ရိုက်နှိပ်ပြီး တရားရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။

(ခ) တရားရုံးသို့ တရားစွဲတင်ပို့မည့်အမှုအတွက် ထိရောက်သော ပြစ်ဒဏ်ချမှတ်သင့်ကြောင်း လုံ လောက်သော အကြောင်းပြချက်ဖြင့် တရားစွဲအဖွဲ့အစည်းက တင်ပြလျှင် ယင်းအမှုကို ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်မည့် စီရင်ပိုင်ခွင့်ရှိသော တရားသူကြီးက စစ်ဆေးစီရင်နိုင်ရေးအတွက် သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။

(ဂ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် တရားခံနှင့်သက်သေခံပစ္စည်းများကို တရားစွဲအဖွဲ့အစည်းက တာဝန်ယူ၍ တရားရုံးသို့ တင်ပို့စေရမည်။

(ဃ) ဦးစားပေးစစ်ဆေးသင့်သည့် သက်သေအစီအစဉ်ကို ရဲစွဲချက်ပါ သက်သေစာရင်းတွင်ဖြစ်စေ၊ ရက် ချိန်းတောင်းပုံစံတွင်ဖြစ်စေ လိုအပ်သလိုဖော်ပြ၍ တရားရုံးသို့တင်ပြနိုင်ရန် တရားစွဲအဖွဲ့အစည်းနှင့် ညှိ နှိုင်းဆောင်ရွက်ရမည်။

## အခန်း (၆)

## ပြစ်မှုဆိုင်ရာအမှုတွင် လိုက်ပါဆောင်ရွက်ခြင်း

၁၀၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် နိုင်ငံတော်ပါဝင် သော ပြစ်မှုဆိုင်ရာ မူလမှု၊ အယူခံမှု၊ အထူးအယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများတွင် လည်းကောင်း၊ ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ပေးရန် တရားရုံးက အကြောင်းကြားသည့်အမှု တွင် လည်းကောင်း စစ်ဆေးကြားနာရာတွင် အစိုးရရှေ့နေများအဖြစ် လိုက်ပါဆောင်ရွက်ရန် တာဝန်ရှိ သည်။

၁၀၂။ အမှုလိုက်ဥပဒေအရာရှိသည် သက်ဆိုင်ရာတရားရုံး၌ အောက်ပါ ပြစ်မှုဆိုင်ရာအမှုများတွင် လိုက် ပါဆောင်ရွက်ရမည်-

(က) ဥပဒေရုံးက စိစစ်ပြီး တရားစွဲဆိုတင်ပို့သော မူလမှု၊ အထွေထွေလျှောက်ထားမှု၊ မူလမှုနှင့် ဆက်စပ် နေသည့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှု၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားရုံးသို့ ဦးတိုက်လျှောက်ထားသည့် အမှု၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးဦးက တရားရုံးသို့ ဦးတိုက်လျှောက်ထားသည့်အမှုကို တရားသူကြီးက ရဲအရေးယူပိုင် ခွင့်ရှိသည့် ပြစ်မှုအဖြစ် အရေးယူရန်ဆုံးဖြတ်ပြီး ဥပဒေအရာရှိလိုက်ပါဆောင်ရွက်ရန် အကြောင်းကြား သည့်အမှု၊

(ဃ) နိုင်ငံတော်က လျှောက်ထားသူအဖြစ်လည်းကောင်း၊ အယူခံတရားလိုအဖြစ်လည်းကောင်း ပါဝင် သော ပြစ်မှုဆိုင်ရာအယူခံမှု၊ အထူးအယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု၊

(င) နိုင်ငံတော်က လျှောက်ထားခံရသူအဖြစ်လည်းကောင်း၊ အယူခံတရားခံအဖြစ်လည်းကောင်း ပါဝင် သော ပြစ်မှုဆိုင်ရာအယူခံမှု၊ အထူးအယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု၊

(စ) ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ပေးရန် တရားရုံးက အကြောင်းကြားသည့် အမှု။

၁၀၃။ အမှုလိုက်ဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သောအမှုတွင် တရားခံက အာမခံလျှောက် ထားမှုနှင့် စပ်လျဉ်း၍ ခွင့်ပြုရန် သင့် မသင့် တရားရုံးသို့ တင်ပြလျှောက်လဲခွင့်ရှိသည်။ ယင်းကဲ့သို့ တင် ပြလျှောက်လဲရာတွင်-

(က) အာမခံမပေးနိုင်သောအမှုဖြစ်ပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ နှင့်အညီ တင်ပြရမည်။

(ခ) အထူးဥပဒေတစ်ရပ်ရပ်အရ အာမခံမပေးရဟု ပြဋ္ဌာန်းထားသည့် အမှုဖြစ်ပါက ယင်းဥပဒေပါ ပြ ဋ္ဌာန်းချက်နှင့်အညီ ကန့်ကွက်တင်ပြရမည်။

(ဂ) အရေးကြီးသောအမှုဖြစ်ပါက မည်သည့်အတွက် အာမခံမပေးသင့်ကြောင်းကို တရားရုံးသို့ အလေး အနက်ထား၍ တင်ပြကန့်ကွက်ရမည်။ အကယ်၍ တရားစွဲ အဖွဲ့အစည်းက ယင်းအမှုနှင့်စပ်လျဉ်း၍ အာမခံပေးခြင်းကို ကန့်ကွက်ရန် အချက်အလက်များ တင်ပြလာပါက ယင်းအချက်အလက်များကိုပါ ထည့်သွင်း၍တရားရုံးသို့ တင်ပြကန့်ကွက်ရမည်။ ထိုသို့ကန့်ကွက်သော်လည်း တရားရုံးကအာမခံ ပေးကြောင်း အမိန့်ချမှတ်သည့်အခါ အာမခံပယ်ဖျက်ရေးအတွက် ပြင်ဆင်မှုတင်သွင်းရန် တစ်ဆင့်မြင့် ဥပဒေရုံးသို့ တင်ပြနိုင်ရေးအတွက် ချက်ချင်းဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိ၏ အတည်ပြုချက်ဖြင့် တရားရုံးသို့ တင်ပြလျှောက်လဲရမည်။

(င) တာဝန်ခံဥပဒေအရာရှိ၏ အတည်ပြုချက်ကို အချိန်မီရယူနိုင်ခြင်းမရှိလျှင် တရားရုံးတွင် တင်ပြ လျှောက်လဲပြီးနောက် မိမိ၏တင်ပြလျှောက်လဲချက်ကို သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိထံ ပြန်လည် တင်ပြရမည်။

၁၀၄။ အမှုလိုက်ဥပဒေအရာရှိသည် တရားရုံး၌ အမှုစစ်ဆေးဆဲကာလတွင်-

(က) စစ်ဆေးပြီးသော တရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ အထောက်အထားခိုင်လုံကြောင်း တွေ့ရှိလျှင် ကျန်တရားလိုပြ သက်သေတစ်ဦးဦးအား စစ်ဆေးခြင်းမပြုဘဲ ပယ်နိုင်သည်။

(ခ) တစ်ဦးတစ်ယောက်ကို တရားလိုပြသက်သေအဖြစ် ဖြည့်စွက်စစ်ဆေးရန် လိုအပ်ကြောင်း တွေ့ရှိ သည့်အခါ ထိုသူကို တရားလိုပြသက်သေအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ တင်ပြလျှောက်ထားရ မည်။

(ဂ) တစ်ဦးတစ်ယောက်ကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းစစ်ဆေးရန် လိုအပ်ကြောင်း တွေ့ရှိ သည့်အခါ ထိုသူကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ တင်ပြလျှောက်ထားရ မည်။

(ဃ) ထောင်ဒဏ်သုံးနှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုများတွင် စွဲချက်တင်ရန် သင့် မသင့် အဆင့်တွင်လည်းကောင်း၊ အပြီးသတ်အမိန့် ချမှတ်သည့်အဆင့်တွင်လည်းကောင်း၊ တရားရုံး၌ စစ်ဆေး စီရင်မှုပြုလုပ်နေစဉ် နှစ်ဖက်အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်သဖြင့် လျှောက်လဲမှုပြုလုပ်ရန် လိုအပ် သည့်အခါတွင်လည်းကောင်း တာဝန်ခံဥပဒေအရာရှိ၏ အတည်ပြုချက်ရယူ၍ တရားရုံးသို့ စာဖြင့်တင် ပြလျှောက်လဲရမည်။

Myanmar Law Information System (MLIS)

(င) တရားခံဘက်မှ သက်သေစာရင်းတင်ပြရာတွင် မလိုအပ်ဘဲ တရားခံပြသက်သေအမြောက်အမြား တင်ပြပါက အမှုကြန့်ကြာမှုမရှိစေရေးအတွက် အမှုနှင့်စပ်ဆိုင်ခြင်းမရှိဘဲ ရုံးရှေ့သို့ ဆင့်ခေါ်ရန် အခက် အခဲရှိသည့် စာရင်းပါသက်သေများကို ညွှန်ပြ၍ တရားရုံးသို့ ဥပဒေနှင့်အညီ လိုအပ်သလို တင်ပြလျှောက် ထားရမည်။

၁၀၅။ အမှုလိုက်ဥပဒေအရာရှိသည် ပြစ်မှုဆိုင်ရာအယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများအ တွက် လျှောက်လဲရာတွင် တာဝန်ခံဥပဒေအရာရှိ၏ အတည်ပြုချက်ရယူ၍ တရားရုံးသို့ စာဖြင့် တင်ပြ လျှောက်လဲရမည်။

၁၀၆။ အမှုလိုက်ဥပဒေအရာရှိသည် အမှုစစ်ရဲအရာရှိက စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း ရဲစက္ကူအမှုတွဲပါ နေ့ စဉ်မှတ်တမ်းတွင် ဖော်ပြထားသော တရားလိုပြသက်သေတစ်ဦးဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ် မ ၁၆၂ နှင့် သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅ တို့အရ တရားရုံးတွင် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်သည့် အခါယင်းသက်သေအား အမှုစစ်ရဲအရာရှိက စစ်ဆေးထားကြောင်း ရဲနေ့စဉ်မှတ်တမ်းကို တရားရုံးသို့ ပြ သ၍ ရဲစက္ကူပါ ထွက်ဆိုချက်များနှင့် တိုက်ဆိုင်စစ်မေးနိုင်သည်။

၁၀၇။ တာဝန်ခံဥပဒေအရာရှိသည်-

(က) ရုံးပြောင်းလျှောက်ထားသည့်တရားခံထံမှ ရုံးပြောင်းလျှောက်ထားသည့် အကြောင်းကြားစာကို လျှောက်ထားရသည့် အကြောင်းပြချက်မိတ္တူနှင့်အတူ လက်ခံရရှိသည့်အခါ အမှုတွဲဖွင့်လှစ်ပြီး တရားရုံး တွင် လိုက်ပါဆောင်ရွက်ရမည်။ ထိုအကြောင်းကြားစာကို တရားခံက တာဝန်ခံဥပဒေအရာရှိအား ပေးပို့ ခြင်းမရှိသည့် လျှောက်ထားမှုကို တရားရုံးကကြားနာပြီး အမိန့်ချမှတ်ပါက သက်ဆိုင်ရာ တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရေးအတွက် ဆောင်ရွက်နိုင်သည်။

(ခ) မိမိရုံးက လိုက်ပါဆောင်ရွက်လျက်ရှိသော အမှုတစ်ခုခုကို အခြားမြို့နယ် သို့မဟုတ် ခရိုင်တရားရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တစ်ခုခုသို့ လွှဲပြောင်းစစ်ဆေးရန် အ ဆင့်မြင့်တရားရုံးက အမိန့်ချမှတ်ပါက မိမိရုံးရှိ ရဲစက္ကူ အမှုတွဲမူရင်းကို သက်ဆိုင်ရာ ဥပဒေရုံးသို့ အမြန် ဆုံးပေးပို့ပြီး ယင်းသို့ပေးပို့သည့် စာမိတ္တူကို သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းသို့ ပေးပို့ရမည်။

၁၀၈။ (က) တာဝန်ခံဥပဒေအရာရှိမဟုတ်သော အမှုလိုက်ဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက် သည့်အမှုတွင် တရားရုံးကချမှတ်သော အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြင်ဆင်မှုတင်သွင်းရန် အ ကြောင်းပေါ်ပေါက်ပါက ပြင်ဆင်မှုတင်သွင်းနိုင်ရန် တာဝန်ခံဥပဒေအရာရှိထံ အမှုလိုက်စာတွဲကို သဘော ထားမှတ်ချက်ဖြင့် တင်ပြရမည်။

(ခ) တာဝန်ခံဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သည့်အမှုတွင် တရားရုံးကချမှတ်သော အမိန့် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြင်ဆင်မှုတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်အခါတွင်ဖြစ်စေ၊ နည်းဥပ ဒေခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါတွင်ဖြစ်စေ သဘောထားမှတ်ချက်ဖြင့် တစ်ဆင့်မြင့် ဥပဒေရုံးသို့ ဆက်လက်တင်ပြရမည်။ တရားရုံးက အပြီးသတ်အမိန့်မချမှတ်မီ ချမှတ်သောအမိန့်တစ်ရပ် ရပ်နှင့်စပ်လျဉ်း၍ တစ်ဆင့်မြင့်ဥပဒေရုံးသို့ တင်ပြထားခြင်းဖြစ်ပါက ထိုသို့ ဆောင်ရွက်ထားကြောင်းကို အမိန့်ချမှတ်ခဲ့သည့် တရားရုံးသို့ စာဖြင့်တင်ပြရမည်။

Myanmar Law Information System (MLIS)

၁၀၉။ (က) အမှုလိုက်ဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သည့် အမှုတွင် တရားရုံးက အပြီးသတ် စီရင်ချက်၊ အမိန့်ချမှတ်ပါက မိမိကိုယ်တိုင် အမိန့်ကို လက်ခံရယူပြီး ပြစ်မှုဆိုင်ရာမူလမှုများကို ဥပရအမှု လိုက်ပုံစံ (၃) ဖြင့်လည်းကောင်း၊ သမ္မာန်မှု၊ အကျဉ်းနည်းဖြင့် စစ်ဆေးသောအမှုများကို ဥပရ အမှုလိုက် ပုံစံ (၄) ဖြင့်လည်းကောင်း၊ ပြစ်မှုဆိုင်ရာအယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများကို ဥပရ အ မှုလိုက်ပုံစံ (၅) ဖြင့်လည်းကောင်း တာဝန်ခံဥပဒေအရာရှိထံ တင်ပြရမည်။

(ခ) တာဝန်ခံဥပဒေအရာရှိသည် အပြီးသတ်စီရင်ချက်၊ အမိန့်ချမှတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း နည်းဥပဒေခွဲ (က) ပါသက်ဆိုင်ရာ ပြီးပြတ်ချက်ပုံစံကို သဘောထားမှတ်ချက်ဖြင့် တစ်ဆင့်မြင့်ဥပဒေရုံး သို့ ပေးပို့ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်ပါက အဆိုပါ ပြီးပြတ်ချက်ပုံစံကို သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ရမည်။

(ဂ) တာဝန်ခံဥပဒေအရာရှိသည် တရားရုံးက အပြီးသတ်အမိန့်ချမှတ်သည့် အမှုအတွက် တရားရုံး၏ ပြီးပြတ်ချက်ပုံစံ ရဲ ၁၂၅ (က) ကိုရယူပြီး ယင်းအမှု၏ရဲစက္ကူအမှုတွဲကို ဥပရအမှုလိုက်ပုံစံ (၃) ဖြင့်ဖြစ် စေ၊ ဥပရအမှုလိုက်ပုံစံ (၄) ဖြင့်ဖြစ်စေ ပူးတွဲ၍ အပြီးသတ်အမိန့်ချမှတ်သည့် နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသို့ ပြန်လည်ပေးပို့ရမည်။

(ဃ) အမှုလိုက်ဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာမူလမှုတွင် တရားရုံးက စွဲ ချက်တင်သည့်အခါ တရားစွဲဆိုသည့်ပြစ်မှုများဖြင့် တရားခံများအား စွဲချက်တင်ခြင်းမပြုဘဲ ကွဲလွဲစွာ စွဲချက်တင်လျှင်ဖြစ်စေ၊ တရားခံများအနက် အချို့ကို စွဲချက်မတင်မီလွှတ်လျှင်ဖြစ်စေ ဥပရအမှုလိုက်ပုံစံ (၃) ဖြင့် တရားရုံး၏စွဲချက်အမိန့်အပေါ် သဘောထားမှတ်ချက်နှင့်အတူ တာဝန်ခံဥပဒေအရာရှိထံ ဆော လျင်စွာတင်ပြရမည်။ တာဝန်ခံဥပဒေအရာရှိသည် မိမိ၏ သဘောထားမှတ်ချက်ဖြင့် တစ်ဆင့်မြင့်ဥပဒေ ရုံးသို့ ပေးပို့ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးဖြစ်ပါက အမှုလိုက်ဥပဒေအရာရှိ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံ ဥပဒေအရာရှိတို့က အဆိုပါ ဥပရအမှုလိုက် ပုံစံ (၃) ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြပြီး ယင်း၏ သဘောထားမှတ်ချက်ဖြင့် ပြည် ထောင်စုရှေ့နေချုပ်ရုံးသို့ ဆောလျင်စွာ ပေးပို့ရမည်။

(င) အမှုလိုက်ဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာမူလမှုကို တရားစွဲဆိုတင်ပို့ သည့်နေ့ရက်မှ ခြောက်လအတွင်း ပြီးပြတ်အောင် စစ်ဆေးဆောင်ရွက်ရမည်။ ခြောက်လအတွင်း မပြီး ပြတ်ပါက မည်သည့် အကြောင်းကြောင့် ကြန့်ကြာနေရကြောင်း အကြောင်းပြချက်များကို ရေးသား၍ တာဝန်ခံ ဥပဒေအရာရှိထံ တင်ပြရမည်။

(စ) တာဝန်ခံဥပဒေအရာရှိသည် နည်းဥပဒေခွဲ (င) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါဖြစ်စေ၊ မိမိ ကိုယ်တိုင်လိုက်ပါဆောင်ရွက်သည့် အမှုတွင်ဖြစ်စေ၊ ခြောက်လအတွင်းမပြီးပြတ်လျှင် သက်ဆိုင်ရာ တ ရားစွဲအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ညှိနှိုင်း၍မရပါက တစ်ဆင့်မြင့်ဥပဒေရုံးသို့ တင်ပြရ မည်။

(ဆ) တစ်ဆင့်မြင့်ဥပဒေရုံး တာဝန်ခံဥပဒေအရာရှိသည် သက်ဆိုင်ရာအဆင့်ရှိ တရားစွဲအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အမြန်ဆုံးပြီးပြတ်နိုင်ရန် လိုအပ်သော ကြီးကြပ်လမ်းညွှန်မှုများ ပြုလုပ်ရမည်။

Myanmar Law Information System (MLIS)

## အခန်း (၇)

## သေဒဏ်ထိုက်သည့်ပြစ်မှုတွင် တရားခံဘက်မှ လိုက်ပါဆောင်ရွက်ရန်ရှေ့နေငှားရမ်းပေးခြင်း

၁၁၀။ သေဒဏ်ထိုက်သည့်ပြစ်မှုဖြင့် စွပ်စွဲခံရသော တရားခံက ဆင်းရဲနွမ်းပါးသဖြင့် ရှေ့နေငှားရမ်းနိုင် ခြင်းမရှိကြောင်း သက်ဆိုင်ရာတရားရုံးသို့ တင်ပြလျှောက်ထားချက်အရ တရားရုံးက ပြည်ထောင်စုရှေ့ နေချုပ်ရုံးနှင့် သက်ဆိုင်ရာဥပဒေရုံးသို့ အကြောင်းကြားသည့်အခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေ ရုံးအဆင့်ဆင့်သည် အောက်ပါအမှုများတွင် ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် လိုက်ပါဆောင်ရွက်ရန် အစိုးရစရိတ်ဖြင့် ရှေ့နေငှားရမ်းပေးရမည်-

(က) သေဒဏ်ထိုက်သည့် ပြစ်မှုကို စစ်ဆေးကြားနာသည့် မူလမှု၊

(ခ) သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွပ်စွဲခံရသော ကလေးသူငယ်ကို စစ်ဆေးကြားနာသည့် မူလမှု၊

(ဂ) သေဒဏ်အမိန့်အပေါ် တရားခံက အယူခံမှု၊

(ဃ) သေဒဏ်ထိုက်သည့်ပြစ်မှုတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တင်သွင်းသည့် အယူခံ မှု၊

(င) တရားခံအပေါ် သေဒဏ်ချမှတ်နိုင်သော ပြင်ဆင်မှု၊

(စ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၇၄ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြားနာသည့် သေဒဏ်အမိန့်ကို အတည်ပြုမှု၊

(ဆ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၇၅ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဆောင်ရွက် သည့် စုံစမ်းစစ်ဆေးမှု၊

(ဇ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးခုံရုံးက ကြားနာစီရင်သည့် တရားခံအပေါ် သေဒဏ်ချ မှတ်နိုင်သော အထွေထွေလျှောက်ထားမှု သို့မဟုတ် သေဒဏ်အမိန့်အပေါ် တရားခံက အထွေထွေ လျှောက်ထားမှု၊

(ဈ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံးက ကြားနာစီရင်သည့် တရားခံအပေါ် သေ ဒဏ်ချမှတ်နိုင်သော အထူးအယူခံမှု သို့မဟုတ် သေဒဏ်အမိန့်အပေါ် တရားခံက အထူးအယူခံမှု။

၁၁၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများသည် သက်ဆိုင်ရာ ဒေသအလိုက် ရှေ့နေများ၏ စာရင်းကိုပြုစုထားရှိပြီး နည်းဥပဒေ ၁၁၀ ပါအမှုများကို အလှည့်ကျလိုက်ပါရန် စီစဉ် ဆောင်ရွက်ရမည်။

၁၁၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည်-

(က) ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် အစိုးရစရိတ်ဖြင့် လိုက်ပါဆောင်ရွက်ရမည့် အလှည့်ကျသော ရှေ့နေအား အမှုတွင်လိုက်ပါခွင့်ပြုရန် ဥပရအမှုလိုက်ပုံစံ (၆) ကို ထုတ်ပေးရမည်။

(ခ) အစိုးရစရိတ်ဖြင့် တရားခံရှေ့နေငှားရမ်းပေးခြင်းကို သာမန်အားဖြင့် အမှုတစ်ခုလျှင် တရားခံတစ် ဦးအတွက် ရှေ့နေတစ်ဦးငှားရမ်းပေးရမည်။ တရားခံ အများအပြားပါဝင်သော အမှုတွင် ခုခံမည့်လမ်း ကြောင်း တူညီသူ တရားခံများအတွက် စုပေါင်းလျက် ရှေ့နေတစ်ဦးကို ငှားရမ်းပေးရမည်။ တရားခံတို့ ၏ ခုခံမည့် လမ်းကြောင်းသည် တစ်ဦးနှင့်တစ်ဦး တူညီခြင်းမရှိကြောင်း ပေါ်ပေါက်မှသာ တရားခံတစ် ဦးစီအတွက် သီးခြားရှေ့နေ ငှားရမ်းပေးရမည်။



Myanmar Law Information System (MLIS)

၁၁၃။ အစိုးရစရိတ်ဖြင့် ငှားရမ်းပေးသော တရားခံရှေ့နေသည်-

(က) စီရင်ချက်ချမှတ်သည့်ရက် အပါအဝင် အမှန်တကယ်အမှုလိုက်ပါ ဆောင်ရွက်ရသည့် ရက်များအ တွက် သတ်မှတ်သည့် အခကြေးငွေကို ခံစားခွင့်ရှိစေရမည်။ "အမှန်တကယ် အမှုလိုက်ပါဆောင်ရွက်ရ သည့်ရက်" ဟု ဆိုရာတွင် ရှေ့နေ၏ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ အကြောင်းတစ်စုံတစ်ရာကြောင့် တ ရားရုံးက အမှုကြားနာစစ်ဆေးခြင်းကို ရွှေ့ဆိုင်းလိုက်သည့်ရက်များပါဝင်သည်။

(ခ) အခြားဒေသတွင် နေထိုင်သောရှေ့နေဖြစ်ပါက တည်ဆဲခရီးစရိတ်လက်စွဲအရ အစိုးရက ငှားရမ်း သည့် ရှေ့နေများအား ခွင့်ပြုသည့် နှုန်းထားအတိုင်း ခရီးစရိတ်နှင့် နေ့တွက်စရိတ်များကို ခံစားခွင့်ရှိစေ ရမည်။

(ဂ) အမှုပြီးဆုံးသည်အထိ လိုက်ပါဆောင်ရွက်ရမည်။

၁၁၄။ (က) ဥပဒေရုံးအဆင့်ဆင့်သည် ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် လိုက်ပါဆောင်ရွက်ရန် နည်း ဥပဒေ ၁၁၂ နည်းဥပဒေခွဲ (က) အရ တာဝန်ပေးခြင်းခံရသော ရှေ့နေက လိုက်ပါဆောင်ရွက်ရန် တမင် ပျက်ကွက်လျှင်ဖြစ်စေ၊ နည်းဥပဒေ ၁၁၃ နည်းဥပဒေခွဲ (ဂ) အရ အမှုပြီးဆုံးသည်အထိ လိုက်ပါဆောင် ရွက်ရန် တမင်ပျက်ကွက်လျှင်ဖြစ်စေ ရှေ့နေရှေ့ရပ်များ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာဖောက်ဖျက်မှု ဖြင့် လိုအပ်သလို အရေးယူနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လိုက်ပါဆောင်ရွက်ရန် တာဝန်ပေးခြင်းခံရသည့်ရှေ့နေသည် နည်းဥပဒေခွဲ (က) ၌ပါရှိသော တမင်ပျက်ကွက်မှု တစ်ခုခုရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ရှေ့နေရှေ့ရပ်များ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် လိုအပ်သလို အရေးယူနိုင်ရန် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ညှိနှိုင်းအကြောင်းကြားရမည်။

## အခန်း (၈)

## ဥပဒေအရာရှိလိုက်ပါဆောင်ရွက်သောအမှုတွင် တရားလိုဘက်မှ ငှားရမ်းသော ရှေ့နေအား အမှုလိုက်ပါခွင့်ပြုခြင်း

၁၁၅။ ဥပဒေအရာရှိလိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာမူလမှုများတွင် တိုင်တန်းသူ တရားလို သို့မ ဟုတ် နစ်နာသူ အမှုသည်က ရှေ့နေငှားရမ်းပြီး လိုက်ပါဆောင်ရွက်စေလိုလျှင်-

(က) ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ ဥပဒေရုံးသို့ လျှောက်ထားရမည်။

(ခ) သတ်မှတ်ထားသည့် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ထားသော လျှောက်လွှာနှင့်အတူ ပြင်ပရှေ့နေ က သက်ဆိုင်ရာတရားရုံးတွင် တင်သွင်းမည့်ရှေ့နေ ကိုယ်စားလှယ်လွှဲစာကို ပူးတွဲတင်ပြရမည်။

၁၁၆။ ဥပဒေရုံးအဆင့်ဆင့်သည် နည်းဥပဒေ ၁၁၅ အရ လျှောက်ထားချက်ကို ရှေ့နေကိုယ်စားလှယ်လွှဲ စာနှင့်အတူ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိက ရှေ့နေကိုယ်စားလှယ်လွှဲစာပေါ် ၌ အမှုလိုက်ဥပဒေအရာရှိ၏ ညွှန်ကြားမှုဖြင့်သာ လိုက်ပါဆောင်ရွက်ခွင့်ပြုကြောင်း ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ တရားရုံးတွင် တင်ပြနိုင်ရန် လျှောက်ထားသူအား ပြန်ပေးရမည်။

Myanmar Law Information System (MLIS)

၁၁၇။ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော အမှုတွင် တရားလိုအကျိုးဆောင်အဖြစ် လိုက်ပါဆောင် ရွက်ခွင့်ရရှိသည့် ရှေ့နေသည်-

(က) သက်ဆိုင်ရာ အမှုလိုက်ဥပဒေအရာရှိ၏ ညွှန်ကြားမှုဖြင့်သာ လိုက်ပါဆောင်ရွက်ရမည်။

(ခ) တရားရုံးတွင် သက်သေအား စစ်မေးလိုသည့် အချက်အလက်များနှင့် တင်ပြလိုသည့် စပ်ဆိုင်သော အကြောင်းအချက်များကို စာဖြင့်ရေးသား၍ အမှုလိုက်ဥပဒေအရာရှိထံ တင်ပြရမည်။

(ဂ) အမှုလိုက်ဥပဒေအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ တရားရုံးရှေ့၌ သက်သေစစ်မေးခြင်း၊ သက်သေခံ အထောက်အထားတင်သွင်းခြင်းနှင့် တရားရုံးတွင် တင်ပြလျှောက်လဲခြင်းများ မပြုရ။

၁၁၈။ ရှေ့နေအား တရားလိုအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုထားသည့် အမှုတွင် အမှုလိုက် ဥပဒေအရာရှိသည်-

(က) ကိုယ်တိုင်ဦးဆောင်၍ လိုက်ပါဆောင်ရွက်ရမည်။

(ခ) မိမိ၏ ညွှန်ကြားမှုဖြင့်ရှေ့နေအား လိုက်ပါဆောင်ရွက်စေနိုင်သည်။

(ဂ) ရှေ့နေက သက်သေအား စစ်မေးလိုသည့် အကြောင်းအချက်၊ တရားရုံးတွင် တင်ပြလိုသည့် အကြောင်းအချက်နှင့် စပ်လျဉ်း၍ မိမိထံစာဖြင့် တင်ပြလျှင် အမှုလိုက်စာတွဲတွင် စနစ်တကျ တွဲထားရ မည်။

(ဃ) ရှေ့နေကတင်ပြသည့် အကြောင်းအချက်များကို သေချာစွာ စိစစ်၍ အမှုနှင့်စပ်ဆိုင်သော အကြောင်းအချက်များဖြစ်လျှင် သက်သေစစ်မေးခြင်း၊ တရားရုံးတွင် တင်ပြခြင်းစသည်များ ပြုလုပ်ရ မည်။ အမှုနှင့် စပ်ဆိုင်ခြင်းမရှိသော အကြောင်းအချက်များဖြစ်လျှင် ရှေ့နေ၏ တင်ပြချက်ကို ငြင်းပယ် နိုင်သည်။ ထိုသို့ ငြင်းပယ်ကြောင်းကို အမှုလိုက်စာတွဲ နေ့စဉ်မှတ်တမ်းတွင် စနစ်တကျ မှတ်တမ်းတင် ထားရမည်။

(င) မိမိလိုက်ပါသည့် အမှုကို ထိခိုက်နိုင်ဖွယ်မရှိလျှင် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ရပ် ကို ရှေ့နေအား ကူညီဆောင်ရွက်စေနိုင်သည်။

(စ) နည်းဥပဒေခွဲ (င) အရ ဆောင်ရွက်စေသည့်အခါ မိမိခွင့်ပြုသည့် လုပ်ငန်းတာဝန်ကို အမှုလိုက်စာတွဲ တွင် တိကျစွာမှတ်တမ်းတင်ထားရမည်။

(ဆ) နည်းဥပဒေခွဲ (င) အရ ခွင့်ပြုခဲ့လျှင် ခွင့်ပြုထားသည့် အတိုင်းအတာအလျောက် ရှေ့နေအား ရဲ စက္ကူအမှုတွဲကို ရုံးချိန်အတွင်းသာလျှင် လေ့လာကြည့်ရှုခွင့် ပေးရမည်။

၁၁၉။ (က) အမှုလိုက်ဥပဒေအရာရှိသည် ခွင့်ပြုချက်ဖြင့် လိုက်ပါဆောင်ရွက်လျက်ရှိသော ရှေ့နေက အမှု နှင့်စပ်လျဉ်း၍ ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်ဆောင်ရွက်သည်ကို တွေ့ရှိလျှင် ယင်းအား ဆက်လက် လိုက်ပါဆောင်ရွက်ခွင့်ပြုရန် မသင့်ကြောင်း တာဝန်ခံဥပဒေအရာရှိထံ စာဖြင့်တင်ပြရမည်။

(ခ) တာဝန်ခံဥပဒေအရာရှိသည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်မှန်ကန်မှု ရှိ မရှိ စိစစ်ပြီး တင်ပြ ချက်မှန်ကန်သည်ဟု တွေ့ရှိပါကလည်းကောင်း၊ ကိုယ်တိုင်လိုက်ပါဆောင်ရွက်သည့်အမှုတွင် မိမိခွင့်ပြု ချက်ဖြင့် လိုက်ပါဆောင်ရွက်သော ရှေ့နေက အမှုနှင့်စပ်လျဉ်း၍ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက် ဆောင်ရွက်နေကြောင်း တွေ့ရှိလျှင်လည်းကောင်း ယင်းရှေ့နေအား တရားလို အကျိုးဆောင်အဖြစ် လိုက် ပါခွင့်ကို ပြန်လည်ရုပ်သိမ်းကြောင်း သက်ဆိုင်ရာ တရားရုံးသို့

တင်ပြလျှောက်ထားရမည်။ တင်ပြချက် မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ရှေ့နေကို အမှုတွင် ဆက်လက်လိုက်ပါ ဆောင်ရွက်ခွင့်ပြုရမည်။

(ဂ) တာဝန်ခံဥပဒေအရာရှိသည် နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားပြီးနောက် ယင်းရှေ့နေအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အရေးယူနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အဆင့်ဆင့် တင်ပြရမည်။

**အခန်း (၉)**

**ပြစ်မှုဆိုင်ရာအမှုရုပ်သိမ်းခြင်း**

၁၂၀။ (က) ပြည်ထောင်စုရှေ့နေချုပ်သည် တရားရုံးတွင် စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ မည်သည့်အဆင့်တွင်မဆို အမှုရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် တရားရုံးတွင် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ အ မှုနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (က) အရ မည်သည့်အဆင့်တွင်မဆို အမှုရုပ်သိမ်းခြင်း ပြုနိုင် သည်။

၁၂၁။ တာဝန်ခံဥပဒေအရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်၏ ညွှန်ကြားချက်အရဖြစ်စေ၊ မိမိကိုယ်တိုင် စိစစ်တွေ့ရှိချက်အရဖြစ်စေ၊ တရားစွဲအဖွဲ့အစည်း၏ လျှောက်ထားချက်အရဖြစ်စေ၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း သို့မဟုတ် နစ်နာသူအမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ တရားရုံးတွင် စွဲ ဆိုထားသော ပြစ်မှုဆိုင်ရာအမှုနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၇ ပုဒ်မခွဲ (က) နှင့် ပုဒ် မ ၃၆ ပုဒ်မခွဲ (ဈ) တို့အရ မည်သည့်အဆင့်တွင်မဆို ဥပဒေနှင့်အညီ အမှုရုပ်သိမ်းခြင်းပြုနိုင်သည်။

၁၂၂။ ပြစ်မှုဆိုင်ရာအမှု ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍-

(က) မြို့နယ်တာဝန်ခံ ဥပဒေအရာရှိသည် ရာဇသတ်ကြီးနှင့် အထူးဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ခု နစ်နှစ်အထိ ချမှတ်နိုင်သည့်ပြစ်မှုများကို စိစစ်၍ အမှုရုပ်သိမ်းခြင်း ပြုရန် သင့်မသင့် ဆုံးဖြတ်ရမည်။ အ မှုရုပ်သိမ်းခြင်းပြုရန် မိမိဆုံးဖြတ်ခွင့်မရှိသော အမှုဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် ခရိုင်ဥပဒေရုံးသို့ တင်ပြရမည်။

(ခ) ခရိုင်တာဝန်ခံဥပဒေအရာရှိသည် ရာဇသတ်ကြီးနှင့် အထူးဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ခုနစ် နှစ် အထက်မှ ၁၀ နှစ်အထိ ချမှတ်နိုင်သည့် အမှုများဖြစ်ပါက စိစစ်၍ အမှုရုပ်သိမ်းခြင်းပြုရန် သင့် မသင့် ဆုံးဖြတ်ရမည်။ မြို့နယ်တာဝန်ခံ ဥပဒေအရာရှိက တင်ပြသောအမှုဖြစ်လျှင် သက်ဆိုင်ရာ မြို့နယ်ဥပဒေ ရုံးသို့ မိမိ၏ဆုံးဖြတ်ချက်ကို ပေးပို့ရမည်။ အမှုရုပ်သိမ်းခြင်းပြုရန် မိမိဆုံးဖြတ်ခွင့်မရှိသော အမှုဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံဥပဒေအရာရှိသည် မြို့နယ်နှင့်ခရိုင် တာဝန်ခံဥပဒေ အရာရှိများက ရုပ်သိမ်းရန် ဆုံးဖြတ်ခွင့်မရှိသော အမှုနှင့်စပ်လျဉ်း၍ စိစစ်ပြီး ယင်း၏သဘောထားမှတ် ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က ရုပ်သိမ်းရန် သင့် မသင့် ဆုံးဖြတ်ရမည်။ မြို့နယ်နှင့်ခရိုင် တာဝန်ခံဥပဒေအရာရှိ က တင်ပြသော အမှုဖြစ်လျှင် သက်ဆိုင်ရာ ဥပဒေရုံးသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် ၏ ဆုံးဖြတ်ချက်ကိုပေးပို့ရမည်။

Myanmar Law Information System (MLIS)

၁၂၃။ ပြစ်မှုဆိုင်ရာ အမှုရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တာဝန်ခံဥပဒေအရာရှိသည်-

(က) မိမိကိုယ်တိုင် လိုက်ပါသောအမှုမဟုတ်လျှင် အမှုလိုက်ဥပဒေအရာရှိ၏ သဘောထားမှတ်ချက်ကို ရ ယူရမည်။

(ခ) တရားစွဲအဖွဲ့အစည်းက အမှုရုပ်သိမ်းခြင်းပြုရန် လျှောက်ထားခြင်းမဟုတ်ပါက သက်ဆိုင်ရာအဆင့် ရှိ တရားစွဲအဖွဲ့အစည်း၏ သဘောထားမှတ်ချက်ကို ရယူရမည်။

(ဂ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ တရားစွဲဆိုရန် ခွင့်ပြုမိန့် သို့မဟုတ် သဘောတူညီ ချက်ဖြင့် တရားစွဲဆိုသော အမှုဖြစ်ပါက တရားစွဲဆိုရန် ခွင့်ပြုမိန့် သို့မဟုတ် သဘောတူညီချက် ထုတ်ပေး ခဲ့သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက်ရယူရန် တရားစွဲအဖွဲ့အစည်းသို့ အ ကြောင်းကြားရမည်။

၁၂၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အမှုရုပ်သိမ်းခြင်းပြုသင့်သည်ဟု သဘောရရှိ၍ သဘောထားမှတ်ချက်၊ ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ အကြောင်းကြားလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များအရ အမှုရုပ်သိမ်းခြင်းပြုသင့်သည်ဟုတွေ့ရှိပါက အမှုရုပ်သိမ်း ခြင်းပြုရန် သက်ဆိုင်ရာဥပဒေရုံးသို့ ညွှန်ကြားရမည်။

၁၂၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ခံဥပဒေအရာရှိသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ခြင်း ရှိ မရှိ စိစစ်၍ အမှုရုပ်သိမ်းခြင်းပြုရန် သင့် မသင့် ဆုံး ဖြတ်ရမည်-

(က) ဥပဒေဆိုင်ရာ လိုအပ်ချက်တစ်ရပ်ရပ်အရ အမှုရုပ်သိမ်းခြင်းပြုရန် လိုအပ်ခြင်း၊

(ခ) ပေါ်ပေါက်သည့် သက်သေခံချက်အရ ပြစ်မှုမမြောက်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်း၊

(ဂ) ပြစ်မှုထင်ရှားပေါ်လွင်စေရန် တရားလိုဘက်မှ သက်သေနှင့်သက်သေခံအထောက်အထားများ မ တင်ပြနိုင်ခြင်း၊

(ဃ) တရားခံ တစ်ဦးဦးကို တရားလိုပြသက်သေအဖြစ် ပြောင်းလဲအသုံးပြုရန် အကြောင်းပေါ်ပေါက်သ ဖြင့် အဆိုပါတရားခံကို အမှုမှရုပ်သိမ်းရန် လိုအပ်ခြင်း၊

(င) အမှုသည်အချင်းချင်း ကျေနပ်မှုရရှိကြပြီးဖြစ်၍သော်လည်းကောင်း၊ သွေးရင်းသားရင်းများဖြစ်၍ သော်လည်းကောင်း အမှုကို ဆက်လက်စစ်ဆေးပါက အကျိုးထူးဖွယ်ရာမရှိကြောင်းနှင့် အမှန်တရားကို ထုတ်ဖော်ပြောဆိုမည် မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(စ) နည်းဥပဒေခွဲ (က) မှ (င) အထိ ဖော်ပြထားသော အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အတွက် အမှုရုပ်သိမ်းခြင်းအားဖြင့် အလားတူအမှုမျိုး ထပ်မံဖြစ်ပွားစေရန် အကြောင်းမရှိခြင်း။

၁၂၆။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ခံဥပဒေအရာရှိသည်-

(က) အမှုရုပ်သိမ်းခြင်းပြုရန် ဆုံးဖြတ်ပါက သက်ဆိုင်ရာတရားရုံးတွင် တင်ပြလျှောက်ထားရန် အမှု လိုက်ဥပဒေအရာရှိအား ညွှန်ကြားရမည်။ တာဝန်ခံဥပဒေအရာရှိ ကိုယ်တိုင်လိုက်ပါဆောင်ရွက်သော အမှု ဖြစ်လျှင် မိမိကိုယ်တိုင် တရားရုံးတွင် လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

(ခ) အမှုရုပ်သိမ်းခြင်းပြုရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် နစ်နာသူ အမှုသည်ထံသို့ အကြောင်းပြန်ကြားရ မည်။

(ဂ) အမှုရုပ်သိမ်းခြင်းပြုရန် တရားရုံးသို့ လျှောက်ထားချက်ကို တရားရုံးက ခွင့်မပြုကြောင်း အမိန့်ချ မှတ်လျှင် ယင်းအမိန့်ကို ပြင်ဆင်မှုတင်သွင်းရမည်။

(ဃ) ပြည်ထောင်စုရှေ့နေချုပ်၏ ညွှန်ကြားချက်အရ အမှုတစ်ရပ်လုံးကို ရုပ်သိမ်းရန် လျှောက်ထားခဲ့ သော်လည်း တရားရုံးက ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ထိုအမှုတွင် ဆက်လက်လိုက်ပါဆောင်ရွက်ခြင်း မပြုဘဲ တစ်ဆင့်မြင့်ဥပဒေရုံးသို့ တင်ပြရမည်။

(င) တရားရုံးက အမှုရုပ်သိမ်းခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်သည့်အခါ ဆုံးဖြတ်သည့် ရက်မှာပင် ဥပရ အမှုလိုက်ပုံစံ (၃) ကို သဘောထားမှတ်ချက်ဖြင့် တစ်ဆင့်မြင့်ဥပဒေရုံးသို့ ပေးပို့ရမည်။

၁၂၇။ အဆင့်မြင့်ဥပဒေရုံးသည် မိမိကြီးကြပ်မှုအောက်ရှိ ဥပဒေရုံးက ရုပ်သိမ်းခြင်းမပြုသင့်သော အမှုကို ရုပ်သိမ်းခြင်းပြုရန် လျှောက်ထားခြင်းကြောင့် သက်ဆိုင်ရာ တရားရုံးက အမှုရုပ်သိမ်းခြင်းကို ခွင့်ပြု ကြောင်းတွေ့ရှိပါက ပြင်ဆင်မှုသော်လည်းကောင်း၊ အပြီးအပြတ်လွှတ်သည့် အမိန့်အပေါ်အယူခံမှု သော် လည်းကောင်း တင်သွင်းရေးအတွက် ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုတင်သွင်းခြင်း

၁၂၈။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ခံဥပဒေအရာရှိတို့သည် ပြစ်မှုဆိုင်ရာအမှုတွင် တရားရုံးကချမှတ်သည့် စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း အောက်ပါအကြောင်း တစ်ရပ်ရပ်အရ သိရှိသည့်အခါ ပြစ်မှုဆိုင်ရာ ပြင် ဆင်မှု သို့မဟုတ် အထွေထွေလျှောက်ထားမှု တင်သွင်းရန် သင့် မသင့် စိစစ်ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်မြင့်ဥပဒေရုံးက ညွှန်ကြားခြင်း၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အကြောင်းကြားခြင်း၊

(ဂ) အမှုလိုက်ဥပဒေအရာရှိက တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက တင်ပြခြင်း၊

(င) နစ်နာသူ အမှုသည်တစ်ဦးဦးက တင်ပြခြင်း။

၁၂၉။ အမှုလိုက်ဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သောအမှုတွင် တရားရုံး၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု တင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်အခါ တရားရုံး၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တာဝန်ခံမိတ္တူ မှန်နှင့်အတူ အောက်ပါအချက်အလက်များကို ဖော်ပြပြီး တာဝန်ခံဥပဒေအရာရှိထံ တင်ပြရမည်-

(က) အမှုအကြောင်းအရာအကျဉ်းချုပ်၊

(ခ) တရားစွဲဆိုသည့်ဥပဒေပုဒ်မ၊ နေ့ရက်နှင့် စွဲချက်တင်သည့် ဥပဒေပုဒ်မ၊ နေ့ရက်၊

(ဂ) တရားရုံး၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(ဃ) တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များမှ အဓိကအချက်များ၊ အားကိုးအားထားပြုရမည့် စာတမ်းအမှတ်အသား သက်သေခံချက်များ (ရှိလျှင်) ရိုးရိုးမိတ္တူ၊

(င) တရားခံပြသက်သေများ၏ ထွက်ဆိုချက်များမှ အဓိကအချက်များ၊ အားကိုးအားထားပြုရမည့် စာ တမ်းအမှတ်အသား သက်သေခံချက်များ (ရှိလျှင်) ရိုးရိုးမိတ္တူ၊

(စ) စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် သုံးသပ်တင်ပြချက်၊

(ဆ) လျှောက်ထားခံရသူ၏ နေရပ်လိပ်စာ အပြည့်အစုံ၊

(ဇ) လျှောက်ထားခံရသူသည် အကျဉ်းသားဖြစ်လျှင် အကျဉ်းသားအမှတ်နှင့် အကျဉ်းထောင်အမည်၊

(ဈ) ရုံးခေါ်သက်သေများ (ရှိလျှင်) ၏ ထွက်ဆိုချက်များမှ အဓိကအချက်များ၊ စာတမ်းအမှတ်အသား သက်သေခံချက်များ (ရှိလျှင်) ရိုးရိုးမိတ္တူ။

၁၃၀။ ခရိုင်တာဝန်ခံဥပဒေအရာရှိသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများနှင့် စပ် လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) မြို့နယ်တာဝန်ခံဥပဒေအရာရှိ မဟုတ်သည့် မြို့နယ်အမှုလိုက် ဥပဒေအရာရှိလိုက်ပါဆောင်ရွက် သော အမှုဖြစ်ပါက-

(၁) မြို့နယ်အမှုလိုက်ဥပဒေအရာရှိ၊ မြို့နယ်တာဝန်ခံဥပဒေအရာရှိနှင့် ခရိုင်တာဝန်ခံ ဥပဒေအရာရှိတို့ က တင်သွင်းသင့်ကြောင်း သဘောထားတူညီလျှင် ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မ ဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးသို့ တင်သွင်းရမည်။ တင်သွင်းရန် မသင့်ကြောင်း သဘော ထားတူညီလျှင် အမှုပိတ်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၌ တင်သွင်းရမည့် အမှုဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်ထံ ဆက်လက်တင်ပြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(၂) မြို့နယ်အမှုလိုက်ဥပဒေအရာရှိနှင့် မြို့နယ်တာဝန်ခံဥပဒေအရာရှိတို့ သဘောထားကွဲလွဲပြီး ခရိုင် တာဝန်ခံဥပဒေအရာရှိက တင်သွင်းသင့်သည်ဟု ယူဆလျှင် ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတွင် တင်သွင်းရမည်။ တင်သွင်းရန်မသင့်ဟု ယူဆလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံဥပဒေအရာရှိသည် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ထံ ဆက်လက်တင်ပြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ ဆုံးဖြတ်ချက်နှင့် အညီ ဆောင်ရွက်ရမည်။

(၃) မြို့နယ်အမှုလိုက်ဥပဒေအရာရှိနှင့် မြို့နယ်တာဝန်ခံဥပဒေအရာရှိတို့က တင်သွင်းသင့်သည်ဟု သ ဘောထားတူညီကြသော်လည်း ခရိုင်တာဝန်ခံ ဥပဒေအရာရှိက တင်သွင်းရန် မသင့်ဟုယူဆလျှင် တိုင်း ဒေသကြီး

Myanmar Law Information System (MLIS)

သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံဥပဒေအရာရှိသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ချုပ်ထံ ဆက်လက်တင်ပြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(၄) မြို့နယ်အမှုလိုက်ဥပဒေအရာရှိနှင့် မြို့နယ်တာဝန်ခံဥပဒေအရာရှိတို့က တင်သွင်းရန် မသင့်ဟု သဘောထားတူညီကြသော်လည်း ခရိုင်တာဝန်ခံဥပဒေအရာရှိက တင်သွင်းသင့်သည်ဟုယူဆလျှင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ချုပ်ထံ ဆက်လက်တင်ပြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) မြို့နယ်တာဝန်ခံဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော အမှုဖြစ်ပါက-

(၁) မြို့နယ်တာဝန်ခံဥပဒေအရာရှိနှင့် ခရိုင်တာဝန်ခံဥပဒေအရာရှိတို့က တင်သွင်းသင့်ကြောင်း သဘောထားတူညီလျှင် ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တ ရားရုံး၌ တင်သွင်းရမည့် အမှုဖြစ်ပါက ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတရားရုံးတွင် တင်သွင်းရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ် တော်၌ တင်သွင်းရမည့်အမှုဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ ဆက်လက်တင်ပြပြီး ယင်းဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(၂) မြို့နယ်တာဝန်ခံဥပဒေအရာရှိနှင့် ခရိုင်တာဝန်ခံဥပဒေအရာရှိတို့က တင်သွင်းရန် သင့် မသင့် သဘောထားကွဲလွဲလျှင်ဖြစ်စေ၊ တင်သွင်းရန် မသင့်ကြောင်း သဘောထားတူညီလျှင်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ ဆက်လက်တင်ပြပြီး ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု၊ အထွေ ထွေလျှောက်ထားမှု တင်သွင်းရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ခရိုင်တာဝန်ခံ ဥပဒေအရာရှိ မဟုတ်သော ခရိုင်အမှုလိုက် ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော အမှုဖြစ်ပါက-

(၁) ခရိုင်အမှုလိုက်ဥပဒေအရာရှိ၊ ခရိုင်တာဝန်ခံ ဥပဒေအရာရှိတို့က တင်သွင်းရန် သင့်ကြောင်းသော် လည်းကောင်း၊ တင်သွင်းရန် မသင့်ကြောင်းသော်လည်းကောင်း သဘောထားတူညီလျှင်ဖြစ်စေ၊ သဘော ထားကွဲလွဲလျှင်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် မိမိ၏သဘော ထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။

Myanmar Law Information System (MLIS)

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တင်သွင်းရန် ဆုံးဖြတ်ပါက သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု တင်သွင်းရ မည်။ တင်သွင်းရန် မသင့်ဟု ဆုံးဖြတ်ပါက အမှုပိတ်ရမည်။

(ခ) ခရိုင်တာဝန်ခံ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော အမှုဖြစ်ပါက-

(၁) ခရိုင်တာဝန်ခံဥပဒေအရာရှိနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိတို့က တင်သွင်းသင့်သည်ဟု သဘောထားတူညီလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြ ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(၂) ခရိုင်တာဝန်ခံဥပဒေအရာရှိနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိတို့က တင်သွင်းရန်မသင့်ဟု သဘောထားတူညီလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံတင်ပြ ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တင်သွင်းရန်မသင့်ဟု ဆုံးဖြတ်ပါက အမှုပိတ်ရ မည်။ ထိုသို့ အမှုပိတ်သိမ်းကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။ ခရိုင်တာဝန်ခံ ဥပဒေအ ရာရှိနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိတို့ သဘောထားကွဲလွဲလျှင် တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံတင်ပြပြီး ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၃၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမှုလိုက်အရာရှိ လိုက်ပါဆောင်ရွက်သော အမှုတွင် ပြင်ဆင် မှု၊ အထွေထွေလျှောက်ထားမှု တင်သွင်းရန် လိုအပ်ပါက ထိုအမှုလိုက်အရာရှိသည် နည်းဥပဒေ ၁၂၉ ပါ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး သက်ဆိုင်ရာဥပဒေရုံးသို့ တင်ပြရမည်။ ယင်းတင်ပြချက်ကို အမှုလိုက်ဥပဒေအရာရှိ၏ တင်ပြချက် ဖြစ်ဘိသကဲ့သို့ မှတ်ယူပြီး တာဝန်ခံဥပဒေအရာရှိက အဆင့်ဆင့် စိစစ်ဆောင်ရွက်ရမည်။

၁၃၃။ တာဝန်ခံဥပဒေအရာရှိသည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမှုလိုက်အရာရှိလိုက်ပါဆောင် ရွက်သော အမှုတွင် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုတင်သွင်းရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြောင်းကြားချက်ကို ရရှိသည့်အခါ ပြင်ဆင်မှု၊ အထွေထွေလျှောက် ထားမှု တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၁၃၄။ ဥပဒေရုံးအဆင့်ဆင့်သည်-

(က) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းရာတွင် တရားရုံးများလက်စွဲအရ ကာလစည်းကမ်းသတ် ရက် ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာတရားရုံးသို့ တင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်။ အကြောင်းတစ်စုံတစ် ရာကြောင့် ထိုကာလစည်းကမ်းသတ်ရက်အတွင်း ပြင်ဆင်မှု တင်သွင်းခြင်းမပြုနိုင်ပါက မည်သည့်အ တွက် ကြန့်ကြာရကြောင်း ခိုင်လုံသော အကြောင်းပြချက် ပူးတွဲ၍ တင်ပြရမည်။

(ခ) တရားရုံးက အပြီးသတ်အမိန့်မချမှတ်မီ ချမှတ်သော အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြင်ဆင်မှု တင်သွင်းရန် တစ်ဆင့်မြင့် ဥပဒေရုံးသို့ တင်ပြခြင်းဖြစ်ပါက ထိုသို့ ဆောင်ရွက်ထားကြောင်းကို သက် ဆိုင်ရာတရားရုံးသို့ စာဖြင့် တင်ပြရမည်။

## အခန်း (၁၁)

## တရားခံအား အပြီးအပြတ်လွှတ်သည့် အမိန့်ကို အယူခံခြင်း

၁၃၅။ ဥပဒေရုံးအဆင့်ဆင့်သည် ပြစ်မှုဆိုင်ရာအမှုတွင် တရားခံအား အပြီးအပြတ်လွှတ်သည့် အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံဝင်ရန် အောက်ပါအကြောင်းတစ်ရပ်ရပ်အရ ပေါ် ပေါက်သည့်အခါ စိစစ်ပြီး အယူခံဝင်ရန် သင့် မသင့် သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က အပြီးအပြတ်လွှတ်သည့်အမိန့် ဖြစ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်မြင့်ဥပဒေရုံးက ညွှန်ကြားခြင်း၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အကြောင်းကြားခြင်း၊

(ဂ) အမှုလိုက်ဥပဒေအရာရှိက တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက တင်ပြခြင်း၊

(င) နစ်နာသူ အမှုသည်တစ်ဦးဦးကတင်ပြခြင်း။

၁၃၆။ (က) တာဝန်ခံဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သော အမှုတွင် တရားရုံး၏ အပြီးအပြတ် လွှတ်သည့်အမိန့်ကို အယူခံဝင်သင့်ကြောင်း စိစစ်တွေ့ရှိပါက ဥပရ အမှုလိုက် ပုံစံ (၇) တွင် ဖြည့်စွက် ရေးသားပြီး အမှုလိုက်စာတွဲတွင် ပူးတွဲ၍ တရားရုံး၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူအပြင် နစ်ဖက် သက်သေများ၏ ထွက်ဆိုချက်ရိုးရိုး မိတ္တူနှင့် အဓိက စာတမ်းအမှတ်အသား၏ ရိုးရိုးမိတ္တူများနှင့်အတူ ယင်းစီရင်ချက်မိတ္တူမှန် လက်ခံရရှိသည့် ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

(ခ) တာဝန်ခံဥပဒေအရာရှိမဟုတ်သော အမှုလိုက်ဥပဒေအရာရှိသည် တရားရုံး၏ အပြီးအပြတ်လွှတ် သည့် အမိန့်ကို အယူခံဝင်သင့်ကြောင်း စိစစ်တွေ့ရှိပါက ဥပရအမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသား ပြီး အမှုလိုက်စာတွဲကို တရားရုံး၏ စီရင်ချက်အမိန့်တာဝန်ခံမိတ္တူနှင့်အတူ ယင်းစီရင်ချက်အမိန့် တာဝန် ခံမိတ္တူလက်ခံရရှိသည့်ရက်မှ ခုနစ်ရက်အတွင်းသက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိထံ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိသည့် တာဝန်ခံဥပဒေအရာရှိသည် ဥပရအမှုလိုက် ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး တရားရုံး၏ စီရင်ချက်မိတ္တူနှင့်အတူ တင်ပြချက်ကို လက်ခံရရှိသည့် ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

(ဃ) အမှုလိုက်ဥပဒေအရာရှိသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အပြီးအ ပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်သင့်ကြောင်း စိစစ်တွေ့ရှိပါက ဥပရအမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက် ရေးသားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်တို့၏ စီရင် ချက်အမိန့် တာဝန်ခံ မိတ္တူပူးတွဲ၍ ယင်းစီရင်ချက် အမိန့်တာဝန်ခံ မိတ္တူလက်ခံရရှိသည့်ရက်မှ ခုနစ်ရက် အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့ မဟုတ် ပြည်နယ် တာဝန်ခံဥပဒေအရာရှိက

Myanmar Law Information System (MLIS)

မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြချက်ကို လက်ခံ ရရှိသည့်ရက်မှ ၁၅ ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က အဆုံးအဖြတ်ပြုရန်ဖြစ်ပြီး အယူခံမှုတင်သွင်းရန် လိုအပ်ပါ က ယင်း၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ၁၅ ရက်အတွင်း ပြည် ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိ ကိုယ်တိုင် လိုက်ပါဆောင်ရွက်သော အမှု တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံ ဝင်သင့်ကြောင်း စိစစ်တွေ့ရှိပါက ဥပဒေ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး တိုင်းဒေသကြီး သို့ မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်တို့၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူပူးတွဲ၍ ယင်းစီရင်ချက်အမိန့် တာဝန်ခံမိတ္တူ လက်ခံရရှိသည့် ရက်မှ ၁၅ ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က အဆုံးအဖြတ် ပြုရန်ဖြစ်ပြီး အယူခံမှုတင်သွင်းရန် လိုအပ်ပါက ယင်း၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ၁၅ ရက်အတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

၁၃၇။ တရားစွဲအဖွဲ့အစည်းကဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် နစ်နာသူ အမှုသည်ကဖြစ်စေ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၏ အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်သင့်ကြောင်း တင်ပြ လျှောက်ထားလျှင် သက်ဆိုင်ရာ ဥပဒေရုံးသည် အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရ မည်-

(က) အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သောရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားခြင်း ရှိ မရှိ၊

(ခ) တရားစွဲအဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုက ရက် ပေါင်း ၃၀ ကျော်လွန်ပြီးမှ လျှောက်ထားခြင်းဖြစ်လျှင် သတ်မှတ်ရက်ကျော်လွန်ရခြင်းအတွက် ခိုင်လုံ သော အကြောင်းပြချက်ကို လျှောက်လွှာတွင် ထည့်သွင်းထားခြင်း ရှိ မရှိ၊

(ဂ) နစ်နာသူအမှုသည် တစ်ဦးဦးက ရက်ပေါင်း ၃၀ ကျော်လွန်ပြီးမှ လျှောက်ထားခြင်းဖြစ်လျှင် သတ် မှတ်ရက် ကျော်လွန်ရခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက် ပါရှိသည့် ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ ပူးတွဲတင်ပြခြင်း ရှိ မရှိ၊

(ဃ) နစ်နာသူအမှုသည် တစ်ဦးဦးက တင်သွင်းသော လျှောက်လွှာပေါ်တွင် သတ်မှတ်ထားသည့် ရုံးခွန် တံဆိပ်ခေါင်း ထမ်းဆောင်ထားခြင်း ရှိ မရှိ၊

(င) လျှောက်လွှာနှင့်အတူ လျှောက်ထားခံရသူ၏ နေရပ်လိပ်စာ အပြည့်အစုံနှင့် အောက်ဖော်ပြပါ စာ ရွက်စာတမ်းများ ပူးတွဲပါရှိခြင်း ရှိ မရှိ-

(၁) အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သော တရားရုံး၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူ၊

Myanmar Law Information System (MLIS)

(၂) အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သော တရားရုံးသည် မူလတရားရုံးမဟုတ်ဘဲ အယူခံတရား ရုံး၊ ပြင်ဆင်မှုတရားရုံး ဖြစ်ခဲ့လျှင် မူလတရားရုံး၊ အယူခံတရားရုံးနှင့် ပြင်ဆင်မှုတရားရုံးတို့၏ စီရင် ချက်အမိန့် တာဝန်ခံမိတ္တူများ၊

(၃) ရဲထံတိုင်ကြားသည့် အမှုဖြစ်လျှင် ပထမသတင်းပေး တိုင်တန်းချက်တာဝန်ခံ မိတ္တူ၊ တရားရုံးသို့ ဦးတိုက်လျှောက်ထားသည့် အမှုဖြစ်လျှင် ဦးတိုက်လျှောက်လွှာနှင့် လျှောက်ထားသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးချက် တာဝန်ခံမိတ္တူများ၊

(၄) သက်ဆိုင်ရာအမှု၏ တရားလိုနှင့် တရားလိုပြသက်သေများ၊ တရားခံနှင့် တရားခံပြသက်သေများ၊ ရုံးခေါ်သက်သေများ (ရှိလျှင်) ၏ ထွက်ဆိုချက်များနှင့် သက်သေခံအဖြစ် တင်ပြထားသော စာရွက်စာ တမ်းများ၏ မိတ္တူများ။

၁၃၈။ နည်းဥပဒေ ၁၃၇ အရ တင်ပြချက်ကို လက်ခံရရှိသည့် မြို့နယ် သို့မဟုတ် ခရိုင်တာဝန်ခံဥပဒေအ ရာရှိသည်-

(က) မိမိကိုယ်တိုင် လိုက်ပါဆောင်ရွက်သော အမှုဖြစ်လျှင် ဥပရအမှုလိုက် ပုံစံ (၇) တွင် ဖြည့်စွက်ရေး သားပြီး သက်ဆိုင်ရာ အမှုလိုက်စာတွဲတွင် ပူးတွဲ၍ နည်းဥပဒေ ၁၃၇၊ နည်းဥပဒေခွဲ (င) ပါ စာရွက်စာ တမ်းများနှင့်အတူ လျှောက်လွှာကို လက်ခံရရှိသည့် ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

(ခ) မိမိကိုယ်တိုင် လိုက်ပါဆောင်ရွက်သော အမှုမဟုတ်လျှင် ဥပရအမှုလိုက် ပုံစံ (၇) တွင် ဖြည့်စွက်ရေး သားပြီး သက်ဆိုင်ရာ အမှုလိုက်စာတွဲတွင် ပူးတွဲ၍ လက်ခံရရှိသည့် ရက်မှ ၁၅ ရက်အတွင်း ပြန်လည် တင်ပြရန် သက်ဆိုင်ရာ အမှုလိုက်ဥပဒေအရာရှိကို ညွှန်ကြားရမည်။

(ဂ) အမှုလိုက်ဥပဒေအရာရှိက နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ပြီး ပြန်လည်တင်ပြသည့်အခါ ဥပရ အမှုလိုက်ပုံစံ (၇) တွင်ဖြည့်စွက်ရေးသားပြီး အမှုလိုက်စာတွဲကို နည်းဥပဒေ ၁၃၇ နည်းဥပဒေခွဲ (င) ပါ စာရွက်စာတမ်းများနှင့်အတူ အမှုလိုက် ဥပဒေအရာရှိ၏ ပြန်လည်တင်ပြချက်ကို လက်ခံရရှိသည့် ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

(ဃ) ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သောအမှု မဟုတ်လျှင် ဥပရအမှုလိုက်ပုံစံ (၇) တွင်ဖြည့်စွက်ရေး သားပြီး နည်းဥပဒေ ၁၃၇ နည်းဥပဒေခွဲ (င) ပါစာရွက်စာတမ်းများပူးတွဲ၍ လျှောက်လွှာကို လက်ခံရရှိ သည့် ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

၁၃၉။ နည်းဥပဒေ ၁၃၈ အရ တင်ပြချက်ကို လက်ခံရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန် ခံဥပဒေအရာရှိသည် တရားရုံး၏ အပြီးအပြတ်လွှတ်သည့်အမိန့်ကို စိစစ်၍ မိမိ၏သဘောထားမှတ်ချက် နှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြပြီး တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၄၀။ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေ သတရားရုံး၏ အပြီးအပြတ်လွှတ်သည့် အမိန့်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တိုင်း ဒေသကြီး သို့မဟုတ်

ပြည်နယ်တရားလွှတ်တော်သို့ အယူခံဝင်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်တရားလွှတ်တော်က သက်ဆိုင်ရာမြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့ မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၏ အမိန့်ကို အတည်ပြုပြီး အယူခံလျှောက်ထားမှုကို ပ လပ်သည့် အမိန့်ချမှတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ တရားစွဲအဖွဲ့အစည်းကဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အ စိုးရအဖွဲ့အစည်း သို့မဟုတ် နစ်နာသူ အမှုသည်ကဖြစ်စေ အယူခံမှု တင်သွင်းသင့်ကြောင်း တင်ပြလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) ပလပ်သည့် အမိန့်ချမှတ်သောရက်မှ ၁၅ ရက်အတွင်း လျှောက်ထားခြင်း ရှိ မရှိ၊

(ခ) တရားစွဲအဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုက ၁၅ ရက် ကျော်လွန်ပြီးမှ လျှောက်ထားခြင်းဖြစ်လျှင် သတ်မှတ်ရက်ကျော်လွန်ရခြင်းအတွက် ခိုင်လုံသော အ ကြောင်းပြချက်ကို လျှောက်လွှာတွင် ထည့်သွင်းထားခြင်း ရှိ မရှိ၊

(ဂ) နစ်နာသူ အမှုသည်တစ်ဦးဦးက ၁၅ ရက်ကျော်လွန်ပြီးမှ လျှောက်ထားခြင်းဖြစ်လျှင် သတ်မှတ်ရက် ကျော်လွန်ရခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်ပါရှိသည့် ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာ ပြုလွှာ ပူးတွဲတင်ပြခြင်း ရှိ မရှိ၊

(ဃ) နစ်နာသူအမှုသည် တစ်ဦးဦးက တင်သွင်းသော လျှောက်လွှာပေါ်တွင် သတ်မှတ်ထားသည့် ရုံးခွန် တံဆိပ်ခေါင်း ထမ်းဆောင်ထားခြင်း ရှိ မရှိ၊

(င) လျှောက်လွှာနှင့်အတူ လျှောက်ထားခံရသူ၏ နေရပ်လိပ်စာ အပြည့်အစုံနှင့် အောက်ဖော်ပြပါ စာ ရွက်စာတမ်းများ ပူးတွဲပါရှိခြင်း ရှိ မရှိ-

(၁) ပလပ်သည့်အမိန့် ချမှတ်သော တရားလွှတ်တော်၏ စီရင်ချက်အမိန့်တာဝန်ခံမိတ္တူ၊

(၂) အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သော မူလတရားရုံး၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူ၊

(၃) အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သော တရားရုံးသည် မူလတရားရုံးမဟုတ်ဘဲ အယူခံတရား ရုံး၊ ပြင်ဆင်မှုတရားရုံး ဖြစ်ခဲ့လျှင် ယင်းတရားရုံး၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူများ။

၁၄၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် တရားရုံးအဆင့်ဆင့်၏ အပြီးအပြတ်လွှတ် သည့်အမိန့်အပေါ် အယူခံမှုတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ပလပ်သည့် အ မိန့်ကို နည်းဥပဒေ ၁၄၀ အရ လျှောက်ထားခြင်းဖြစ်လျှင် ဥပရအမှုလိုက် ပုံစံ (၇-က) တွင် ဖြည့်စွက်ရေး သားပြီး သက်ဆိုင်ရာ အမှုလိုက်စာတွဲတွင် ပူးတွဲ၍ နည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ (င) ပါစာရွက်စာ တမ်းများနှင့်အတူ လျှောက်လွှာကို လက်ခံရရှိသည့်ရက်မှ ၁၅ ရက်အတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

၁၄၂။ အပြီးအပြတ်လွှတ်သည့်အမိန့်ကို ယင်းအမိန့်ချမှတ်သည့်ရက်မှ ခြောက်လကျော်လွန်ပြီးနောက်မှ အယူခံဝင်ရန် နည်းဥပဒေ ၁၃၇ အရ တင်ပြလျှောက်ထားလျှင် သက်ဆိုင်ရာတာဝန်ခံ ဥပဒေအရာရှိသည် လျှောက်လွှာကို လက်ခံခြင်းမပြုဘဲ ကာလစည်းကမ်းသတ်ရက် ကျော်လွန်ကြောင်း ရှင်းလင်းပြောကြား ပြီး လျှောက်လွှာနှင့်အတူ စာရွက်စာတမ်းအားလုံးကို လျှောက်ထားသူသို့ ပြန်ပေးရမည် သို့မဟုတ် ရှင်း လင်းဖော်ပြ၍ စာဖြင့် ပြန်လည်ပေးပို့ရမည်။

Myanmar Law Information System (MLIS)

၁၄၃။ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သောအမှုတွင် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၏ အပြီးအပြတ်လွှတ်သည့်အမိန့်ကို အ ယူခံဝင်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာတိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ အကြောင်းကြားလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် သက်ဆိုင်ရာ ဥပဒေရုံးသို့ ဥပရအမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက် ရေးသားပြီး ပြန်လည်တင်ပြရန် အကြောင်းကြားရမည်။ သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိသည် ဥပရ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး အကြောင်းကြားစာကို လက်ခံရရှိသည့်ရက်မှ ၁၅ ရက်အ တွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ပြန်လည်တင်ပြရမည်။

၁၄၄။ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်ခြင်းမရှိသော အမှုတွင် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားရုံး၏ အပြီးအပြတ်လွှတ်သည့် အ မိန့်ကို အယူခံဝင်သင့်သည်ဟု ယူဆသဖြင့် နည်းဥပဒေ ၁၃၇ နည်းဥပဒေခွဲ (င) ပါ စာရွက်စာတမ်းများ နှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ အကြောင်းကြားလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်တာဝန်ခံဥပဒေအရာရှိသည် သက်ဆိုင်ရာဥပဒေရုံးသို့ ဥပရ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေး သားပြီး ပြန်လည်တင်ပြရန် အကြောင်းကြားရမည်။ သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိသည် ဥပရ အ မှုလိုက်ပုံစံ (၇) တွင်ဖြည့်စွက်ရေးသားပြီး နည်းဥပဒေ ၁၃၇ နည်းဥပဒေခွဲ (င) ပါ စာရွက်စာတမ်းများ နှင့်အတူ စီရင်ချက်အမိန့် တာဝန်ခံ မိတ္တူလက်ခံရရှိသည့် ရက်မှ ၁၅ ရက်အတွင်း တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ပြန်လည်တင်ပြရမည်။

၁၄၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အပြီးအပြတ်လွှတ်သည့်အမိန့်အပေါ် အ ယူခံဝင်ရောက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံ ဥပဒေအရာရှိသည် ဥပရ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ ဆုံးဖြတ်ချက်နှင့်အတူ အကြောင်းကြားစာကို လက်ခံရရှိ သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

၁၄၆။ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သောအမှုတွင် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက အပြီးအပြတ်လွှတ်သည့် အမိန့် ချ မှတ်သည့်အခါ-

(က) အမှုလိုက်ဥပဒေအရာရှိသည် အယူခံဝင်ရန် မသင့်ဟု ယူဆပါက အယူခံဝင်ရန် မသင့်ကြောင်း အ ကြောင်းပြချက်များကို အမှုလိုက်စာတွဲတွင် ပြည့်စုံစွာရေးသားပြီး တာဝန်ခံဥပဒေအရာရှိထံ တင်ပြရ မည်။ တာဝန်ခံဥပဒေအရာရှိသည် အယူခံဝင်သင့်သည်ဟု ယူဆပါက ဥပရအမှုလိုက်ပုံစံ (၇) တွင် ဖြည့် စွက်ရေးသားပြီး ပြန်လည်တင်ပြရန်နှင့် တရားရုံး (များ) ၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူကို တောင်း ခံရန် သက်ဆိုင်ရာ အမှုလိုက်ဥပဒေအရာရှိကို ညွှန်ကြားရမည်။

Myanmar Law Information System (MLIS)

(ခ) အမှုလိုက်ဥပဒေအရာရှိသည် နည်းဥပဒေခွဲ (က) အရ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ပြီး စီ ရင်ချက်အမိန့် တာဝန်ခံမိတ္တူ လက်ခံရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်တင်ပြရမည်။ ထိုသို့ ပြန် လည်တင်ပြသည့်အခါ တာဝန်ခံ ဥပဒေအရာရှိသည် ဥပရအမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး ပြန်လည်တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ၁၅ ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

၁၄၇။ တာဝန်ခံဥပဒေအရာရှိသည်-

(က) အယူခံဝင်ရန်မသင့်ကြောင်း အမှုလိုက်ဥပဒေအရာရှိ၏ တင်ပြချက်ကို သဘောတူပါက အမှုလိုက် စာတွဲတွင် မိမိ၏ သဘောထားမှတ်ချက်ကို ဖြည့်စွက်ရေးသားပြီး ဥပဒေရုံး၏ အမှုလိုက်စာတွဲကို ပိတ်ရ မည်။

(ခ) မိမိကိုယ်တိုင်လိုက်ပါဆောင်ရွက်သော အမှုတွင် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရန် မ သင့်ဟု ယူဆလျှင် အမှုလိုက်စာတွဲတွင် မိမိသဘောထားမှတ်ချက်ကို ပြည့်စုံစွာရေးသားပြီး ဥပဒေရုံး၏ အမှုလိုက်စာတွဲကို ပိတ်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိ သို့မဟုတ် ခရိုင်တာဝန်ခံ ဥပဒေအရာရှိ ဖြစ်လျှင် မြို့နယ်ဥပဒေရုံးကတင်ပြသော အမှုပြီးပြတ်ချက်အစီရင်ခံစာကို စိစစ်ချက်အရဖြစ်စေ၊ အခြား နည်း သိရှိရသည့်အကြောင်းတစ်ရပ်ရပ်အရဖြစ်စေ အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရန် သင့် မသင့် စိစစ်ရန် လိုအပ်သည်ဟု ယူဆပါက ဥပရ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး အမှုလိုက် စာတွဲ၊ စီရင်ချက်တာဝန်ခံမိတ္တူတို့နှင့်အတူ ပြန်လည်တင်ပြရန် သက်ဆိုင်ရာ ဥပဒေရုံးသို့ ညွှန်ကြားရ မည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ညွှန်ကြားချက်ကို ရရှိသည့်အခါ ညွှန်ကြားချက်လက်ခံရရှိသည့်ရက်မှ ရက် မှ ၁၅ ရက်အတွင်း ဦးစွာ ညွှန်ကြားသည့် ဥပဒေရုံးသို့ ပြန်လည်တင်ပြရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ ပြန်လည်တင်ပြချက်ကို လက်ခံရရှိသည့်အခါ နည်းဥပဒေခွဲ (ဂ) အရ ညွှန် ကြားသူသည် ခရိုင်တာဝန်ခံ ဥပဒေအရာရှိဖြစ်လျှင် အယူခံဝင်ရန် သင့်မသင့် စိစစ်၍ ဥပရ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ တင်ပြရမည်။

(စ) နည်းဥပဒေခွဲ (င) အရ တင်ပြချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် ရုံးက အယူခံဝင်သင့်သည်ဟု ယူဆသဖြင့် တရားရုံး၏ စီရင်ချက်အမိန့်တာဝန်ခံမိတ္တူတောင်းယူတင်ပြ ရန် သက်ဆိုင်ရာ မြို့နယ်ဥပဒေရုံးသို့ အကြောင်းကြားသည့်အခါ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူတောင်း ယူ၍ ယင်းတာဝန်ခံမိတ္တူ လက်ခံရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ပေးပို့ရမည်။

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်လျှင် ခရိုင်ဥပဒေရုံးက တင်ပြသော အမှုပြီး ပြတ်ချက်အစီရင်ခံစာကို စိစစ်ချက်အရဖြစ်စေ၊ အခြားနည်းသိရှိရသည့် အကြောင်းတစ်ရပ်ရပ်အရဖြစ် စေ အပြီးအပြတ်လွှတ်သည့် အမိန့်ကို အယူခံဝင်ရန် သင့် မသင့် စိစစ်ရန် လိုအပ်သည်ဟု ယူဆပါက ဥပ ရ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး ပြန်လည်တင်ပြရန် သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့ ညွှန် ကြားရမည်။

(ဇ) နည်းဥပဒေခွဲ (ဆ) အရ ညွှန်ကြားချက်ကို ရရှိသည့်အခါ ညွှန်ကြားချက် လက်ခံရရှိသည့်ရက်မှ ၁၅ ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ပြန်လည်တင်ပြရမည်။

(ဈ) နည်းဥပဒေခွဲ (ဇ) အရ တင်ပြချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က အယူခံ ဝင်သင့်သည်ဟု ယူဆသဖြင့် တရားရုံး၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူကို တောင်းယူတင်ပြရန် သက် ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့ အကြောင်းကြားသည့်အခါ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူ တောင်းယူ၍ လက် ခံရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ပေးပို့ရမည်။

၁၄၈။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် သက်ဆိုင်ရာဥပဒေရုံးက တင်ပြသော အစီရင်ခံစာအရ ဖြစ် စေ၊ အခြားနည်းသိရှိရသည့် အကြောင်းတစ်ရပ်ရပ်အရဖြစ်စေ အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံ ဝင်ရန် သင့် မသင့် စိစစ်ရန်လိုအပ်သည်ဟု ယူဆပါက တရားရုံးအဆင့်ဆင့်၏ စီရင်ချက်အမိန့် တာဝန်ခံ မိတ္တူနှင့်အတူ ဥပရ အမှုလိုက်ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး ပြန်လည်တင်ပြရန် သက်ဆိုင်ရာ ဥပဒေရုံးသို့ ညွှန်ကြားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ညွှန်ကြားချက်ကို လက်ခံရရှိသည့် ဥပဒေရုံးသည် ဥပရ အမှုလိုက် ပုံစံ (၇) တွင် ဖြည့်စွက်ရေးသားပြီး တရားရုံး၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူနှင့်အတူ ယင်းစီရင်ချက်အမိန့် တာဝန်ခံမိတ္တူလက်ခံရရှိသည့်ရက်မှ ၁၅ ရက်အတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်တင်ပြရ မည်။

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးက တင်ပြသော အစီရင်ခံစာအရဖြစ်စေ၊ အခြားနည်းဖြင့်သိရှိရသည့် အကြောင်းတစ်ရပ်ရပ်အရဖြစ်စေ မြို့ နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တ ရားရုံး၏ အပြီးအပြတ်လွှတ်သည့်အမိန့်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံဝင် ရောက်ရာတွင် အပြီးအပြတ်လွှတ်သည့်အမိန့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် က အတည်ပြုပြီး အယူခံလျှောက်ထားမှုကို ပလပ်သည့် အမိန့်ချမှတ်ခဲ့ခြင်းအပေါ် အယူခံမှုတင်သွင်းရန် သင့် မသင့် စိစစ်ရန် လိုအပ်သည်ဟုယူဆပါက မူလတရားရုံးနှင့် အယူခံတရားရုံးတို့၏ စီရင်ချက်အမိန့် တာဝန်ခံ မိတ္တူတို့နှင့်အတူ ဥပရ အမှုလိုက် ပုံစံ (၇-က) တွင် ဖြည့်စွက်ရေးသားပြီး ပြန်လည်တင်ပြရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ ညွှန်ကြားရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ညွှန်ကြားချက်ကို လက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် ဥပရအမှုလိုက်ပုံစံ (၇-က) တွင် ဖြည့်စွက်ရေးသားပြီး သက်ဆိုင်ရာတရားရုံး များ၏ စီရင်ချက်အမိန့်တာဝန်ခံ မိတ္တူနှင့်အတူ ယင်းစီရင်ချက်အမိန့် တာဝန်ခံမိတ္တူ လက်ခံရရှိသည့် ရက်မှ ငါးရက်အတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

၁၄၉။ အယူခံမှုနှင့် ပြင်ဆင်မှုတို့တွင် ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ချမှတ်သော အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရန် ဆောင် ရွက်ခြင်းဖြစ်လျှင် ခရိုင်ဥပဒေရုံးသည် ဤအခန်းပါ နည်းဥပဒေများအရ လိုအပ်ချက်များကို ဆောင်ရွက် ရမည့်အပြင် သက်ဆိုင်ရာ မြို့နယ်ဥပဒေရုံး၏

Myanmar Law Information System (MLIS)

အမှုလိုက်စာတွဲကိုပါ တောင်းခံပြီး သက်ဆိုင်ရာ တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ ဆောလျင်စွာ တင်ပြရမည်။

၁၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမှု လိုက် အရာရှိ လိုက်ပါဆောင်ရွက်သော အမှုတွင် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်သင့် ကြောင်း တွေ့ရှိပါက အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရောက်နိုင်ရေးအတွက် နည်းဥပဒေ ၁၃၇၊ နည်းဥပဒေခွဲ (င) ပါ စာရွက်စာတမ်းများကို တောင်းခံပြီး စိစစ်ဆောင်ရွက်ရမည်။

၁၅၁။ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားရုံး၏ အပြီးအပြတ်လွှတ်သည့်အမိန့်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၁၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ အယူခံဝင်ရောက်ရာတွင် မူလတရားရုံးအမိန့် ကို အတည်ပြုပြီး အယူခံလျှောက်ထားမှုကို ပလပ်သည့်အမိန့် ချမှတ်လျှင်-

(က) အမှုလိုက်ဥပဒေအရာရှိသည် အယူခံမှုတင်သွင်းကြောင်း စိစစ်တွေ့ရှိပါက ဥပရအမှုလိုက်ပုံစံ (၇-က) နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်တို့၏ စီရင် ချက်အမိန့် တာဝန်ခံမိတ္တူများ လက်ခံရရှိသည့်ရက်မှ သုံးရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်တာဝန်ခံ ဥပဒေအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်တာဝန်ခံ ဥပဒေအရာရှိသည် တင်ပြချက်ကို လက်ခံရရှိသည့်အခါ မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ငါးရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် တင်ပြချက်ကို လက်ခံရရှိသည့်အခါ အယူခံမှုတင်သွင်းရန် သင့် မသင့်ဆုံးဖြတ်ပြီး အယူခံမှုတင်သွင်းသင့်ကြောင်း တွေ့ ရှိပါက မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြချက်ကို လက်ခံရရှိသည့် ရက်မှသုံးရက်အတွင်း ပြည် ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(ခ) အမှုလိုက်ဥပဒေအရာရှိသည် အယူခံမှုတင်သွင်းရန် မသင့်ဟု ယူဆပါက အယူခံမှုတင်သွင်းရန် မ သင့်ကြောင်း အကြောင်းပြချက်ကို အမှုလိုက်စာတွဲတွင် ပြည့်စုံစွာရေးသားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာဝန်ခံဥပဒေအရာရှိထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေ အရာရှိသည် အယူခံမှု တင်သွင်းသင့်သည်ဟု ယူဆပါက မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ချုပ်က အယူခံမှုတင်သွင်းသင့်ကြောင်း ဆုံးဖြတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ် တော်၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူကို တောင်းခံရန် သက်ဆိုင်ရာ အမှုလိုက်ဥပဒေအရာရှိကို ညွှန် ကြားရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က အယူခံမှုတင်သွင်းရန် မ သင့်ကြောင်း ဆုံးဖြတ်ပါက ယင်း၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင် ပြရမည်။

(ဂ) အမှုလိုက်ဥပဒေအရာရှိသည် နည်းဥပဒေခွဲ (ခ) အရ ညွှန်ကြားချက်ကို လိုက်နာ၍ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူ လက်ခံရရှိသည့်ရက်မှ သုံးရက်အတွင်း ဥပရအမှုလိုက် ပုံစံ (၇-က) နှင့်အတူ ပြန်လည် တင်ပြရမည်။ ထိုသို့

ပြန်လည်တင်ပြသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာ ရှိသည် ဥပရအမှုလိုက်ပုံစံ (၇-က) နှင့်အတူ သဘောထားမှတ်ချက် ရေးသားပြီး တင်ပြချက်ကို လက်ခံရ ရှိသည့်ရက်မှ ငါးရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြရမည်။ တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် တင်ပြချက်ကို လက်ခံရရှိသည့်အခါ အယူခံမှုတင်သွင်းရန် သင့် မသင့် ဆုံးဖြတ်ပြီး အယူခံမှုတင်သွင်းသင့်ကြောင်း တွေ့ရှိပါက မိမိ၏ သဘောထားမှတ်ချက်နှင့်အ တူ တင်ပြချက်ကို လက်ခံရရှိသည့် ရက်မှ ခုနစ်ရက်အတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိ ကိုယ်တိုင်လိုက်ပါဆောင်ရွက်သည့် အ မှုတွင် အယူခံမှုတင်သွင်းသင့်ကြောင်း စိစစ်တွေ့ရှိပါက ဥပရအမှုလိုက်ပုံစံ (၇-က) နှင့်အတူ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်တို့၏ စီရင်ချက် အမိန့်တာဝန်ခံမိတ္တူ များ လက်ခံရရှိသည့် ရက်မှသုံးရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံတင်ပြရ မည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် တင်ပြချက်ကို လက်ခံရရှိသည့်အခါ အယူခံ မှုတင်သွင်းရန် သင့် မသင့် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ခု နစ်ရက်အတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

## အခန်း (၁၂)

## တရားမမှုတွင် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်း

၁၅၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တ ရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုတွင် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (ဇ)၊ ပုဒ်မ ၂၆ ပုဒ်မ ခွဲ (ဆ) နှင့် ပုဒ်မ ၃၆ ပုဒ်မခွဲ (င) တို့အရ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်း ပြု ရန် တာဝန်ရှိသည်။

၁၅၃။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ချုပ်ဆိုသော ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင် ရာ စာချုပ်စာတမ်းများ၊ အခြားစာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက အနုညာ တစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ ဖြေရှင်းရာတွင် လိုအပ်သည့် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် ဥပဒေရေး ရာ ကိစ္စများကို ဆောင်ရွက်ရမည်။

၁၅၄။ တရားမမှုစွဲဆိုခြင်း မပြုမီ ဥပဒေအကြံဉာဏ်တောင်းခံခြင်းနှင့်စပ်လျဉ်း၍-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ခရိုင်ဥပဒေရုံးများသည် ဥပဒေအကြံဉာဏ် ပေးခွင့်ရှိသည်။ လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် ပြည်ထောင်စုရှေ့နေ ချုပ်ရုံးသို့လည်းကောင်း၊ ခရိုင်ဥပဒေရုံးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့လည်း ကောင်း၊ မိမိ၏ သဘောထားမှတ်ချက်ကို သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ တင်ပြ၍ လမ်းညွှန် မှုခံယူနိုင်သည်။ အကြံပေးမိတ္တူကို ခရိုင်ဥပဒေရုံးဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ချုပ်ရုံးသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်ပါက ပြည်ထောင်စုရှေ့နေ ချုပ်ရုံးသို့လည်းကောင်း ပေးပို့ရမည်။

Myanmar Law Information System (MLIS)

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် ခရိုင်ဥပဒေရုံးက လမ်းညွှန်မှု တောင်းခံတင် ပြသော ကိစ္စကို ဥပဒေအကြံဉာဏ်ပေးခွင့်ရှိသည်။ လိုအပ်ပါက မိမိ၏ သဘောထားမှတ်ချက်ကို သက် ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြပြီး လမ်းညွှန်မှုခံယူနိုင်သည်။

(ဂ) မြို့နယ်ဥပဒေရုံးသည် မိမိ၏ သဘောထားမှတ်ချက်ကို သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့ တင်ပြပြီး လမ်းညွှန်မှုခံယူရမည်။ ယင်းလမ်းညွှန်ချက်နှင့်အညီ ဥပဒေ အ ကြံဉာဏ်ပေးရမည်။ အကြံပြုချက်မိတ္တူကို သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများသို့ ပေးပို့ရမည်။

၁၅၅။ (က) မြို့နယ်ဥပဒေရုံးသည် တရားမမှုနှင့်စပ်လျဉ်း၍ ပေးပို့မည့် နို့တစ်စာကိုလည်းကောင်း၊ တရား ရုံးတွင် တင်သွင်းမည့် အဆိုအချေ၊ လျှောက်လွှာ၊ ကန့်ကွက်လွှာစသည့် စာရွက်စာတမ်းနှင့် လျှောက်လဲ ချက်များကို လည်းကောင်း ဆောလျင်စွာ ပြုစုပြီး သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့တင်ပြပြီး အတည်ပြု ချက် ရယူရမည်။ ခရိုင်ဥပဒေရုံးသည် မြို့နယ်ဥပဒေရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ခုနစ် ရက်အတွင်း ဆောင်ရွက်ပြီး မြို့နယ်ဥပဒေရုံးသို့ ပြန်ပို့ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ခရိုင်ဥပဒေရုံးများသည် တရားမမှုနှင့်စပ် လျဉ်း၍ နို့တစ်စာပေးပို့ခြင်း၊ အဆိုအချေ၊ လျှောက်လွှာ၊ ကန့်ကွက်လွှာ စသည့် စာရွက်စာတမ်းများနှင့်အ တူ လျှောက်လဲချက်ကို သက်ဆိုင်ရာ တရားရုံးသို့ တင်သွင်းခြင်းပြုနိုင်သည်။

(ဂ) ဥပဒေရုံးအဆင့်ဆင့်သည် တရားမမှု လိုက်ပါဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ခက်ခဲနက်နဲသော ဥပဒေပြဿနာ ပေါ်ပေါက်ပါက တစ်ဆင့်မြင့်ဥပဒေရုံးသို့ ဆောလျင်စွာတင်ပြပြီး လမ်းညွှန်မှုခံယူရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆောလျင်စွာ တင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

(ဃ) အမှုလိုက်ဥပဒေအရာရှိသည် မိမိလိုက်ပါဆောင်ရွက်သော တရားမမှုတွင် စစ်ဆေးကြားနာပြီး နောက် တရားရုံးက စီရင်ချက်၊ အမိန့်နှင့်ဒီကရီ ချမှတ်သည့်ရက်တွင် ဥပဒေအရာရှိကိုယ်တိုင် လက်ခံရ ယူပြီး တရားမ မူလမှုဖြစ်လျှင် ဥပရ အမှုလိုက်ပုံစံ (၉) ကိုလည်းကောင်း၊ တရားမအယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် အထွေထွေ လျှောက်ထားမှုဖြစ်လျှင် ဥပရအမှုလိုက်ပုံစံ (၁၀) ကိုလည်း ကောင်း၊ ဇာရီမှုဖြစ်လျှင် ဥပရအမှုလိုက်ပုံစံ (၁၁) ကိုလည်းကောင်း ဖြည့်စွက်ရေးသားပြီး တာဝန်ခံ ဥပဒေအရာရှိထံ ဆောလျင်စွာ တင်ပြရမည်။

(င) တာဝန်ခံဥပဒေအရာရှိသည် တရားရုံးက စီရင်ချက်၊ အမိန့်နှင့်ဒီကရီ ချမှတ်သည့် ရက်မှ ခုနစ်ရက် အတွင်း နည်းဥပဒေခွဲ (ဃ) ပါသက်ဆိုင်ရာ ပြီးပြတ်ချက်ပုံစံများကို သဘောထားမှတ်ချက်ဖြင့် တစ်ဆင့် မြင့်ဥပဒေရုံးသို့ ပေးပို့ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာဝန်ခံဥပဒေအရာရှိဖြစ်ပါက တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြပြီး အဆိုပါ ပြီးပြတ်ချက်ပုံစံများကို သဘောထားမှတ် ချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တရားရုံးက စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်ရက်မှ ခုနစ် ရက်အတွင်း ပေးပို့ရမည်။

Myanmar Law Information System (MLIS)

(စ) အမှုလိုက်ဥပဒေအရာရှိသည် တရားမမှု လိုက်ပါဆောင်ရွက်ရာတွင် ရုံးချိန်းပျက်ကွက်မှုမရှိစေရေး အတွက် ဆောင်ရွက်ရမည်။ မိမိ၏ပျက်ကွက်မှုကြောင့် အမှုစစ်ဆေးခြင်း၊ တင်ပြခြင်းတို့ နှောင့်နှေးကြန့် ကြာမှု မဖြစ်ပေါ်စေရန် အထူးဂရုပြု ဆောင်ရွက်ရမည်။ တာဝန်ခံဥပဒေအရာရှိသည် တရားမမှုလိုက်ပါ ဆောင်ရွက်သည့် ဥပဒေအရာရှိအား ရုံးချိန်းပျက်ကွက်မှုမရှိစေရန် ကြီးကြပ်ရမည်။

၁၅၆။ ဥပဒေရုံးအဆင့်ဆင့်သည် မိမိတို့လိုက်ပါဆောင်ရွက်သည့် တရားမမှုနှင့်စပ်လျဉ်း၍ တရားရုံး၏ စီ ရင်ချက်၊ အမိန့်နှင့်ဒီကရီတို့မှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း ကိုယ်တိုင်စိစစ်တွေ့ရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တင်ပြလျှင်ဖြစ်စေ ယင်းစီရင်ချက်၊ အမိန့်၊ ဒီကရီတို့နှင့် စပ်လျဉ်း၍ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် အထွေထွေလျှောက်ထားမှုကို သက်ဆိုင် ရာတရားရုံးသို့ တင်သွင်းပေးရန် အောက်ပါစာရွက်စာတမ်းများနှင့်အတူ သဘောထားမှတ်ချက်ဖြင့် တစ် ဆင့်မြင့် ဥပဒေရုံးသို့ တရားရုံးက အမိန့်ချမှတ်သည့်ရက်မှ ၁၄ ရက်အတွင်း တင်ပြရမည်။ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က အမိန့်ချမှတ်သည့်ရက်မှ ၂၁ ရက်အတွင်း တင်ပြရမည်-

(က) တရားမ အမှုလိုက်စာတွဲ၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းက တင်ပြသည့်စာမိတ္တူ၊

(ဂ) တရားရုံး၏ စီရင်ချက်၊ အမိန့်နှင့် ဒီကရီမှန်ကန်ကြောင်း တာဝန်ခံမိတ္တူ၊

(ဃ) လျှောက်ထားခံရသူ၏ နေရပ်လိပ်စာ အပြည့်အစုံ၊

(င) အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် အထွေထွေလျှောက်ထားမှု လျှောက်လွှာစာ ကြမ်း၊

(စ) ကာလစည်းကမ်းသတ်ရက်ကျော်လွန်ပါက ယင်းသို့ ကျော်လွန်ရခြင်းအတွက် ခိုင်လုံသော အ ကြောင်းပြချက်ပါရှိသည့် ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ၊

(ဆ) သက်ဆိုင်ရာ အမှုတန်ဖိုးအလိုက် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်။

၁၅၇။ ခရိုင်ဥပဒေရုံးသည် နည်းဥပဒေ ၁၅၆ အရ မြို့နယ်ဥပဒေရုံးက တင်ပြသည့် အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုနှင့်စပ်လျဉ်း၍ တင်သွင်းသင့်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာ တရားရုံးသို့ ကာလစည်းကမ်းသတ်ရက်အတွင်း တင်သွင်းရမည်။ တင်သွင်းရန် မသင့်ကြောင်းတွေ့ရှိပါက မြို့နယ် ဥပဒေရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ၁၄ ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လမ်းညွှန်မှုခံယူပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ ပြန်လည်သုံးသပ်မှုဖြစ်ပါက တင် သွင်းရန် သင့် မသင့်ကို သဘောထားမှတ်ချက်ဖြင့် မြို့နယ်ဥပဒေရုံးသို့ လက်ခံရရှိသည့်ရက်မှ ခုနစ်ရက် အတွင်း ပြန်ကြားရမည်။

၁၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည်-

(က) ခရိုင်ဥပဒေရုံးက တင်ပြသည့် တရားမအယူခံမှု၊ ပြင်ဆင်မှု သို့မဟုတ် အထွေထွေလျှောက်ထားမှု နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ တင်သွင်းသင့် ကြောင်း တွေ့ရှိပါက

Myanmar Law Information System (MLIS)

ခရိုင်ဥပဒေရုံး၏ တင်ပြချက်ကို လက်ခံရရှိသည့်ရက်မှ ၁၄ ရက်အတွင်း ပြည် ထောင်စုရှေ့နေချုပ်ရုံးသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လမ်းညွှန်မှုခံယူပြီး ပြည်ထောင်စုရှေ့နေ ချုပ်ရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ ပြန်လည်သုံးသပ်မှု ဖြစ်ပါက တင်သွင်းရန် သင့် မ သင့်ကို သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့ လက်ခံရရှိသည့်ရက်မှ ခုနစ်ရက်အ တွင်း ပြန်ကြားရမည်။

(ခ) တရားမမူလမှုတွင် ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဒီကရီတို့ကို ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ ပြင်ဆင်မှု၊ အယူခံမှု သို့မဟုတ် အထွေထွေလျှောက်ထားမှု တင်သွင်းသင့်ကြောင်း တွေ့ရှိလျှင် ဖြစ်စေ၊ အယူခံမှုတွင် ချမှတ်သည့် အယူခံဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဒုတိယအယူခံ မှုတင်သွင်းသင့်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ တရားရုံးသို့ ပြန်လည်သုံးသပ်မှု တင်သွင်းသင့် ကြောင်း တွေ့ရှိလျှင်ဖြစ်စေ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ နည်းဥပဒေ ၁၅၆ တွင်ဖော်ပြထားသည့် စာ ရွက်စာတမ်းများ ပူးတွဲ၍ တင်ပြရမည်။ ထိုသို့တင်ပြရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်သွင်းရမည့် ကာလစည်းကမ်းသတ်ရက်အတွင်း တင်ပြရမည်။

၁၅၉။ ဥပဒေရုံးအဆင့်ဆင့်သည်-

(က) တရားလိုဘက်မှလိုက်ပါသော တရားမမှုတွင် အနိုင်ဒီကရီရရှိပါက သက်ဆိုင်ရာ တရားရုံးသို့ ကာ လစည်းကမ်းသတ်ရက်အတွင်း တရားမ ဇာရီမှု လျှောက်ထားရမည်။

(ခ) တရားလိုဘက်မှဖြစ်စေ၊ တရားပြိုင်ဘက်မှဖြစ်စေ လိုက်ပါသော တရားမမှုပြီးပြတ်၍ တရားရုံး၏ ဒီကရီကို အတည်ပြုသည့် ဇာရီမှုတွင် အမှုလိုက်ပါဆောင်ရွက်ရမည်။

(ဂ) ဇာရီမှုတွင်ချမှတ်သည့် ကြားဖြတ်အမိန့်၊ အပြီးသတ်အမိန့်ကို မကျေနပ်ပါက မြို့နယ်ဥပဒေရုံးဖြစ် လျှင် သက်ဆိုင်ရာ ခရိုင်ဥပဒေရုံးသို့ အမိန့်ချမှတ်သည့်ရက်မှ ခုနစ်ရက်၊ ခရိုင်ဥပဒေရုံးဖြစ်လျှင် သက် ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသို့ အမိန့်ချမှတ်သည့်ရက်မှ ၁၄ ရက်၊ တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးဖြစ်လျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အမိန့်ချမှတ်သည့်ရက်မှ ၂၁ ရက်အတွင်း တင်ပြရမည်။

## အခန်း (၁၃)

## ပြည်ထောင်စုအဆင့်ခုံရုံးနှင့် ပြည်ထောင်စုအဆင့်ဌာနတို့က ကြားနာသည့် အမှုတွင် လိုက်ပါဆောင်ရွက်ခြင်း

၁၆၀။ တရားစွဲနှင့်အမှုလိုက်ဌာနသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လျှောက်ထားသည့် စာချွန်တော်အမိန့် လျှောက်ထားမှု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လိုက်ပါဆောင်ရွက်ရ သည့် အမှုတို့တွင် နိုင်ငံတော်ဘက်မှဖြစ်စေ၊ ရုံးသဟာယ အဖြစ်ဖြင့်ဖြစ်စေ လိုက်ပါဆောင်ရွက်ရန် တာ ဝန်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသူ သို့မဟုတ် တင်သွင်းခံရသူအဖြစ် ပါဝင်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက ကြားနာသည့် တင်သွင်းလွှာနှင့် စပ်လျဉ်း၍ လိုအပ်သည့်

Myanmar Law Information System (MLIS)

စာရွက်စာတမ်းတင်သွင်းခြင်း၊ ရုံးချိန်းလက်ခံခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး ကိုယ်စား ဆောင်ရွက်နိုင်သည်။

၁၆၁။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ လျှောက်ထားသည့် အောက်ပါစာချွန်တော်အမိန့် လျှောက် ထားမှုများတွင် နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည် ထောင်စုရှေ့နေချုပ်ထံ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာ ပေးပို့ပါက တရားစွဲနှင့် အမှုလိုက်ဌာန သည် လျှောက်ထားသူဘက်မှဖြစ်စေ၊ လျှောက်ထားခံရသူဘက်မှဖြစ်စေ၊ လျှောက်ထားသူနှင့် လျှောက် ထားခံရသူများ အပေါ်တွင်ဖြစ်စေ၊ ရုံးသဟာယအဖြစ်ဖြင့် ဖြစ်စေ ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်ရ မည်-

(က) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊

(ခ) အာဏာပေးစာချွန်တော်အမိန့်၊

(ဂ) အာဏာပိုင်မေးစာချွန်တော်အမိန့်၊

(ဃ) အမှုခေါ်စာချွန်တော်အမိန့်၊

(င) တားမြစ်စေစာချွန်တော်အမိန့်။

၁၆၂။ တရားစွဲနှင့် အမှုလိုက်ဌာနသည်-

(က) လျှောက်ထားသူက လျှောက်ထားသော စာချွန်တော်အမိန့်ကို မည်သည့်အတွက်ထုတ်မပေးသင့် ကြောင်း အကြောင်းပြရန် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** မှတစ်ဆင့် ချအပ်သောဆင့်စာကို လက် ခံရရှိသော လျှောက်ထားခံရသူက လက်မှတ်ရေးထိုးထားသည့် ပြန်ကြားအစီရင်ခံစာ မိတ္တူနှင့် ပြန်လှန် ကျမ်းကျိန်လွှာမိတ္တူတို့ကို လျှောက်ထားခံရသူထံမှ လက်ခံရယူရမည်။

(ခ) လျှောက်ထားခံရသူ၏ ကိုယ်စားလှယ်လွှဲစာ ရယူရမည်။

(ဂ) လျှောက်ထားခံရသူမှာ ပြည်ထောင်စုအဆင့်ဌာနတစ်ခုခုဖြစ်ပါက ယင်းဌာန၏ အကြီးအမှူးက ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူပေးပို့သော စာချွန်တော်အမိန့် လျှောက်ထားမှုတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က လိုက်ပါဆောင်ရွက်ပေးရန် ညွှန်ကြား အကြောင်းကြားစာကို လက်ခံရရှိလျှင် လိုက်ပါဆောင်ရွက်ရမည်။

(ဃ) လျှောက်ထားခံရသူသည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ယင်း၏အထက် တာဝန်ရှိ သူတစ်ဦးဦးဖြစ်ပါက ယင်းကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သည့် တာဝန်ရှိသူ တစ်ဦးဦးက ဖြစ်စေ ပြန်ကြားအစီရင်ခံစာမိတ္တူ၊ ပြန်လှန် ကျမ်းကျိန်လွှာမိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာ တို့ လာရောက်တင်သွင်းပါက လက်ခံရမည်။

(င) လျှောက်ထားခံရသူသည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏အောက်အဆင့်တာဝန်ရှိသူတစ်ဦးဦး ဖြစ်ပါက ယင်း၏ ပြန်ကြားအစီရင်ခံစာမိတ္တူ၊ ပြန်လှန်ကျမ်းကျိန်လွှာ မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာတို့ ကို ကိုယ်တိုင်လာရောက်တင်သွင်းလျှင် လက်ခံရမည်။

Myanmar Law Information System (MLIS)

၁၆၃။ တရားစွဲနှင့်အမှုလိုက်ဌာနသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ကြားနာမည့် တင် သွင်းလွှာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြည်ထောင်စုရှေ့နေချုပ်အား ရုံးသဟာယ အဖြစ် ဖိတ်ကြားလျှင်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသူ သို့မဟုတ် တင်သွင်းခံရ သူအဖြစ် ပါဝင်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ကြားနာမည့် တင်သွင်းလွှာနှင့် စပ် လျဉ်း၍လည်းကောင်း ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်ရမည်။

၁၆၄။ တရားစွဲနှင့်အမှုလိုက်ဌာနသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ခုံအဖွဲ့၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲခုံအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ခုံအဖွဲ့တို့က ရွေးကောက်ပွဲ ကန့်ကွက်လွှာကို စိစစ်ကြားနာရာတွင် ပြည်ထောင်စုရှေ့နေချုပ်အား ရုံးသဟာယအဖြစ် ဖိတ်ကြားပြီး ဥပဒေအကြံဉာဏ်တောင်းခံလျှင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၆၅။ တရားစွဲနှင့်အမှုလိုက်ဌာနသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ခုံအဖွဲ့၊ အမျိုးသား လွှတ်တော် ရွေးကောက်ပွဲခုံအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲခုံအဖွဲ့တို့က ရွေး ကောက်ပွဲကန့်ကွက်လွှာကို စိစစ်ကြားနာပြီး ချမှတ်သည့် ဆုံးဖြတ်ချက်၊ အမိန့်များနှင့်စပ်လျဉ်းသည့် အ ယူခံမှုနှင့် ပြင်ဆင်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြားနာရာတွင် ပြည်ထောင်စုရှေ့ နေချုပ်အား ရုံးသဟာယအဖြစ် ဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖိတ်ကြား လျှင် ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၆၆။ တရားစွဲနှင့်အမှုလိုက်ဌာနသည် ပြည်ထောင်စုအဆင့် ဌာနများက ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင် ရွက်သော ခုံအဖွဲ့တွင် ပြည်ထောင်စုရှေ့နေချုပ်အား ရုံးသဟာယအဖြစ် ဆောင်ရွက်ပေးပါရန် ဖိတ်ကြား လျှင် ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၆၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသူ သို့မဟုတ် တင်သွင်းခံရသူအဖြစ်ပါဝင်သော နိုင်ငံတော်ဖွဲ့စည်းပုံ အ ခြေခံဥပဒေဆိုင်ရာခုံရုံးက ကြားနာသည့် တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ယင်းကိုယ်စား ဆောင်ရွက်ပေးရန် အကြောင်းကြားလျှင် ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်ရမည်။

## အပိုင်း ၈

## စီမံရေးရာဌာန ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

### အခန်း (၁)

### ဌာနခွဲများ ဖွဲ့စည်းခြင်း

၁၆၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံရေးရာဌာနကို အောက်ပါဌာနခွဲများဖြင့် ဖွဲ့စည်းထားရှိသည်-

(က) ဝန်ထမ်းရေးရာနှင့် စစ်ဆေးရေးဌာနခွဲ၊

(ခ) ဘတ်ဂျက်၊ ငွေစာရင်းနှင့် ထောက်ပံ့ဌာနခွဲ၊



Myanmar Law Information System (MLIS)

(ဂ) လေ့ကျင့်နှင့် သုတေသနဌာနခွဲ၊

(ဃ) သတင်းအချက်အလက်နည်းပညာဌာနခွဲ။

**အခန်း (၂၂)**

**စီမံရေးရာဌာန၏ လုပ်ငန်းတာဝန်များ**

၁၆၉။ ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံရေးရာဌာနသည် ဝန်ထမ်းရေးရာနှင့် စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ် နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ အပါအဝင်ဝန်ထမ်းများ ခန့်ထားခြင်း၊ အတည်ပြုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဌာနဆိုင်ရာ အရေးယူခြင်း၊ ခွင့်ပေးခြင်း၊ အငြိမ်းစားပေးခြင်းနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း၊

(ခ) ဥပဒေရုံးအဆင့်ဆင့်၏ ဝန်ထမ်းရေးရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ကျွမ်းကျင်သူများ ခန့်ထားခြင်း၊

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ထောက်ခံတင်ပြခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ဆု ချီးမြှင့်ရန် စီမံဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၏ အင် အားစာရင်းချုပ်ကို ပြုစုခြင်း၊

(စ) ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိနှင့် ခရိုင်ဥပဒေအရာရှိများ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကိစ္စရပ်များ စီမံဆောင်ရွက်ခြင်း၊

(ဆ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်၏ ဝန်ထမ်းအင်အားဖွဲ့စည်းခြင်းနှင့် ဥပဒေရုံး အဆင့်ဆင့်ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဇ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၏ ကိုယ် ရေးမှတ်တမ်း၊ အမှုထမ်းဖြစ်စဉ်မှတ်တမ်း၊ အကဲဖြတ်မှတ်တမ်းနှင့် စာရင်းဇယားများ ပြုစုထိန်းသိမ်း ခြင်း၊

(ဈ) ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိဌာနအသီးသီး၏ ရုံးလုပ်ငန်းကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေး မှူးချုပ်က တစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်စစ်ဆေးစေခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများကို ပုံမှန်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ပါက အခါအားလျော်စွာ အထူးစစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊

(ဋ) စာရင်းရုံးက စစ်ဆေးပြီးပေးပို့သည့် စာရင်းစစ်အစီရင်ခံစာပါ အကြံပြုချက်နှင့် စပ်လျဉ်း၍ ဖြည့် ဆည်းဆောင်ရွက်မှုကို စိစစ်ခြင်း၊

(ဌ) ဘဏ္ဍာရေးကိစ္စနှင့်စပ်လျဉ်း၍ ဌာနတွင်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး စစ်ဆေးခြင်း၊

Myanmar Law Information System (MLIS)

(ဍ) ဥပဒေရုံးများ၏ ကြည့်ရှုစစ်ဆေးချက်မှတ်တမ်းအရ ပေါ်ပေါက်သည့် ဆောင်ရွက်ရမည့် ကိစ္စရပ်ကို ဆက်လက်အရေးယူဆောင်ရွက်ခြင်း၊

(ဎ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ အမှုတွဲခန်းများကို စနစ်တကျ စီမံထားရှိစေ ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဏ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်၏ လုံခြုံရေးကိစ္စ ဆောင်ရွက်ခြင်း၊

(တ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၏ သာ ရေး၊ နာရေးနှင့် လူမှုရေးကိစ္စများ ဆောင်ရွက်ခြင်း။

၁၇၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံရေးရာဌာနသည် ဘတ်ဂျက်၊ ငွေစာရင်းနှင့် ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ခရိုင်ဥပဒေရုံးများ၏ အသုံးစရိတ် အတွက် ရသုံးမှန်းခြေငွေစာရင်းပြုစုရေးဆွဲခြင်းနှင့် အချိန်မီ တင်ပြတောင်းခံခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးများ သို့ ရန်ပုံငွေ ခွဲဝေပေးခြင်း၊

(ဂ) ခွဲဝေပေးသည့် အသုံးစရိတ်ကို ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်း သိမ်းရေးနည်းလမ်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် လချုပ်ငွေစာရင်း အချိန် မီပေးပို့ခြင်း ရှိ မရှိတို့ကို စိစစ်မှုစာရင်းထားရှိ၍ စိစစ်ခြင်း၊

(ဃ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းရေးဆွဲခြင်း၊ ရန်ပုံငွေခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနှင့် ပိုလျှံငွေ ပြန်လည်အပ်နှံခြင်းကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(င) မီးဘေး၊ ရေဘေး၊ လေဘေး ချေးငွေများနှင့် မိုးတွင်းရိက္ခာချေးငွေများကို စိစစ်ပြီးခွင့်ပြုခြင်း၊

(စ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ် ရန် မြေနေရာရှာဖွေခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်းနှင့် ငှားရမ်းခြင်း တို့ကို ကြီးကြပ်ခြင်းနှင့် ဆောင်ရွက်ခြင်း၊

(ဆ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဥပဒေရုံးများအတွက် ရုံးအသုံးအ ဆောင်ပစ္စည်း ဝယ်ယူဖြန့်ဖြူးခြင်း၊

(ဇ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဥပဒေရုံးများတွင် အသုံးပြုရန် မော် တော်ယာဉ်ဝယ်ယူခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဈ) ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဝန်ထမ်းများအတွက် မော်တော်ယာဉ် ကြို၊ ပို့လုပ်ငန်း စီစဉ်ဆောင် ရွက်ခြင်း၊

(ည) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၇၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံရေးရာဌာနသည် လေ့ကျင့်နှင့် သုတေသနဆိုင်ရာကိစ္စရပ်နှင့် စပ် လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရွေးချယ်ခန့်ထားပြီးသော အစမ်းခန့် ဥပဒေအရာရှိအသစ်နှင့် ဝန်ထမ်းအသစ်များအတွက် လုပ်ငန်းခွင်ဝင်သင်တန်းပေးခြင်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သို့ သင်တန်းတက်ရောက်ရန် စေလွှတ်ခြင်း၊

(ခ) ဥပဒေအရာရှိများနှင့် ဝန်ထမ်းများကို အရည်အချင်းတိုးမြှင့်စေရန် သင်တန်းနှင့် မွမ်းမံသင်တန်း များ ဖွင့်လှစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ ဥပဒေအရာရှိနှင့် ဝန်ထမ်းများ တက်ရောက်နိုင်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) သင်တန်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်က ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက် ပေးခြင်းနှင့် ဥပဒေဆိုင်ရာ ဘာသာရပ်အလိုက် ပို့ချချက်အကျဉ်းပြုစုဆောင်ရွက်ခြင်း၊

(င) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လိုအပ်သော ကျွမ်းကျင်သူ များ ခန့်ထားနိုင်ရန်နှင့် လိုအပ်သောကိစ္စရပ်များကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပညာရပ်ဆိုင်ရာသင်တန်း၊ ဆွေးနွေးပွဲနှင့် အစည်း အဝေးများ ကျင်းပပြုလုပ်ခြင်း၊

(ဆ) နှစ်အလိုက်ဥပဒေစာအုပ်၊ နည်းဥပဒေစာအုပ်၊ ဘာသာပြန်ဥပဒေစာအုပ်၊ ဥပဒေလက်စွဲ၊ ဥပဒေရည် ညွှန်းစာစောင်၊ ဥပဒေပညာဂျာနယ်နှင့် အခြားဥပဒေ စာအုပ်စာတမ်းများ ပြုစုထုတ်ဝေခြင်း၊ ထိန်းသိမ်း ခြင်း၊ ဖြန့်ချိခြင်းနှင့် ရောင်းချခြင်း၊

(ဇ) ဥပဒေဆိုင်ရာသုတေသန စာတမ်းများပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ချက်များကို လေ့လာ ပြီး မှတ်တမ်းထားရှိခြင်းနှင့် ဥပဒေရေးရာ သုတေသန စာတွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေပညာဖြန့်ဖြူးခြင်းဆိုင်ရာ စီမံချက် ရေးဆွဲဆောင်ရွက်ခြင်း၊

(ည) ပြည်ထောင်စုရှေ့နေချုပ်ရုံး စာကြည့်တိုက်ဆိုင်ရာ ကိစ္စရပ်ကို စီမံကြီးကြပ်ခြင်း၊

(ဋ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစီရင်ခံစာ၊ မှတ်တမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

၁၇၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံး စီမံရေးရာဌာနသည် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကိစ္စ ရပ်နှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစနစ်ကျင့်သုံး၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ၏ ရုံးလုပ်ငန်းများ ခေတ်မီတိုးတက်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံတော်ကချမှတ်သည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ကာလတို၊ ကာလရှည် စီမံ ကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်နေသည့် ဥပဒေအ ရာရှိများနှင့် ဝန်ထမ်းများ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အသိပညာ နှင့် ကျွမ်းကျင်မှုများ မြှင့်တင်ပေးနိုင်ရန် သင်တန်းပို့ချခြင်း၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကိစ္စရပ်ကို ထိ ရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကော်မတီ၊ လုပ်ငန်းကော်မတီ များ ဖွဲ့စည်းခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၇၃။ ဥပဒေရုံးအဆင့်ဆင့်သည် အောက်ပါစီမံရေးရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စရပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မိမိ၏ ကြီးကြပ်မှုအောက်ရှိ ဝန်ထမ်းအင်အားစာရင်း ပြုစုပေးပို့ခြင်း၊

(ဂ) ရုံးအသုံးစရိတ်အတွက် ရသုံးမှန်းခြေငွေစာရင်း ပြုစုခြင်းနှင့် အချိန်မီတင်ပြခြင်း၊

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ဆု ချီးမြှင့်ရန် ထောက်ခံ တင်ပြခြင်း၊

(င) မိမိရုံးနှင့် မိမိကြီးကြပ်မှုအောက်ရှိ ဥပဒေရုံးများကို တစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်ကြည့်ရှုစစ်ဆေး ခြင်း၊ လိုအပ်ပါက အခါအားလျော်စွာ အထူးစစ်ဆေးခြင်းနှင့် ရှောင်တခင် စစ်ဆေးခြင်း၊

(စ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ များ ဆောက်လုပ်ရန် မြေနေရာရှာဖွေခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ငှားယူခြင်း၊

(ဆ) ဥပဒေရုံးတွင် အသုံးပြုရန် မော်တော်ယာဉ်ဝယ်ယူခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဇ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစနစ်ကျင့်သုံး၍ ရုံးလုပ်ငန်းကို ခေတ်မီတိုး တက်စေရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများ မြှင့်တင်ပေးနိုင်ရန် သင်တန်းပို့ချခြင်း၊

(ည) ပြည်ထောင်စုရှေ့နေချုပ်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လို အပ်သည့် ပညာရပ်ဆိုင်ရာသင်တန်း၊ ဆွေးနွေးပွဲနှင့် အစည်းအဝေးများ အခါအားလျော်စွာ ကျင်းပပြု လုပ်ခြင်း၊

(ဋ) ဥပဒေဘာသာရပ်အလိုက် သုတေသနပြုလုပ်ခြင်း၊ စာတမ်းဖတ်ပွဲပြုလုပ်ခြင်းနှင့် ဥပဒေပညာ ဖြန့် ဖြူးခြင်းဆိုင်ရာ စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ နှစ်ရှည်မဟာဗျူဟာ စီမံကိန်းနှင့်အညီ လိုက်လျောညီထွေသည့် ကာ လရှည်နှင့် ကာလတို မဟာဗျူဟာစီမံကိန်းများ ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက် ရယူခြင်း၊

(ဍ) စာကြည့်တိုက်ဆိုင်ရာ ကိစ္စရပ်ကို စီမံကြီးကြပ်ခြင်း၊

(ဎ) ရုံးဌာနနှင့် သက်ဆိုင်သော အစီရင်ခံစာ၊ မှတ်တမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

(ဏ) ရုံးလုံခြုံရေးနှင့် ရုံးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ် ခြင်း၊



Myanmar Law Information System (MLIS)

(တ) ဝန်ထမ်းများ၏ သာရေး၊ နာရေးနှင့် လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၇၄။ ဥပဒေရုံးအဆင့်ဆင့်သည် မိမိကြီးကြပ်မှုအောက်ရှိ ဥပဒေရုံးများတွင် ဝန်ထမ်းခန့်ထားခြင်း အ တည်ပြုခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဌာနဆိုင်ရာ အရေးယူခြင်း၊ ခွင့်ပေးခြင်း နှင့် အငြိမ်းစားပေးခြင်းဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အပိုင်း ၉

## အထွေထွေ

၁၇၅။ ဒုတိယရှေ့နေချုပ်သည် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုရှေ့နေချုပ်က သတ်မှတ် သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။

၁၇၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် ဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ (ဍ) အရ ပြည်ထောင် စုရှေ့နေချုပ်က လွှဲအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၁၇၇။ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် ဥပဒေပုဒ်မ ၃၄ အရ ပြည်ထောင်စု ရှေ့နေချုပ်က လွှဲအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၁၇၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ရုံးအဖွဲ့၊ ဥပဒေများစိစစ်အကြံပြုရေးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေး ဌာန၊ တရားစွဲနှင့် အမှုလိုက်ဌာနနှင့် စီမံရေးရာဌာနတို့သည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင် ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်၏ လွှဲအပ်တာဝန်ပေးချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၇၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၏ ရုံးအဖွဲ့နှင့် ဌာနအသီးသီးသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ လွှဲအပ်တာဝန်ပေးချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၈၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စီမံခန့်ခွဲသည့် တည်ဆဲဥပဒေ သို့မဟုတ် နည်းဥပဒေတစ်ရပ်ရပ် သည် အများပြည်သူအတွက် အကျိုးမရှိခြင်း၊ ပြောင်းလဲလာသည့် အခြေအနေနှင့် ဆီလျော်မှုမရှိခြင်း စ သည့် အကြောင်းတစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မ ဟုတ် ပယ်ဖျက်ခြင်းများပြုရန် သင့် မသင့်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သက်ဆိုင်ရာဌာနက ပြည် ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်နှင့်အညီ စိစစ်သုံးသပ်တင်ပြရမည်။

၁၈၁။ နည်းဥပဒေ ၁၈၀ ပါအတိုင်း စိစစ်သုံးသပ်ချက်အရ တည်ဆဲဥပဒေ သို့မဟုတ် နည်းဥပဒေတစ်ရပ် ရပ်ကို ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အစားထိုးရန် သို့မဟုတ် ပယ်ဖျက်ရန်ဖြစ်စေ၊ ဥပဒေအ သစ်ပြဋ္ဌာန်းရန်ဖြစ်စေ အကြောင်းပေါ်ပေါက်သည့်အခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သက်ဆိုင်ရာ ဌာန သည် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေမူကြမ်း သို့မဟုတ် နည်းဥပဒေများမူ ကြမ်းကို ရေးဆွဲပြီး ဥပဒေ သို့မဟုတ် နည်းဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သလို ဆက်လက် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများက လိုအပ်သလို ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

၁၈၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ တာဝန်ခံဥပဒေအရာ ရှိတို့သည် ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန်ပေးအပ်ချက်အရ ဥပဒေရေးရာနှင့် စပ်လျဉ်း၍ ကြည့်ရှုစစ် ဆေးရန် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ လိုအပ်သည့် အမိန့်၊ ဆုံးဖြတ် ချက်၊ ညွှန်ကြားချက်၊ ဆောင်ရွက်ချက်၊ အမှုတွဲနှင့် အခြားစာရွက်စာတမ်းများကို တောင်းယူနိုင်သည်။

၁၈၃။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာ ချုပ်စာတမ်းများကို စိစစ်အကြံပြုရာတွင်လည်းကောင်း၊ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို စိစစ် အကြံပြုရာတွင်လည်းကောင်း၊ အထွေထွေဥပဒေအကြံဉာဏ်ပေးရာတွင်လည်းကောင်း၊ တရားစွဲဆိုခြင်း မပြုမီ ဥပဒေအကြံဉာဏ်ပေးရာတွင်လည်းကောင်း လျှို့ဝှက်အဆင့် သတ်မှတ်၍ ဆောင်ရွက်ရမည်။

၁၈၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အသုံး ပြုရမည့် မှတ်ပုံတင်စာအုပ်၊ အမှုတွဲနှင့် အစီရင်ခံစာများ၏ ပုံစံတို့ကို သတ်မှတ်ရမည်။

၁၈၅။ ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေအရ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁ ဖြင့် ထုတ်ပြန်ခဲ့သော ရှေ့ နေချုပ်နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ပယ်ဖျက်လိုက်သည်။

ဒေါက်တာထွန်းရှင်
ပြည်ထောင်စုရှေ့နေချုပ်

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဥပရအမှုလိုက်ပုံစံ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဥပရအမှုလိုက်ပုံစံ (၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ဥပရအမှုလိုက်ပုံစံ (၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ဥပရအမှုလိုက်ပုံစံ (၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ဥပရအမှုလိုက်ပုံစံ (၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ဥပရအမှုလိုက်ပုံစံ (၆) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ဥပရအမှုလိုက်ပုံစံ (၇) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ဥပရအမှုလိုက်ပုံစံ (၇-က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ဥပရအမှုလိုက်ပုံစံ (၈) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်ရုံး အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရန် သင့် မသင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်ရုံးက စိစစ်ခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ဥပရအမှုလိုက်ပုံစံ (၈-က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး နေပြည်တော် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရန် သင့် မသင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက စိစစ်ခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ဥပရအမှုလိုက်ပုံစံ (၉) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ဥပရအမှုလိုက်ပုံစံ (၁၀) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ဥပရအမှုလိုက်ပုံစံ (၁၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုရှေ့နေချုပ်ရုံး

Myanmar Law Information System (MLIS)